
www.burmeseclassic.com

# ရင်မြွှာတစ်နိုး

## ငယ်ချစ်ဦးရယ်ရှုးချင်တယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချုံး(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (မြ-၁၀၀၉၈)
(ရွှေခြေသုံပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀၀ ကျပ်

ဖြန့်ချိရေး - စိုးလပြည့်စာပေ
အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၈၉၄

၈၉၅-၈၃

ရှင်မြတ်နိုး
ယဉ်ချစ်ဦးရယ် ရှုချင်တယ်/ရှင်မြတ်နိုး။ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၄။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ယဉ်ချစ်ဦးရယ် ရှုချင်တယ်

BURMESE CLASSIC

## အခန်း ( ၁ )

စိမ်ရေရွာလေးရဲ့ ငွေကြေးအသင့်အတင့် ချမ်းသာသော အလယ်အလတ် မိသားစုလေးတွင် မဥူရီကို မွေးဖွားလာခဲ့သည်။

မဥူရီ၏အမေ ဒေါ်ငွေသော်က စိတ်ကြီးဝင်နေသူဖြစ်၏။ သမီးလေးတစ်ယောက် မွေးထားတာ ဖြူဖြူစင်စင်လေးပါ။ ချောမော၍ မြို့ဆန်ဆန်နာမည်လေး မဥူရီဟု မှည့်ထားခဲ့တော့သည်။

ခင်ပွန်းဖြစ်သူ ကိုကျော်ခေါင်က ... အရှာအဖွေကောင်းသူ။ တောမြို့လေးမှာတော့ မျက်နှာဖုံးပဲ။

"ကိုကျော်ခေါင် ကျွန်မတို့မြို့တက်ရအောင်ပါ၊ ဒီမှာ နေထိုင်ရတာ သမီးလေးသိမ်ငယ်တယ် ... ပြီးတော့လေ ဒီမြို့လေးက တောကျားတစ်ယောက်ယောက်နဲ့ ငြိစွန်းသွားမှာလည်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လေ"

ဒေါ်ငွေသော် စိတ်ပူမိနေတာက ... ခင်ယော်နဲ့သမီးလေး ခင်မှာကြိုင် ...

ခင်ယော် ...

မှုန်ရည်လေး သနားကမားနဲ့ သမီးမဉ္ဇူရီက ခင်မင်လွန်းနေသည်။

မဖြစ်ဘူး ...

သမီးလေး ခင်ယော်နဲ့ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ။

မဉ္ဇူရီကို မှည့်တစ်ပေါက်လေးတောင် အစွန်းအထေး မခံနိုင်ပါဘူး။

မကြာခင် ...

ကိုကျော်ခေါင့်မိတ်ဆွေ မြို့ကသူဌေးသားအဖ ရောက်လာမည်ဖြစ်သည်။

"ရှင့်သူငယ်ချင်း ကုမ္ပဏီပိုင်ရှင်ကြီးနဲ့ ... သူ့သားလာမယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါကြောင့် လိုအပ်တာတွေ ပြင်ဆင်နိုင်းတာပေါ့"

"သော် ပြင်ဆင်ထားပါတယ် ... သမီးလေးအတွက်ပါ မြို့ကို





တစ်ခါတည်း ထည့်လိုက်ရင် ကောင်းမလားဟင်"

"ကောင်းသားပဲ ငါလည်းအရိပ်အမြွက် ပြောဆိုထားပြီးပါပြီ"

"ဟုတ်လား ... သော်လေ သမီးကို စိမ်ရှေ့ရှာက ဟိုကောင် ခင်ယော်လေ၊ မိညိုသားနဲ့ငြိစွန်းသွားမှာ အရမ်းကြောက်တယ်"

"အင်းလေ ... ခင်ယော်ကိုမမုန်းပေမယ့် သမီးမဉ္ဇူရီက တော့ ငါ့သူငယ်ချင်းသားနဲ့ပဲ ရည်မှန်းထားတယ်လေ"

"ဒါကြောင့် ... သမီးကို မြို့မှာထားတော့မယ်၊ လူငယ်ချင်းနီးအောင်လေ၊ မြို့သားနဲ့ပဲ လက်ထပ်စေရမယ်"

ခင်ယော် နင်က ဘာကောင်လဲ။

ခင်ယော့်အမေ မခင်ညိုက လည်ပင်းဖက် ပေါင်းသင်းလာခဲ့ပေမယ့် အိမ်ထောင်တွေကျတော့ မိမိက ငွေကြေးအဆင်မြေသွားသည်။

"သော် ... ငါဝယ်စရာရှိတာတွေ ဝယ်ဖို့သွားဦးမယ်နော်၊ သူဌေးဦးအုပ်စိုးနဲ့ သူ့သားနောင်သုတဦးတို့ ... ရောက်လာရင် ဘာမှလိုလေသေးမရှိအောင် ဧည့်ခံရမယ်ကွ"

ကုမ္ပဏီပိုင်ရှင်သူဌေးဆိုတော့ ... ဒေါ်ငွေသော်စိတ်တွေ လှုပ်ရှားနေသည်။

နိုင်ငံခြားကို ပစ္စည်းတင်ပို့တဲ့သူတွေ ...



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ခေါင်နဲ့ စီးပွားဖက်တွေပဲ။

ကိုကျော်ခေါင် ထွက်သွား၏။

သမီးလေးမဥ္ဇူရီကို ဒေါ်ငွေသော် ဆုံးမစကားတွေပြောဖို့ ထွက်လာခဲ့သည်။

"မဥ္ဇူရီ"

"ရှင် ... အမေ"

"ဟဲ့ မေမေလို့ခေါ်စမ်းပါ ... ဘာအမေလဲ"

"အမေကလဲ ငယ်ငယ်လေးထဲက အမေလို့ခေါ်လာတော့ နှုတ်ကျိုးနေပြီလေ"

"နှုတ်ကျိုးမနေနဲ့တော့ မေမေပဲခေါ်၊ မကြာခင် ... မြို့က သမီး ဖေဖေမိတ်ဆွေ ကုမ္ပဏီပိုင်ရှင်သားအဖ ရောက်လာလိမ့်မယ်"

"အဲဒါ ... မဥ္ဇူရီနဲ့ ဘာဆိုင်လို့လဲ"

"ညည်း ... သူတို့နဲ့လိုက်သွားရမယ်လေ"

"ဟင်"

"မြို့မှာ ကျောင်းသွားတက်ရမယ်၊ သမီးပညာရေးအတွက်ပဲ"

"အမေကလဲ"

"ခေါ်ပြန်ပြီ ဒီအမေ ... တောဆန်မနေစမ်းပါနဲ့ မဥ္ဇူရီရယ် မကြာခင် ... မေမေတို့လည်း ရန်ကုန်ကို ပြောင်းကြမှာလေ"





အမေ ဂုဏ်ပကာသနတွေမက်မောနေတာ မဥ္ဇူရီမကြိုက်။

ပတ်ဝန်းကျင်အား အထင်အမြင် သေးနေတာလည်း သဘောမကျ။

အထူးသဖြင့် ...

ဇင်ယော်နှင့်ခင်မင်တာ အမေက အတင်းအကြပ် တားဆီးနေသည်။

"ဒီတော့ သမီးကို မေမေသတိပေးချင်တာက ဇင်ယော်နဲ့ မပတ်သက်ဖို့ပဲ"

"အမေကလဲ"

"ညည်းကို မေမေလို့ခေါ်ပါလို့ ... ပြောထားတယ်လေ ခေါ်စမ်း မေမေလို့ ... "

"မေမေ ... ကဲ ... ကျေနပ်ပြီလား"

"မြို့ကရောက်လာမယ့် သူဌေးတွေ အထင်သေးမယ်၊ တောမဆန်ပါနဲ့ မဥ္ဇူရီရယ်"

တကယ်ပါပဲ မေမေကြောင့်ခက်နေသည်။

"ဇင်ယော်လိုကောင်လေးက ဘာအထင်ကြီးစရာရှိလို့လဲ မဥ္ဇူရီ ... မအေမုဆိုးမမှာ လယ်လေးငါးကွက်လောက်ပိုင်တာ၊ ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးညိုက အမေ့ရဲ့ငယ်သူငယ်ချင်းလေ၊ သူများတွေပြောတာတော့ ငယ်ငယ်က အမေ့ထက်ပိုက်ဆံရှိတာဆို"

"စကားမများစမ်းနဲ့မဍ္ဍူရီ မေမေကဒါဆိုဒါပဲနော်၊ ဇင်ယော်နဲ့ မပတ်သက်ရဘူး၊ သမီးနဲ့ မတူမတန်ဘူးလို့ပဲ သဘောထား"

မဍ္ဍူရီကတော့ ဇင်ယော့်ကိုဘယ်လိုမှ မတူမတန်ဘူးဟု သဘောမထားနိုင်ပေ။

ငယ်ချစ်ဦး ဇင်ယော်ပါ။

အမေသတိပေးတာတောင် နောက်ကျနေပြီ။

ဇင်ယော်နဲ့မဍ္ဍူရီ ချစ်သူတွေတောင် ဖြစ်နေကြသည်။

"မေမေလည်း ... မြို့ကလူတွေရောက်လာရင် သမီးဝတ်ဖို့ အဝတ်တွေသွားဝယ်ရမယ်"

အမေထွက်သွားသည်။

ဒီနေ့ ဇင်ယော်နဲ့ချိန်းထားတယ်။

အမေ အပြင်ထွက်သွားတုန်း ချိန်းထားတဲ့ ကုက္ကိုပင်ကြီး အောက်သို့ မဍ္ဍူရီရောက်လာသည်။

"ဇင်ယော် နင်က အရင်ဆုံးရောက်နေတာကိုး"

"နင်လာသားပဲ မဍ္ဍူရီ"

"အမေ အပြင်မသွားသေးလို့ပါ"





"ဘာလဲ နင့်အမေက ဇင်ယော်ဆိုတဲ့ကောင်နဲ့ မပတ်သက်ဖို့ နှုတ်ခွန်းခြွေနေတာ မဟုတ်လား"

"ဇင်ယော်ရယ်၊ အမေ့အကြောင်းလည်း နင်သိသားနဲ့ဟာ"

မဍ္ဍူရီအမေက ... အခြောက်တိုက် ဘဝင်မြင့်နေတာကို ဇင်ယော် သိနေသည်။

"မဍ္ဍူရီ"

"ပြော"

"ဇင်ယော့်ကိုလည်း အထင်မသေးဖို့ ဒေါ်လေးငွေသော်ကို ပြောလိုက်ပါ"

"ဟင် ... ဟုတ်လား"

"ငါ မနက်ဖြန်ပဲ ရန်ကုန်မှာကျောင်းတက်ဖို့ မြို့ကလာလည်တဲ့ ငါ့ဦးလေးနဲ့လိုက်သွားတော့မယ် မဍ္ဍူရီ"

"ဇင်ယော်ရယ် ငါအရမ်းဝမ်းသာတာပဲ၊ နင်ပညာတတ်ကြီး တစ်ယောက်ဖြစ်အောင်ကြိုးစားနော် ဇင်ယော်"

"ဘာလဲ နင်ကကော ငါပညာတတ်ကြီးဖြစ်မှလား"

"မိန်းကလေးဆိုတာတော့ ကိုယ်ယူရမယ့်ယောကျ်ားက ပညာလေးတော့ တတ်စေချင်တာပေါ့ ဇင်ယော်ရယ် ... မဍ္ဍူရီ ဘယ်တော့မှဘဝင်မြင့်မသွားဘူး ... ဇင်ယော်ဆိုတာက မဍ္ဍူရီ



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်လေးထဲကချစ်ခဲ့ရတဲ့ ငယ်ချစ်ဦးပါ"

မဥ္ဇူရီအမေက သမီးကို ချမ်းသာကြွယ်ဝသူနှင့် လက်ထပ်ဖို့ပဲ မျှော်လင့်နေသည်။

မဥ္ဇူရီကတော့ ဇင်ယော်အပေါ် အချစ်မပြယ်ခဲ့။

ငယ်ချစ်ဦးတွေမို့ အရူးအမူးချစ်ကြသည်။

"နင့်ကို မဥ္ဇူရီပြောပြီးသားနော်၊ နင်ခိုးပြေးရဲရင် မဥ္ဇူရီလိုက်ရဲတယ်လို့"

"အသက်မပြည့်တဲ့နင့်ကို ခိုးပြေးရင် နင့်အမေက ထောင်ထဲတန်းပို့ပစ်မှာလေ၊ နင်ကရော ကြံရာပါလား"

"ဇင်ယော်နော် မဥ္ဇူရီကိုအထင်မလွဲနဲ့၊ အမေဘယ်လောက်ပဲတားတား ငါလာတွေ့တာပဲ … မဥ္ဇူရီလည်း ရန်ကုန်မှာ ကျောင်းတက်ရမှာပဲ၊ နင် ဘယ်မှာနေမှာလဲ"

"မသိဘူးဟ ဦးလေးနဲ့လိုက်သွားရမယ် … ငါ့ဦးလေးက ခြံစောင့်ပါ၊ လူပျိုကြီးလေ ငါ့ကိုတာဝန်ယူမယ်တဲ့"

အမေက အတင်းထည့်သည်။

ဇင်ယော်က ချစ်သူကိုမခွဲနိုင်။

မဥ္ဇူရီလည်း ရန်ကုန်မှာကျောင်းတက်မယ်ဆိုတာ **မဥ္ဇူရီအမေ လိုက်ကြွားနေ၍** အစောကြီးထဲက သိထား၏။





ဇင်ယော် ချမ်းသာကြွယ်ဝသူ ဖြစ်ချင်နေခဲ့သည်။

"မဥ္ဇူရီ"

"ဟင်"

"ငါကြိုးစားမယ်၊ တစ်နေ့နေ့ နင့်အမေအထင်ကြီးတဲ့အထိလေ"

"ဘာပဲဖြစ်ဖြစ်၊ နင့်ဘဝအတွက် ကြိုးစားသင့်တာပဲ"

"နင့်ဘက်ကသာ ငါ့အပေါ်သစ္စာမမဲ့စေချင်ဘူး၊ ဘယ်လိုလဲ မဥ္ဇူရီ ကတိပေးမလား"

"စိတ်ချ ငါ့ဘက်ကဘယ်တော့မှ သစ္စာမမဲ့ဘူး၊ ကတိပေးတယ်၊ နင်သာ မြို့ရောက်သွားရင် မြို့သူတွေနဲ့တွေ့ပြီး ဖောက်ပြန်သွားမှာ"

ဇင်ယော်က အရပ်ထောင်ထောင်မောင်းမောင်းနှင့် **အသားလတ်လတ်** ယောကျ်ားပီသစွာ … ချောမောသူဖြစ်နေ၍ **မဥ္ဇူရီစိတ်မချ**။

ချစ်သူအား ငေးမောကြည့်မိသည်။

"ငါလည်း မဖောက်ပြန်ဘူး၊ နင့်ကို ကတိပေးတယ်မဥ္ဇူရီ နင့်မိဘတွေက ငွေမက်တယ် ဂုဏ်ပကာသနတွေလည်း မက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဇင်ယော်”

“ပြောလေ မဥ္ဇူရီ”

“တို့တွေ ... တစ်ယောက်ရှိနေတဲ့နေရာကို တစ်ယောက်က သိအောင်ပြောကြမယ်၊ နင် သစ္စာမဲ့နဲ့နော်”

“မဥ္ဇူရီရယ်”

ငယ်စဉ်လေးထဲက ... တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ကြီးကြပြီး ... ချစ်သူတွေဖြစ်ကြတာ မကြာသေးပေ။

အရွယ်ရောက်လာမှ စီးပွားရေးအဆင်ပြေလာတဲ့ မဥ္ဇူရီရဲ့ အမေက မာနတွေထောင်လွှားပြီး မတူမတန်တာတွေ ဖြစ်လာသည်။

“ငွေသော်က စီးပွားရေးအဆင်ပြေသွားပြီကိုး ... အမေ့ကို တွေ့ရင်တောင် အဖက်မလုပ်တော့ဘူး။ ငယ်ငယ်က ငွေသော့်မိဘတွေဆင်းရဲလို့ အမေပဲပေးကမ်းခဲ့ရတာ၊ သားကြိုးစားစမ်းပါ။ ငွေသော့်သမီးကို စိတ်ကူးထဲတောင်မထည့်နဲ့နော် ... အမေအပြောမခံနိုင်ဘူး၊ ငွေသော့်သမီးလေးကို အမေချစ်ပေမယ့် ကိုယ့်သားနဲ့ မတူမတန်ဘူးလို့တော့ အပြောမခံနိုင်ဘူး”

ပညာသင်စေချင်သည် ...

မုဆိုးမအမေက စီးပွားရေး မကောင်းပေ။





ဇင့်ယော့်ကို ပညာပဲ ကြပ်ကြပ်မတ်မတ်သင်စေ၏။

မဥ္ဇူရီနှင့် မပတ်သက်ဖို့ အမေကတားနေသည်။

“ဇင်ယော်”

“ဟင်”

“နင် ဘာတွေစဉ်းစားနေတာလဲ၊ နင့်အမေကလည်း မဥ္ဇူရီနဲ့ ကင်းကင်းရှင်းရှင်းနေလို့ ပြောတယ်မဟုတ်လား”

“ငါ့အမေက နင့်အမေမောက်မာတာ မခံချင်လို့တားတာပါ”

“နင့်အမေရော ငါ့အမေရော ဘယ်လောက်ပဲတားတား ငါတို့ မခွဲကြေးနော်ဇင်ယော်”

“အင်းပါ နင်သာ မြို့ကသူဌေးသားနဲ့ နင့်အမေက အတင်းအကြပ်လက်ထပ်ပေးစားရင်သာ လက်မခံနဲ့နော် မဥ္ဇူရီ”

“စိတ်ချပါ၊ ငါ့အသက်ပဲ အသေခံလိုက်မယ်သိလား”

“နင့်ကိုချစ်တယ် မဥ္ဇူရီ မခွဲနိုင်ဘူး ... တစ်နည်းနည်းနဲ့တော့ တို့နှစ်ယောက် ပေါင်းဖက်လို့ရအောင် ကြိုးစားကြမယ်”

“အင်း”

နှစ်ယောက်သား ... တစ်ယောက်လက်ကိုတစ်ယောက် တင်းကြပ်စွာဆုပ်ကိုင်ထားရင်း ကတိသစ္စာပြုနေကြစဉ် ...

မဥ္ဇူရီအမေက ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်လေး … နင်ကများ … ငါ့သမီးကို ရာရာစစ တန်ရာ တန်ရာ မမှန်းဘူး … ဖယ်စမ်း"

"အမေ"

"မဥ္ဇူရီ … သမီးမိုက် မိဘကိုမျက်နှာငယ်ရအောင်လုပ်နေတာလား၊ ဇင်ယော်နဲ့မပတ်သက်ရဘူးလို့ သမီးကိုဘယ်နှစ်ခါပြောရမလဲ"

မဥ္ဇူရီ့အမေက အတင်းဆွဲခေါ်သွားသည်။

"နင့်ကို သတိပေးထားမယ်ဇင်ယော်၊ ငါ့သမီးကိုလာပြီး မပတ်သက်နဲ့လို့ ငါ့သမီး မဥ္ဇူရီမှာ လူကြီးချင်းသဘောတူထားတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးသားရှိတယ်"

"အမေ ဘာတွေပြောနေကာလဲ၊ မဟုတ်တာတွေ"

"သမီးပါးစပ်ကိုပိတ်ထားစမ်း မဥ္ဇူရီ ငါ့သမီးကိုများ ဒင်းသားငမွဲတေကများ"

"ဇင်ယော် ငါတောင်းပန်ပါတယ်ဟယ်နော်"

ဇင်ယော်ကျွန်ရစ်ခဲ့သည်။

မဥ္ဇူရီကတော့ တောင်းပန်နေသည်။

သူ့ကိုသာမဟုတ်ဘဲ အမေ့ကိုပါ စော်ကားခံလိုက်ရ၏။

ဇင်ယော် မခံမရပ်နိုင်အောင် ခံပြင်းရသည်။

ဖိုးလပြည့်စာပေ



"မဥ္ဇူရီနဲ့သူက မတန်ဘူးလား"

ဇင်ယော့်အမေပြောတာတော့ မဥ္ဇူရီ့အမေတို့က အရမ်း
င်းရဲကြတာတဲ့။

သူတို့မရှိတုန်းက အမေလုံးဝအဖက်မတန်သလို မလုပ်ခဲ့ဘူး

ကျေးမွေးထောက်ပံ့လာခဲ့တာတဲ့။

အခုတော့ ဒေါ်လေးငွေသော်က ခါးခါးသီးသီး ပြောဆို
က်ဆံနေခဲ့သည်။

ဇင်ယော် အံသွားတွေကို တင်းကြပ်စွာ ဖိကပ်ထားမိလိုက်

မဥ္ဇူရီကို ဇင်ယော့်ရင်ခွင်ထဲကနေ ဘယ်သူမှဆွဲထုတ်ယူ
ွားခွင့် မရှိဘူး။

စိတ်ထဲကနေ ကြိမ်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"သမီးကိုမေမေပြောထားတယ်နော်၊ ဇင်ယော်ဆိုတဲ့ကောင်နဲ့ ပတ်သက်တာတောင် မကြိုက်ပါဘူးလို့၊ ပြောစမ်း ... ရည်းစားတွေ ဖြစ်နေကြပြီလား"

"ဇင်ယော်နဲ့က ငယ်သူငယ်ချင်းတွေပဲမေမေ၊ ဇင်ယော်က မနက်ဖြန်မြို့သွားတော့မယ်၊ ရန်ကုန်မှာ ကျောင်းတက်မလို့တဲ့"

"ဘာအထင်ကြီးစရာရှိလို့လဲ မချူရီ၊ ဒင်းဦးလေးက ခြံစောင့်အစေအပါး"

"အမေရာ ငယ်ငယ်လေးက အတူတူကြီးပြင်းလာကြတဲ့ သူတွေအချင်းချင်း ဒီလိုမပြောသင့်ပါဘူး"

"ပြောရမယ် မချူရီ မေမေတို့က သမီးလေးကို ရွှေလိုဥပြီး တန်ဖိုးရှိရှိမွေးထားရတာပါ ... ဇင်ယော်လို ကောင်မျိုးနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



အသောတွေနိုင်ဘူးနော်”

အမှေတို ဘယ်လိုမှပြောလို့မရတာ မချူရီသိနေသည်။

စိမ်ရွှော တစ်ရွာလုံးမှာ နေထိုင်ကြတဲ့ မရှိဆင်းရဲသားတွေ ဆိုရင် အမေက မတူမတန်ဘူးဟုပဲ ထင်ထား၏။

အဖက်မလုပ်။

ငွေကြေး ပြည့်စုံတဲ့လူတွေလောက်ပဲ အဆက်အဆံ လုပ်သည်။

မချူရီမွေးပြီး အတော်လေးကြီးပြင်းလာမှ အမေတို့ စီးပွားရေး အဆင်ပြေလာတာပဲဖြစ်၏။

စိမ်ရွှေရွာမှာ အချမ်းသာဆုံး ဇင်ယော့်မိဘတွေက အခုချိန်မှာ အဆင်းရဲဆုံးဖြစ်နေကြသည်။

“ညည်း ဘယ်လိုမှပြောမရဘဲ ဇင်ယော်နဲ့ဆက်ပတ်သက်နေရင်. ဒင်းအမေ မိညိုကို ပက်ပက်စက်စက်သွားပြောပစ်မယ်”

“မလုပ်ပါနဲ့အမေရာ တောင်းပန်ပါတယ်နော်၊ မချူရီဆက်ပြီး မပတ်သက်တော့ပါဘူး”

“ညည်း … ကတိပေးလား”

“ပေးပါတယ်”

ဒေါ်လေးညိုကပါ မချူရီကိုအထင်လွဲပြီး မုန်းတီးသွားမှာ





ကြောက်မိသည်။

ဇင်ယော်လည်း စိတ်နာသွားမှာပဲ။

အမေလွန်တာပါ။

သူငယ်ချင်းတွေပဲ ငယ်စဉ်က အမေ့ကိုတောင် ဒေါ်လေးညို ဘာ ကူညီခဲ့တာ အမေက မေ့ပြစ်ထားလိုက်၏။

အမေ အတ္တကြီးတယ်။

ငွေကြေးမပြည့်စုံတဲ့ဒေါ်လေးညိုကို အမေ နည်းနည်းလေးမှ ကြည့်။

“ဒင်းက ဘာများကျွေးမွေးထောက်ပံ့လို့လဲ၊ အကြွင်းအကျန်တွေများ အခုလောလောဆယ်ပဲ ဆုံးဖြတ်ရမယ်၊ မေမေ့သမီးလေး မချူရီကို မွေးထဲကဖြူဖြူဖွေးဖွေး၊ ချောချောလှလှကြီးမို့ မေမေက သူဌေးသားနဲ့ပဲ ပေးစားချင်ခဲ့တာ၊ ရွှေလိုဥထားတာပဲ”

မေမေက မချူရီကိုထိတာ တို့တာမကြိုက်။

တယုတယလေး မွေးခဲ့သည်။

“မေမေ့သမီးလေးကလေ မင်းကြိုက်စိုးကြိုက်၊ ချောလိုက်တာ အီစက်နေတာပဲ”

အမေ့စိတ်ထဲမှာ မချူရီအား အကြီးမားဆုံး မှန်းနေခဲ့သည်။

အမေ့ကိုလည်း အတင်းငွေရှာစေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မချူရီအတွက်တဲ့။

"မချူရီ"

"အမေ"

"မေမေလို့ ခေါ်စမ်း"

"စိတ်ညစ်လိုက်တာ ... မချူရီက နှုတ်ကျိုးနေပြီလေ"

"နှုတ်ကျိုးတာတွေ ဘာတွေလုပ်မနေနဲ့ မေမေလို့ခေါ်"

"ကဲပါ မေမေရာ၊ တော်ပါပြီ ... ဇင်ယော်နဲ့ နောက်မပတ်သက်တော့ဘူးဆိုရင် ပြီးပြီမဟုတ်လား"

"မပြီးသေးဘူး တစ်ပတ်အတွင်း ညည်းဖေဖေရဲ့စီးပွားရေးလုပ်ဖက် ကုမ္ပဏီပိုင်ရှင် သူဌေးသားအဖ ရောက်လာလိမ့်မယ်၊ သူတို့အိမ်မှာ ညည်းကျောင်းသွားတက်ရမှာ"

"အဲဒါ သိပါတယ်"

"သိတာကသိတာပဲ အဲဒီသူဌေးသားနဲ့ နီးစပ်စေချင်လို့သွားတာက သွားတာပဲ"

"ရှင် ... ဟို ... မေမေ"

"ဘာမေမေလဲ ... "

"အဲဒီ သူဌေးသားက မချူကိုကြိုက်ဦးမှကိုး ... မေမေ့လိုပဲ မတူမတန်ဘူးထင်ရင် ဘယ်လိုလုပ်မလဲ"





"သမီးဖေဖေနဲ့ စီးပွားရေးလုပ်ဖက်တွေပါ၊ မေမေ့သမီးမချူရီ ... မင်းကြိုက်စိုးကြိုက်လေ၊ အရမ်းကို ချစ်ကြိုက်သွားလိမ့်မယ်"

မချူရီကတော့ ဇင်ယော်ကလွဲပြီး တခြားယောကျ်ားလေး ... ို စိတ်မဝင်စားပေ။

ဒုက္ခပါပဲ ...

အမေလုပ်ပုံနှင့် မချူရီပါ ဇင်ယော်အမေ ဒေါ်လေးညိုက ... ထင်မှားတော့မည်။

ဇင်ယော်ရယ် ဘယ်လိုလုပ်ရမလဲ။

တို့နှစ်ယောက် ဘယ်တော့မှ မခွဲဘူးနော်။

"ဒီမှာမေမေလေ သမီးလေးအတွက် အဝတ်အစားတွေဝယ် ... ာတယ်၊ မေမေ့စေတနာ၊ မေတ္တာကို နားလည်စမ်းပါသမီးရယ်၊ ... စ်ဦးတည်းသောသမီးလေးဘဝ ကောင်းမွန်တိုးတက်စေဖို့ လိုအပ် ... ယ်လေ"

ဒေါ်ငွေသော်ကတော့ ဘယ်သူတွေဘာပဲပြောပြော သမီး ... ို ဘယ်လိုယောကျ်ားမျိုးနဲ့မှ မတူမတန်ဟု ထင်နေသည်။

မချူရီက လိမ်မာတယ်။

ပညာရေးလည်း ကြိုးစား၏။

ချောမောလှပလွန်းတဲ့ မိန်းကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော် _

မှည့်မှည့်မသား _

မီးမီးသမီးလေးနှင့် မတန်ဟု ထင်သည်။

"အရမ်းလှတာပဲ ... မြို့မှာသာသွားနေလိုက်ရင် တသွေးတမွေးနဲ့ ဘယ်လောက်တန်ဖိုးရှိလိုက်မလဲ"

မဥ္ဇူရီကတော့ ဇင်ယော့်ကိုပဲချစ်သည်။

ယော်ချစ်ဦး ဖြစ်နေ၏။

အမေတားချင်သလောက် တားနေပါစေ။

ဇင်ယော့်ကို မခွဲနိုင်။

"မဥ္ဇူရီ"

"ရှင်"

"ဇင်ယော်ဆိုတဲ့ကောင်ရဲ့ သွေးဆောင်ဖြားယောင်းစကားတွေနဲ့ ဒီကောင့်နောက် လိုက်ပြေးမယ်တော့ မစဉ်းစားနဲ့နော်၊ သမီးအသက်မပြည့်သေးဘူး အမေ့အကြောင်းသိတယ်နော်"

"အမေရာ မဥ္ဇူရီက ဒီလိုလုပ်ပါ့မလား ... ဇင်ယော်ကရော ဒီလိုလူမျိုးမဟုတ်ပါဘူး"

"ဘာပြောတယ်"

"တော်ပါပြီ ... မဥ္ဇူရီ ဘာမှမပြောချင်တော့ပါဘူး ... "





"ညည်းသိအောင်ပြောပြနေတာနော်၊ ရန်ကုန်မှာ အရမ်းချမ်းသာတာပဲ၊ အမေတော့ သမီးလေးနဲ့လက်ထပ်ပေးဖို့အထိ ရည်မှန်းနေတယ်၊ သမီးလေးဘက်ကလည်း မာနတွေပြမနေနဲ့ တရင်းတနှီးနေပါ၊ မိန်းမမာယာ သဲကိုးဖြာတဲ့"

"မဥ္ဇူရီမှ မလုပ်တတ်တာ၊ ပြီးတော့ သူတို့က သူဌေးတွေလေ မဥ္ဇူရီကို မတူမတန်ဘူးထင်နေရင် ဘယ်လိုလုပ်ရမလဲ"

"မေမေကတော့ မဖြစ်မနေလုပ်ရမှာပဲ မေမေ့သမီးလေး မဥ္ဇူရီ သူဌေးသားနဲ့ပဲ ညားစေရမယ်"

မဥ္ဇူရီ အခန်းထဲဝင်လာခဲ့သည်။

မနက်ဖြန် ဇင်ယော်သွားတော့မယ်။

မဥ္ဇူရီနဲ့ ထာဝရ ဝေးသွားကြမှာလားပင်မသိ။

နှုတ်ဆက်ချင်သည်။

တွေ့ချင်တယ် ...

ဇင်ယော့်ဆီက ကတိတွေအထပ်ထပ် တောင်းချင်သေး၏။

စိတ်မချ ...

"မဥ္ဇူရီဘက်ကတော့ ဇင်ယော့်အပေါ် သစ္စာမမဲ့ပါဘူး ... သူဌေးသားလည်း ဘာလုပ်ရမှာလဲ"

မဥ္ဇူရီတစ်ယောက်ထဲ နာကျင်လွမ်းဆွတ် ကြေကွဲနေမိ



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်နှင့်လည်း တွေ့ဆုံချင်နေသည်။

အဖေက မြို့တက်သွားတယ်။

အမေက မဥ္ဇူရီအား မျက်ခြေမပြတ် ကြည့်နေ၏။

ဘာပဲဖြစ်ဖြစ် ဇင်ယော့်ကိုတော့ နှုတ်ဆက်ချင်နေသေးသည်။

"မမလေး ချောစု"

"ဟင် ... မဥ္ဇူရီ ... ဘာလဲ"

"ဇင်ယော့်ဆီကို သွားပေးပါ"

"အမယ်လေး ... နင့်အမေက မျက်စိဒေါက်ထောက်ကြည့်နေတာဟဲ့ မသွားရဲဘူး၊ ဒေါ်လေးသော်သိသွားရင် ငါ့ပြေးပေါက်မှားနေပါဦးမယ်"

ဇင်ယော်နှင့်မဥ္ဇူရီကို အောင်သွယ်ပေးနေတာက မဥ္ဇူရီရဲ့ အစ်မနှစ်ဝမ်းကွဲ မမချောစုပင် ...

ဆင်းရဲလွန်းသဖြင့် မဥ္ဇူရီတို့အိမ်မှာ ကပ်နေရသည်။

"ဒေါ်လေးသော်အကြောင်း ညီမသိတာပဲ ... ကြောက်တယ်"

"မနက်ဖြန် ဇင်ယော် မြို့ကိုသွားတော့မယ်"

"ဟုတ်လား"





"ဘာပဲဖြစ်ဖြစ် ဇင်ယော့်ကို စာပေးလိုက်ချင်တယ်၊ ပြီးတော့လေ အမှတ်တရလက်ဆောင် ပေးလိုက်ချင်လို့ပါ"

"မမချောစုလည်း မဥ္ဇူရီတို့နှစ်ယောက်ကို ကူညီချင်ပါတယ် ... ကြောက်လို့ပါ"

ချောစုမှာက မိဘတွေလည်းမရှိတော့ဘူး။

အဒေါ်ဝမ်းကွဲအိမ်မှာ ကပ်နေတာပါ။

ကျွန်တစ်ယောက်လိုပါပဲ။

မောင်းထုတ်ပစ်မယ်ဟု မကြာခဏ ကြိမ်းမောင်းခံနေရသည်။

"ဒီတစ်ခါတည်းပါ။ အမေ မသိအောင် ထွက်သွားပေးပါနော်၊ တကယ်လို့သိသွားရင်လည်း မဥ္ဇူရီ တာဝန်ယူပေးပါ့မယ်"

"အမယ်လေး မင်းတာဝန်ယူပေးတယ်ဆိုရင်တောင် လောလောဆယ် မမကဘယ်ကိုသွားနေရမှာလဲ ... သိသွားရင် တကယ်အောင်းကုတ်မှာဟဲ့"

"သေချင်တယ် ဇင်ယော်နဲ့ဝေးရရင် မဥ္ဇူရီ သေမှာသိလား"

"မဟုတ်တာဟယ် ... တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲချစ်ချစ် ပေါင်းချင်မှပေါင်းကြရတာလေ မဥ္ဇူရီ ဖူးစာက ရှိသေးတယ်၊ မဥ္ဇူရီနဲ့ဇင်ယော်တို့ တကယ်ဖူးစာရှင် အစစ်အမှန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆိုရင် ဘယ်လိုအကြောင်းပဲရှိရှိ ပေါင်းဖက်ကြရမှာပဲ"

"အရေးထဲမှာ မမချောကလည်း ဘာတွေလာပြောနေတာလဲ ... သေချင်ပါတယ်ဆိုမှ"

မဥ္ဇူရီကတော့ ဇင်ယော်ကိုနှုတ်မဆက်လိုက်ရပဲ ခွဲခွာရမှာကြောက်နေသည်။

ပြီးတော့ ...

အမေက ပက်ပက်စက်စက်ပြောလိုက်တာ ဇင်ယော် စိတ်ဆိုးသွားမှာ စိတ်ပူနေ၏။

တောင်းပန်စကားတွေ ပြောချင်နေသည်။

"ဒီစာလေးပဲ ပေးပေးပါ။ ပြီးတော့လေ ဒီပန်းခြောက်လေးတွေ ပေးပေးပါနော်"

"မဥ္ဇူရီရယ်"

ချောစုလည်း ညီမလေးခံစားနေရတာတွေကို မကြည့်ရက်တော့။

ဒေါ်လေးငွေသော် ဒုက္ခရောက်နေစဉ်က ဒေါ်လေးညိုက စောင့်ရှောက်ခဲ့တာ ချောစုအသိဆုံးပင်။

ဒေါ်လေးသော် ရက်စက်တယ်။

မတရားဘူး ...





ထို့ကြောင့် ...

ချောစုက ဇင်ယော်နှင့်မဥ္ဇူရီကို ကူညီနေခဲ့သည်။

"ပေးပေး ... မမကူညီမယ်၊ အတတ်နိုင်ဆုံးဟာယ် မဥ္ဇူရီ စိတ်ချမ်းသာစေချင်လို့ပါ"

"ကျေးဇူးပါပဲ မမရယ်"

ချောစုလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး သတ္တိမွေးကာ ဒေါ်လေးငွေသော်အလစ်တွင် ဇင်ယော်တို့အိမ်ဘက်ထွက်လာခဲ့သည်။

"ဇင်ယော်"

"ဟာင် ... မမချော"

"မင်း မနက်ဖြန် ရန်ကုန်ကိုသွားတော့မယ်ဆို"

"အင်း"

"ရော့ ... မဥ္ဇူရီလေ ဒီစာနဲ့အမှတ်တရာပစ္စည်းလေး ပေးခိုင်းလိုက်လို့"

မဥ္ဇူရီလေး နာကျင်ကြေကွဲနေရတဲ့အကြောင်းတွေ ပြောပြခဲ့သည်။

"ဇင်ယော်လည်း မဥ္ဇူရီ့အပေါ် သစ္စာရှိပါ့မယ်လို့ သေသေချာချာပြောပြပေးပါ မမချောရာ၊ မဥ္ဇူရီ့ကို ဇင်ယော်မရရအောင် ယူမှာပါ။ ကျွန်တော့်ချစ်သူကို ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် အရ



www.burmeseclassic.com

www.burmeseclassic.com



ယူမှာပါလို့"

"အေး … အေး မမပြောလိုက်မယ်၊ ဇင်ယော်တို့ချစ်သူနှစ်ယောက် ပေါင်းဖက်ကြရပါစေကွယ်"

မမချောပြန်သွားသည်။

ဇင်ယော်ကတော့ မဩူရီကို အရယူဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်နေ၏။

မနက်ဖြန် သွားရတော့မယ်။

ဇင်ယော်ဆိုတဲ့ကောင် ဘာလဲဆိုတာ ဒေါ်ငွေသော် သိစေရမယ်။

မဩူရီပေးတဲ့စာကို ဖွင့်ဖတ်လိုက်သည်။

*ဇင်ယော် …*

*နင့်ကိုနှုတ်မဆက်လိုက်ရလို့ မဩူရီအရမ်းကြေကွဲခံစားနေရပါတယ် … အမေပြောတဲ့စကားတွေကြောင့် နင်လေ မဩူကို နာကျည်းသွားမှာ အရမ်းစိုးရိမ်ထိတ်လန့်နေရတယ်၊ တို့နှစ်ယောက် ဘယ်လိုအကြောင်းနဲ့မှ မခွဲကြဘူးဆိုတဲ့ကတိ ဇင်ယော်တည်ပါစေ မဩူရီကတော့ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး ချစ်လည်း မချစ်နိုင်ဘူး ဇင်ယော့်ကိုပဲ အရမ်းချစ်တယ် … ပြန်ဆုံကြဖို့ ကြိုးစား*





*ကြမယ် … ကတိတည်ပါနော်၊ မဩူရီအပေါ် သစ္စာမဖောက်ပါနဲ့"*

*ချစ်မြတ်နိုးစွာဖြင့်*

*ငယ်ချစ်ဦး*

*မဩူရီ …*

စာလေးနှင့်အတူ ပန်းခြောက်လေးတွေပါ အမှတ်တရ လက်ဆောင်ပေးလိုက်သည်။

ပန်းခြောက်လေးတွေက တောပန်းတွေပါ။

ဇင်ယော်နှင့်မဩူရီတို့ ချိန်းတွေ့တိုင်း … ဇင်ယော်ခူးပေးနေကျ ပန်းလေးတွေပဲ ဖြစ်သည်။

"မဩူရီရယ် … ငါ့ရင်ထဲမှာလည်း အရမ်းကိုခံစားနေရပါတယ်၊ မဩူရီ့ကို ဘယ်လိုအကြောင်းနဲ့မှ မခွဲဘူးဆိုတဲ့စကားတွေက ငါ့ရင်ထဲမှာပြည့်နှက်နေတယ်၊ ရအောင်ယူပြရမယ် မဩူရီ"

မဩူရီအမေ ဒေါ်ငွေသော်ကို ဇင်ယော်မုန်းတီးမိသည်။

သူ့ ငယ်စဉ်က ငွေကြေးပြည့်စုံနေတုန်းကတော့ သား … သား … နှင့် တရေးတယူရှိ၏။

မဩူရီနှင့် အတင်းအကြပ် ကစားစေခဲ့သည်။

"သားလေးဇင်ယော် မင်းပဲ ဒေါ်လေးသော်သမီးနဲ့ တစား



www.burmeseclassic.com

www.burmeseclassic.com



ကြနော်"

အတိတ်တွေကို ပြန်တွေးမိတိုင်း ဒေါ်လေးသော်ကို စိတ်နာနေမိသည်။

အခေကလည်း ဒေါ်လေးသော်ရဲ့ဆက်ဆံမှုတွေကြောင့် မဋ္ဌရီနှင့်တင်းကင်းရှင်းရှင်း နေထိုင်ဖို့ပြောဆိုနေခဲ့၏။

တားဆီးသည်။

"အမေ့သားက ပညာရေးမှာလည်းထူးချွန်တယ်၊ ရုပ်ရည်လည်းချောတယ်၊ ကြိုးစားစမ်းပါသားရယ် မြို့ကသူဌေးသမီးကိုပဲ အရယူ မဋ္ဌရီက တောသူမပဲ ... ကြီးကျယ်နေ့ဟာပါ"

မဋ္ဌရီရဲ့စာလေးကို ဇင်ယော်လွမ်းဆွတ်တမ်းတစွာ တရိုတသေ သိမ်းနေမိသည်။

ဇင်ယော် မနက်ဖြန် ရန်ကုန်ကိုသွားရတော့မယ်။

အဝတ်ထုတ်တွေ ပြင်ပြီးပြီ။

စာလေးနှင့်ပန်းခြောက်လေးတွေကိုလည်း အလွမ်းပြေကြည့်ဖို့ သေသေချာချာ သိမ်းဆည်းယူဆောင်သွားရမည်ဖြစ်သည်။

"ပြီ

အခန်း ( ၃ )

"မိချော"

"ရှင် ဒေါ်လေးသော်"

"ညည်း ဘယ်ကပြန်လာတာလဲ ... မှန်မှန်ပြောနော်"

"ဟို ... ဟို ... မိချော ရွာထဲကိုထောသွားတာပါ၊ သူငယ်ချင်းအခေဆီပါ"

"နင် မလိမ်နဲ့နော်"

"မလိမ်ပါဘူးဒေါ်လေးရယ် ... ချောက ဒေါ်လေး မနှစ်သက်တာကို မလုပ်ရဲပါဘူး"

"လာစမ်း"

မိချော ထွက်သွားတာကို မသက်ာမိ။

ခင်းကိုရှာရမယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငွါသမီးနဲ့ အောင်သွယ်လို့ကတော့ အသေပဲ။

မိချောတစ်ကိုယ်လုံး ရှာသည်။

ဘာမှမတွေ့ပေ။

"သွားတော့ ... နင်လည်း ကြပ်ကြပ်သတိထားနေနော် မိချော၊ မောင်းထုတ်ခံရမယ် ... သူတောင်းစား ဖြစ်သွားချင်လား"

"ကြောက်ပါတယ် ဒေါ်လေးရယ်၊ မိချောမလုပ်ရဲပါဘူး ညီမလေးကိုလည်း မိချော သူဌေးသားနဲ့ပဲ ညားစေချင်ပါတယ်"

"ဟိုကောင် အစုတ်ပလုတ် ဇင်ယော် ဘာမှအထင်ကြီးစရာ မရှိဘူး ... မုဆိုးမသား ... ငွါသမီးကိုများ မှန်းရဲတယ်"

"ဟုတ်တယ်နော်ဒေါ်လေး ... အလကားကောင် ညီမလေး မဥ္ဇူရီနဲ့တန်လို့လား ဒင်းကများ"

"သွားတော့"

"ဟုတ်ကဲ့"

မိချောကတော့ ဒေါ်လေးသော်ကို ကျေနပ်စေရန် ဇင်ယော့်အား နှိမ်နှိမ်ချချပြောရင်း စိတ်ထဲမှာတော့ အတ္တကြီးတဲ့ဒေါ်ငွေသော် ဘဝမေ့နေတယ်ဟုပြောပြီး အပေါ်တက်လာခဲ့သည်။

"မမချော တွေ့ခဲ့လား"

"အမယ်လေး ... အသက်တောင် မရှူနိုင်တော့ဘူး၊ ခဏ





နေပါဦးဟယ်"

"အမေနဲ့ တွေ့လာလို့လား"

"ဟုတ်တယ်လေ ... ဘယ်အချိန်က ထချောင်းနေလည်း သိဘူး မဥ္ဇူရီရယ် ... ငါလန့်လိုက်တာ"

"စိတ်ကိုငြိမ်ငြိမ်ထားစမ်းပါ၊ တွေ့ခဲ့လားလို့မေးတာ ခေါင်းပဲ ညိတ်ပြလိုက်"

မဥ္ဇူရီက ခေါင်းညိတ်ပြပါဟု တမင်လမ်းကြောင်းပေးကာမှ ချောစုက ခေါင်းခါပြလိုက်၍ မဥ္ဇူရီ စိတ်ထိခိုက်ကြေကွဲသွားရ ကြမ်းပြင်ပေါ် ပုံကျသွားသည်။

"ဟဲ့ ... ဘာဖြစ်သွားတာလဲ အရုပ်ကြိုးပြတ်သလို ပြုတ်ကျ တာ"

"ဇင်ယော်နဲ့ မတွေ့ခဲ့လို့ပေါ့"

"မတွေ့ခဲ့ဘူးလို့ ဘယ်သူကပြောလဲ"

"မမချောပဲ ခေါင်းခါပြတာလေ"

"ဟင် ... ဟုတ်လား ... မမချောလည်း ဒေါ်လေးသော်ကို ကြောက်ပြီးခေါင်းရမ်းပြလိုက်မိတာလား အမှားမှားအယွင်းယွင်း ဖြစ်ပြီဟယ် ... တွေ့ခဲ့ပါတယ် ပေးလိုက်ပြီ"

"အမယ်လေး ... မမချောကလည်းလေ ဒီမှာဖြင့် သေတော့



www.burmeseclassic.com

www.burmeseclassic.com



မလို့"

မဍ္ဍူရီ ချက်ချင်းပင်ရယ်မောပြီး ပြန်ထလိုက်၍ … ချောစု ရယ်ပြစ်သည်။

ဇင်ယော့်ကိုရော ညီမလေးမဍ္ဍူရီကိုရော သနားလိုက်တာ နော်။

အချစ်ကြီးကြသည်။

"ပေးလိုက်ပါတယ်ဟဲ့ သူကတော့ ကတိတည်ပါ့မယ်တဲ့ မဍ္ဍူရီကိုတော့ ဇင်ယော်က အရယူမှာတဲ့ ဘယ်လိုအကြောင်းနဲ့မှ မစွန့်လွှတ်ဘူးတဲ့"

"ဟုတ်လား … မမချော အပိုစကားတွေ ထည့်ပြောတာ တော့ မဟုတ်ပါဘူးနော်"

"တကယ်ပါမဍ္ဍူရီရယ် နင့်ဘက်ကသာ ပညာကြိုးစားပြီး စောင့်နေလိုက်တော့"

"မမချော"

"ပြောလေ"

"အမေက သူဌေးသားနဲ့ အတင်းပေးစားလိုက်ရင်ရော"

"မပေးစားပါဘူး … မဍ္ဍူရီဘက်က အလိုက်အထိုက်နေလိုက် ဒေါ်လေးသော် ယုံကြည်အောင်လေ"





"အင်းနော် … "

ဇင်ယော် နင့်ကိုစိတ်မချတာတော့အမှန်ပဲဟာ။

မဍ္ဍူရီလည်း ဇင်ယော်ကလွဲရင် … ဘယ်သူ့ကိုမှမချစ်နိုင် ပါဘူးနော်။

ဇင်ယော် မနက်ဖြန်သွားတော့မယ်တဲ့။

မဍ္ဍူရီလွမ်းဆွတ်တမ်းတပြီး တွေ့ချင်လာသည်။

အမေက မျက်ခြေမပြတ်စောင့်ကြည့်နေသဖြင့် အခက်တွေ့ နေ၏။

ဇင်ယော်ကရော …

မဍ္ဍူရီကိုလွမ်းနေမှာလား …

ဇင်ယော်ရယ် …

တို့အိမ်ရှေ့မှာ အရိပ်အယောင်လေးတော့ လာပြသင့်ပါ တယ်ဟာ။

"ချောစု"

"ရှင် … ဒေါ်လေး"

"မဍ္ဍူရီ အိပ်ပြီလား … "

"ဟုတ်ကဲ့ … အိပ်ပါပြီ"

"အိပ်တော့ ငါကတော့ တစ်ညလုံးအိပ်မှာမဟုတ်ဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



ခြံဝမှာလည်း ကြွက်တို့ကိုချထားတယ်၊ ကလီကမာလုပ်မယ်ဆေ
မကြံနဲ့ အားလုံးပွဲချင်းပြီးပဲ”

အမေထွက်သွားတော့ မမချောစုက မဥ္ဇူကို အိပ်တော့
တိုးတိုးလေးကပ်ပြောနေသည်။

အိပ်လို့မှမရတာ …

“မဥ္ဇူရီ ရင်တွေပူနေတယ်၊ ဇင်ယော်ကိုစိတ်မချဘူးဖြစ်
တယ်၊ တွေ့ချင်လိုက်တာနော်”

“မဥ္ဇူရီ”

“ဟင်”

“လောလောဆယ်တော့ လုံးဝမလှုပ်ရှားနဲ့နော်၊ ညည်းအ
အကြောင်းသိတယ်မဟုတ်လား မဥ္ဇူရီ”

“အင်းပါ”

အမေလွန်တယ်။

ဇင်ယော်တို့မိသားစုအပေါ် ဒီလောက်အထိ အထင်သေ
နှိမ်ချပြီး မဆက်ဆံသင့်ဟု ထင်မိသည်။

ကြွက်ဆိုတာ အမေလက်ထပ်မွေးထားတဲ့ လူမိုက် …

“အိပ်တော့ … ”

“အင်း”





“ရန်ကုန်ရောက်တော့ တွေ့ကြရမှာပါဟယ်၊ ဒီလောက်အထိ
အဖြစ်သည်းမနေစမ်းပါနဲ့ မဥ္ဇူရီရယ် … ဇင်ယော် သေရာသွားတာမှ
မဟုတ်တာပဲ”

“မမချောကလည်း ဘာတွေလာပြောနေတာလဲ နိမိတ်မရှိ”

“အိပ်တော့ … ”

မဥ္ဇူရီ ငုတ်တုတ်ထိုင်နေရာကနေ ပြန်လှဲချလိုက်သည်။
မျက်လုံးတွေကကြောင်နေ၏။

အိပ်စက်ခြင်းတွေကို ဇင်ယော် ယူဆောင်သွားပြီထင်တယ်။

မမချောကတော့ တခေါခေါနှင့်ဟောက်နေပြီ။

အမေဝင်လာချင်လာမှာ အိပ်ဖို့ဆုံးဖြတ်လိုက်သည်။

မျက်လုံးလေးကို တင်းတင်းမှိတ်ထားပေမယ့် အိပ်မပျော်။

မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

အိပ်မက်ထဲမှာ ဇင်ယော့်လက်ကိုဆွဲပြီး ထွက်ပြေးကြ၏။

အမေနှင့်ကိုကြွက်တို့က နောက်မှလိုက်နေသည်။

မိသွားတော့ အမေက မဥ္ဇူရီကိုဆွဲပြီး ကိုကြွက်က ဇင်
ယော့်အား ဓားနဲ့ခုတ်ဖို့ ရွယ်ထား၏။

အမေက အသေခုတ်သတ်ပစ်တဲ့။

မဥ္ဇူရီ ကြောက်လန့်တကြားနှင့် အော်ဟစ်တားဆီးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဇင်ယော့်ကို မသတ်ပါနဲ့ … မမချောစု ကယ်ပါဦးနော်၊ ကယ်ပါ ကိုကြွက် သတ်တော့မယ် … မမချောစု ကယ်ပါ”

သူမ ယောင်ယမ်းရင် အော်ဟစ်သံကြောင့် …

မမချောစု ထလာသည်။

“မဥ္ဇူရီ … မဥ္ဇူရီ ဘာဖြစ်တာလဲ၊ ဇင်ယော် ဘာဖြစ်လို့လဲ”

“ဟို … ဟိုမှာ ဇင်ယော့်ကို ဓားနဲ့ခုတ်သတ်တော့မယ်”

“ဘယ်မှာလဲ … ဘယ်မှာလဲ အမယ်လေး … မလုပ်ပါနဲ့ တောင်းပန်ပါတယ် … ဇင်ယော် ပြေး … ပြေး”

ချောစု ကယောင်ကတမ်းနှင့်အော်ပြီးမှ မဥ္ဇူရီက ပြန်အိပ်သွား၍ အိပ်မက်မက်ပြီး ယောင်အော်နေမှန်း သတိရသွားသည်။

“ဟာ … ဒီကောင်မလေးယောင်နေတာပဲ … မဥ္ဇူရီ မဥ္ဇူရီ”

အတင်းလှုပ်နှိုးမှ တအင်းအင်း ညည်းညူနေတဲ့မဥ္ဇူရီ နိုးသွားသည်။

“မမချော”

“ဘာလဲ”

“ဇင်ယော်လေ … ဇင်ယော်”

“ညည်းလေ အိပ်မက်မက်နေတာပါနော်”





“ဟင်”

မဥ္ဇူရီခန္ဓာကိုယ်လေးမှာ ချွေးတွေနှင့်ပျံနေသည်။

ကြောက်လိုက်တာ …

နေတောင်မြင့်နေပြီပဲ။

မဥ္ဇူရီရင်တွေ တဒိန်းဒိန်းခုန်နေ၏။

မမချောလည်း လူးလဲထသည်။

“အမယ်လေး … နေတောင်မြင့်နေပြီ မမချော အလုပ်တွေ သေးတာပဲ၊ ဟဲ့ … ညည်းအမေက ဒီမနက် တော်တော်သဘော ာင်းပြီး မနှိုးဘူးနော်”

“ဘယ်နှိုးမလဲ အိပ်ချင်သလောက်အိပ်ဆိုပြီး ထားတာနေမှာ င်ယော်သွားတဲ့အထိလေ”

“ဟုတ်တယ် တော်တော်လည်တာပဲ ငါထတော့မယ်”

မမချောထွက်သွားသည်။

မနက်မိုးလင်းတာနှင့် မမချောစု အလုပ်တွေက အများကြီး

မဥ္ဇူရီ မထချင်။

အိပ်မက်ကြောင့် သူမစိတ်တွေ မတည်မငြိမ် ဖြစ်နေဆဲပင်။

“မဥ္ဇူရီ သမီးလေးနိုးပြီလား အောက်ကိုဆင်းခဲ့လေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြန်ရောက်နေပြီ”

“အင်း”

သူမ ထရသည်။

ဇင်ယော်ကောင်းကောင်းမွန်မွန်နှင့် ရန်ကုန်မှာ ကျောင်း တက်ခွင့်ရရင်လည်း မဥ္ဇူရီ ကျေနပ်ပါတယ်။

ဖေဖေ ပြန်လာပြီတဲ့။

ဧည့်သည်တွေ ဘယ်တော့ရောက်လာမှာလဲ။

သူမ စိတ်ညစ်နေသည်။

အောက်ထပ်ရောက်တော့ မဥ္ဇူရီ မျက်နှာသစ်ပြီး အဝတ် အစားလဲကာ ဧည့်ခန်းထဲဝင်လာခဲ့သည်။

“သမီးလေး နိုးပြီလား၊ ဒီနေ့ တော်တော်လေးအိပ်ပါလား လာထိုင်”

အဖေကလည်း အမေနဲ့အတူတူပါပဲ။

စိန်လက်စွပ်ကို လက်မှာဝတ်ပြီး တကြွားကြွား ...

မဥ္ဇူရီကတော့ ရှက်သည်။

“သော်ရေ ... ကိုယ်ဝယ်လာတဲ့ကိတ်ယူခဲ့ပါ၊ သမီးနဲ့စားကြ ရအောင်ပါ”

“ကောင်းပါပြီရှင်”





အဖေနဲ့အမေ မြို့ဆန်နေလိုက်ကြတာ။

မြို့သူဌေးစတိုင်လ် ဖမ်းနေသည်ဟု မဥ္ဇူရီ ထင်သည်။

“သမီးလေးကြိုက်လို့ ဖေဖေဝယ်လာခဲ့တာလေ”

“မဥ္ဇူရီ မကြိုက်ပါဘူးအဖေ”

“ဟဲ့မဥ္ဇူရီ ဘာအဖေလဲ ဖေဖေလို့ခေါ်၊ တော်ကြာမြို့က သူဌေးတွေ ရောက်လာရင် အထင်သေးမယ်”

မဥ္ဇူရီ စိတ်ညစ်မိတာ အဲဒါပဲ။

ရှက်စရာကြီး ...

အဖေနှင့်အမေ့ကိုကြောက်၍ မဥ္ဇူရီ ငြိမ်သက်နေလိုက်ရ သည်။

“စားလေ သမီး ... ”

“ဟုတ်”

“ဖေဖေ့မိတ်ဆွေတွေ မနက်ဖြန်ရောက်လာမယ်”

“ရှင်”

“သမီးလေးက ... ဧည့်ဝတ်ကျေအောင် ဧည့်ခံပေးရမယ်၊ တစ်ပတ်နေပြီးရင် သမီးလေး မြို့လိုက်သွားရမယ်”

“မေမေတို့မှာ သမီးလေးတစ်ယောက်ထဲရှိတာလေ၊ အများ မျှော်လင့်ထားတယ်ကွယ်”



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်ရယ် ...

မဥ္ဇူရီလည်း ဘယ်လိုမှငြင်းဆန်လို့ မရတော့ပါဘူး။

နင့်လိုပဲလေ ရန်ကုန်လိုက်သွားရတော့မယ်။

ဇင်ယော့်အမေ ဒေါ်လေးညိုကလည်း မာနရှိသည်။

ဇင်ယော့်ကို မဥ္ဇူရီနဲ့ဝေးသွားအောင် ရန်ကုန်သို့ ပို့ဆောင်ခြင်းဖြစ်၏။

အဖေဝယ်လာတဲ့ ကိတ်မုန့်က ကောင်းပေမယ့် မဥ္ဇူရီ မကြိုက်ပေ။

မျိုချလို့ပင်မရ။

"မဥ္ဇူရီ"

"ရှင် အဖေ ... အဲ ... ဖေဖေ"

"သမီးကိုမေးရင်လေ မဥ္ဇူရီက ဆေးကျောင်းတက်ချင်တာပါလို့ဖြေနော်"

"မဟုတ်တာဘဲဖေဖေရာ၊ မဥ္ဇူရီ လိမ်ညာပြီးမပြောချင်ပါဘူး၊ အကောင်တွေလည်း မကိုင်ရဲပါဘူး၊ လူသေအလောင်းတွေကိုလည်း အရမ်းကြောက်တယ်၊ မဥ္ဇူရီ ဖြစ်ချင်တာက တက္ကသိုလ်က ဆရာမပါ"

"မဥ္ဇူရီ ဖအေက ဒါပြောဆိုရင်ပြောလေ မေမေတို့သမီးလေး





ရည်မှန်းချက်တွေရှိတယ်ဆိုတာ သိစေချင်လို့ပေါ့ပဲ"

"ဟုတ်တယ်သမီး ... ဖေဖေတို့က သမီးလေးမျက်နှာမငယ်ရအောင် ပြောထားတာပဲလေ၊ အမှတ်ကောင်းကောင်းရချင်လို့၊ ဂုဏ်ထူးတွေရချင်လို့ မြို့ကျောင်းတက်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေတာမဟုတ်လား"

မဥ္ဇူရီ လိမ်မပြောချင်ပါဘူး။

ရှက်စရာကြီး မဥ္ဇူရီက အရမ်းကြောက်တတ်တယ်။

သွေးမြင်ရင်လည်းလန့်တယ် ...

မဥ္ဇူရီဖြစ်ချင်တာက တက္ကသိုလ်က ဆရာမလေးပဲ။

"မေမေပြောတာကြားလား ညည်းလေးဘဝအတွက် စီစဉ်တာပါ၊ မေမေ့သမီးလေး ဘဝတစ်သက်လုံး ကြီးပွားချမ်းသာနေစေချင်တယ်၊ ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေစေချင်တယ်"

"မေမေကလည်း မဥ္ဇူရီက မိန်းကလေးပါ၊ သူဌေးသားဖြစ်နေလို့ အောက်ကျခံရင်ရော အထင်မသေးဘူးလား"

"အထင်မသေးအောင် ... မေမေတို့က အလှအပတွေနဲ့ မြှားယောင်းသွေးဆောင်နေရတာလေ"

"မဥ္ဇူရီ ရှက်တယ်"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အသံကျယ်ကျယ်နှင့် ထဟောက်လိုက်သဖြင့် မဥ္ဇူရီ ငြိမ်ကုတ်နေလိုက်ရသည်။

ဆဖေဒေါသထွက်ရင် မလွယ်ဘူး။

ဇင်ယော်တို့မိသားစုအား အဖေညှိုးမှာလည်း ကြောက်မိသည်။

"သမီးနော် ဖေဖေပြောထားပြီးပြီ ... မိဘက ကောင်းမယ်ထင်လို့ စီစဉ်တာကို လက်ခံပါ၊ အပိုစကားတွေမပြောနဲ့"

"မဥ္ဇူရီနော် ညည်းအတွက်လုပ်နေတာလေ၊ မိဘ စီစဉ်တာကို နားထောင် ..."

ဖေဖေကထသွားပြီ။

မေမေက ဆက်ပြီးကြိမ်းမောင်းနေသည်။

မေမေထသွားမှ ... မဥ္ဇူရီ အပေါ်ထပ် သူမအိပ်ခန်းထဲဝင်ပြီး ငိုပစ်မိ၏။

မျက်ရည်တွေ လိမ့်ဆင်းကျနေသည်။

"မဥ္ဇူရီရယ် ... မမချောပြောသားပဲ ... ညီမလေးဘက်က အလိုက်အထိုက် နေလိုက်ပါလို့"

"မဥ္ဇူရီ ရှက်တယ် ... အမေတို့ လုပ်နေတာတွေက မိန်းကလေးတစ်ယောက် မာနကိုထိပါးနေပြီ"





"လောလောဆယ်မှာ ... မဥ္ဇူရီဘာမှလုပ်လို့မရဘူးလေ၊ ညည်းခံလိုက်ပါ၊ ရန်ကုန်လိုက်သွားလိုက်နော်၊ မမချောလည်း လိုက်ချင်တာ ညည်းအမေကြောင့်"

မဥ္ဇူရီကိုဖက်ပြီး မမချောက အားပေးနှစ်သိမ့်နေသည်။

အဖေတို့လွန်တယ်။

မဥ္ဇူရီရဲ့အနာဂတ်ဆိုပြီး သူဌေးသားနဲ့နီးစပ်အောင်လုပ်တာ ကောင်းပါဘူး။

ရှက်စရာကြီး ... သူမမျက်ရည်တွေပဲ စီးကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"သားဇင်ယော် ... အမေပြောတဲ့စကားတွေကို သေသေချာချာနားထောင်စမ်းပါ၊ မငွေသော်ရဲ့ အဖက်မတန်သလိုပြောဆိုနှိမ်ချနေတာ အမေအရမ်းခံပြင်းတယ်၊ ဒင်းသမီးက ရွှေဘွက်နေလို့သား"

"အမေရာ တော်ပါတော့ သူတို့ဟာသူတို့ ဘယ်လောက်ပဲဘဝင်မြင့်နေကြပါစေ၊ မဥ္စူရီကတော့ မာနမရှိဘဲ ရိုးသားဖြူစင်ပါတယ်"

အမေကလည်း သားကိုပညာတတ် လူတော်ကြီးဖြစ်စေရန်ဆုံးမနေသည်။

"မဥ္စူရီနဲ့ လုံးဝမပတ်သက်နဲ့နော် မြို့ကမိန်းကလေးတွေကို စဉ်းစားပါ၊ ဒင်းသမီးထက်သာတာတွေတပုံကြီးပါ သားအမြင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်အောင်မြို့ကို ထည့်လိုက်တာနော်ကြိုးစား၊ အမေကတော့ အင်ကျင်နီယာကြီး ဖြစ်စေချင်တယ်၊ တိုက်တွေဆောက်တာလေ"

မဉ္ဇူရီကိုတော့ သတိရတယ် ... ငယ်ချစ်ဦးပါ။

ဇင်ယော့်အတွက် အမှတ်တရလေးတွေ လူကြုံနဲ့ ပေးခိုင်း သည်။

"မဉ္ဇူရီရယ် နင့်အချစ်တွေကို ဇင်ယော်တန်ဖိုးထားပါတယ် ကွာ ... နင့်ကိုအရယူပြမယ် ... မဉ္ဇူရီကို ဇင်ယော်ကလွဲပြီး ဘယ် မှ မပိုင်ဆိုင်ရဘူး"

ဇင်ယော့်ဦးလေးက ခြံစောင့်ပါ။

လူပျိုကြီးဆိုတော့ သူ့ကို တာဝန်ယူနိုင်သည်။

အမေနှင့် သူ့ကို ထောက်ပံ့ပေးကမ်းနေတာပါ။

ဇင်ယော့်ကိုလည်း ချစ်သည်။

"လေးလေး အိမ်ရှင်တွေက သဘောကောင်းပါတယ် မင်းကို ပညာသင်ပေးဖို့ပြောထားပြီးပြီ ... လက်ခံကြတယ်"

ဇင်ယော်လည်း မြို့ကိုတက်ချင်နေတာပါ။

အမေ့ကိုစိတ်မချ ချစ်သူမဉ္ဇူရီကလည်း ရှိနေသည်။

"သားကောင်းစားဖို့ အရေးကြီးတယ်၊ အမေက အသက် ပါပြီသားရယ် ကြိုးစားနော်၊ ဂုဏ်ထူးတွေ အများကြီးထွက်အော





လုပ်ပါ"

ဦးလေးကလည်း ... သူ့ကိုမညှိုးမငယ်စေရန် ... စောင့် ရှောက်ပါမည်ဟု အမေ့ကိုသေသေချာချာ ကတိပေးခဲ့သည်။

သူတို့ထွက်လာတော့ မိုးတောင်မလင်းသေးဘူး မဉ္ဇူရီတို့ အိမ်ရှေ့က ဖြတ်တော့ လူမိုက် ကိုကြွက်နှင့်အဖွဲ့က ခြံရှေ့မှာ စောင့်နေသည်။

"လူမိုက်တွေမွေးထားလိုက်တာ မငွေသော်တို့ တော်တော် လေး ဘဝင်မြင့်နေကြတာပဲ"

သူနှင့်မဉ္ဇူရီအကြောင်း ဦးလေး လေးနိုင်လည်း မသိဘူး။

သူ လှည့်၍ပင်မကြည့်။

ခင်ဗျားတို့ ဒီလောက်အဖြစ်သည်းနေတာ ခင်ဗျားသမီးကို အရယူပြမည်ဟု ကြိမ်းဝါးထားမိ၏။

ရွာကအထွက်တွင် ဇင်ယော့်ရင်ထဲမှာတော့ ဟာတာတာ ကြီး ဖြစ်နေရတာ မဉ္ဇူရီကို သတိရတမ်းတနေမိသည်။

"လေးလေးသူဌေးတွေမှာ သားသမီးမရှိဘူးကွ၊ သားကို ချစ်ကြမှာပဲ"

"ဟုတ်လား လေးလေး ... "

"ဇင်ယော် ဘာမှမစိုးရိမ်နဲ့ ပညာရေးပဲကြိုးစား သူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရှိတယ် ... အလုပ်အကိုင်လည်း အဆင်ပြေနိုင်တယ်"

ဦးနိုင်အောင်ကတော့ ... တူလေးတစ်ယောက်ရဲ့ ရုပ်ရည် ရူပကာက တောမှာသာနေရတာ တူသွေးတမွေးနှင့် ချောသူပါ။

ဒါကြောင့်လည်း ပြုစုပျိုးထောင်ပေးချင်သည်။

"မင်းဖြစ်မှာကွ ကြိုးစား ... ငွေကြေးလည်းပူစရာမရှိဘူး။ လေးလေးရှိတယ် စုဆောင်းထားတာတွေရှိတယ် မင်းဘက်က လိမ်လိမ်မာမာနဲ့ ကြိုးစားပါ"

"ဟုတ်ကဲ့ လေးလေး"

မချူရီ ... နင့်ကိုချစ်တယ်။

ငါရယူပိုင်ဆိုင်နိုင်ဖို့ ကြိုးစားမှာပါ။

တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးတွေအများကြီးနဲ့ အောင်စေ ရမယ်။

ဇင်ယော်ဆိုတဲ့ကောင်ကို နင့်အမေက လျှော့တွက်နေတာ။

ငါ့အမေကိုပါ အထင်သေး ... အမြင်သေး ... စကားပြော ခဲ့တာ ငါဘယ်တော့မှမမေ့ဘူး။

"မုဆိုးမသား ... ဘာအထင်ကြီးစရာမှ မရှိတဲ့ကောင်"

မချူရီ့အမေ ပြောတဲ့စကားတွေ ဇင်ယော်အမြဲတမ်းကြား ယောင်နေသည်။





မမေ့ဖြစ်လို့မရ။

တစ်နေ့ ဇင်ယော် ဘာကောင်လည်းဆိုတာ သိစေရမယ်။

အမေ မှာလိုက်သလို ဇင်ယော့်အနေနှင့် မြို့ကြီးသူကို မယူ ဘဲ မချူရီကိုပဲယူမယ်။

ရန်ကုန်ရောက်တော့ လေးလေးခြံရှင် သူဌေးလင်မယားက သူ့ကိုချစ်ကြသည်။

"ကိုနိုင်အောင့်တူလေးက လူချောလေးပဲ၊ ကလေးပညာရေး အတွက် မပူပါနဲ့၊ ငါတို့တာဝန်ယူပါတယ်၊ မွေးစားမယ်"

သူဌေးလင်မယားမှာ သားသမီးမရှိပေ။

ဇင်ယော့်အတွက် ကံကောင်းသွားသည်။

"သူဌေးတို့လက်ကို အပ်ပါတယ် ... စောင့်ရှောက်ပေးပါ။ သူလေးက လိမ္မာပါတယ်"

"ဇင်ယော်တဲ့လား"

"ဟုတ်ပါတယ်"

"မောင်ဇင်ယော် ဘာမှမပူနဲ့နော်၊ အန်ကယ်တို့သားအဖြစ် မွေးစားမယ်၊ မင်းလွတ်လွတ်လပ်လပ်နေပါ၊ အန်ကယ်တို့က အလုပ် သမားတွေနဲ့လည်း မိသားစုတွေလို နေတာလေ"

"ဟုတ်ကဲ့ ကျွန်တော်ကြိုးစားပါ့မယ် အန်ကယ်နဲ့အန်တီတို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျွန်တော့်ကိုနိုင်းချင်ရာနိုင်းပါ”

“မနိုင်းပါဘူးကွယ် ... သားအဖြစ်မွေးစားတာပါ။ အန်တီမိမှာလည်း သားသမီးမှမရှိတာပဲ ... ကိုနိုင်ကလေ မပြောဘူး ... ကျွန်မတို့မှာ သားသမီးမှမရှိတာပဲ”

“သားအမေက မခွဲနိုင်ဘူးဆိုလို့ပါ။ မမမိရယ် ... ပြီးတော့မယုံကြည်မှာစိုးတယ်”

“ကဲ ... ထားလိုက်ပါတော့ကွာ ... အခု တို့မှာ သားတစ်ယောက်ရပြီပဲ၊ အခန်းတစ်ခန်းပြင်ပေးလိုက်၊ ကိုစောလည်း အသက်ကြီးပြီလေ အားကိုးရမယ့်သားတစ်ယောက် လိုအပ်နေတယ်”

ဇင်ယော်ပင် မထင်မှတ်။

လေးလေးလည်း ပျော်နေသည်။

အန်တီမိက သူ့အခန်းကို အသေအချာ ပြင်ဆင်ပေးသည်။

“သားဇင်ယော် ဘာမှအားမငယ်နဲ့နော်၊ လွတ်လွတ်လပ်လပ်နေပါ။ သားက ထူးချွန်ထွန်းပေါက်မယ့်ကလေးပါကွယ်”

“ဟုတ်ကဲ့”

ဇင်ယော့်အခန်းကနေချင်စဖွယ် သေသပ်သန့်ရှင်းနေသည်။

ကံကောင်းတာပဲ အမေသိရင် အရမ်းဝမ်းသာနိုင်၏။

လေးလေးက ဖုန်းဆက်ပြောလိုက်မယ်ဟု ပြောနေသည်။





“ဇင်ယော် တူလေးကံကောင်းတာပဲ ... ကြည့်စမ်း ရှာမှာနဲ့ဆိုင်လဲ မင်းကြိုးစားနော်၊ မင်းအတွက်ကြီးပဲကွ”

လေးလေးနိုင်က ခြံစောင့်ကနေ ဒရိုင်ဘာဖြစ်သွားသည်။

ဇင်ယော့်ကို စောင့်ရှောက်ဖို့ပါ။

ခြံစောင့်အသစ်တစ်ယောက် ထပ်ငှားလိုက်သည်။

ဇင်ယော့်အတွက် စာသင်ကြားရေး အားလုံးစီစဉ်ပေးခဲ့၏။

ဇင်ယော်တို့ခြံနှင့် ကပ်လျက်ခြံ စာသင်ဝိုင်းမှာတက်ရသည်။

“ဒါက ကျွန်တော်တို့တူသားပါ။ ဒီကစင်ဒီလေးနဲ့ စာသင်ဝိုင်းအပ်ပါတယ်”

“ကောင်းပါတယ် ... ဒီမှာလည်း သမီးကတစ်ယောက်ထဲ ...ယ်ဆိုလို့လေ နယ်ကတူမလေးတစ်ယောက်လည်း ရောက်...နိုင်မယ်”

အန်ကယ်ကျော်နိုက မိသားစုဝင်တွေနှင့် သူ့တူအဖြစ်မိတ်...သည်။

ဇင်ယော်ကတော့ စင်ဒီမောင်ဆိုတဲ့ကောင်မလေးကိုတော့ ...တ်မိသလိုပင်။

သူ့လိုတောသားမျက်စိထဲမှာ လူရှေ့သူရှေ့မှာ ဘောင်းဘီတို ...ဆိုင်ရဲပြီး ဖြူဖွေးအိစက်နေတဲ့ ပေါင်တံတွေကို မျိုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သေးၡ၏။

မဍ္ဍူရီကို သတိရနေမိသည်။

နိုးရိုးလှသွေးကြွယ်တဲ့ငယ်ချစ်ဦး … မဍ္ဍူရီ၊

ငါလေသူဌေးသား ဖြစ်နေပြီဟ။

နင်အရမ်းအရမ်း အံ့သြသွားလိမ့်မယ်။

ဇင်ယော်ကို လျှော့မတွက်ထားနဲ့လို့ ငါပြောခဲ့တာလေ။

"ဒါက အန်တီနွဲ့သမီးငယ်လေး … စင်ဒီမောင်တဲ့ အန်တီ

ခင်ပွန်းနဲ့သားကြီးကတော့ အလုပ်ကိစ္စနဲ့နယ်သွားနေကြတယ်လေ"

"စင်ဒီ အန်တီမိတ္တူလေး အဲ့သားလေးပဲပေါ့၊ ဇင်ယော်ရဲ့

ခင်ခင်မင်မင်နေကြနော်"

"ဟုတ်ကဲ့"

"သားဇင်ယော်လည်း ခင်မင်ပါ၊ အန်တီနွဲ့တို့အိမ်ကိုဝင်ထွက်

နော်၊ အားမနာပါနဲ့ အတူတူစာသင်ကြရမယ့်သူတွေပဲ"

"ဟုတ်ကဲ့"

"ဇင်ယော်"

"ဟင်"

"ခြံထဲသွားရအောင်"

"ဟင် … ဟို … "





"လိုက်သွားလေသား … "

ဘယ်လိုမိန်းကလေးမျိုးလဲ မိဘတွေကလည်း အေးဆေးပဲ။

ဇင်ယော်တစ်ယောက်ထဲ မျက်စိရှုက်နေသည်။

သူကတောသား အနက်ကယ်ဂျော်က အတင်းလိုက်ခိုင်းနေ၍

ထလိုက်လာခဲ့ရ၏။

စိမ်ရှေ့ရွာက ဇင်ယော်နှင့် ဘာမှမဆိုင်။

အဝတ်အစားကအစ လန်ပျံနေသည်။

"ဇင်ယော်"

"ဟင်"

"ရှင်စာတော်လား"

"ကြိုးစားနေပါတယ်"

"ရည်းစားရောရှိလား"

"ဟာ … ဘာတွေလာမေးနေတာလဲ၊ နင်ကမိန်းကလေး

လေ"

"ဘာနင်လဲ တောကျလိုက်တာ … ကိုယ်လို့ပြော … "

စင်ဒီကတော့ ဇင်ယော့်ကို မြင်မြင်ချင်းပဲ တကယ်မိုက်သည်

ဟု တွေးမိနေသည်။

မန္တလေးကတဲ့ ဇင်ယော်ဝတ်စားထားတဲ့ပုံစံက စတိုင်လ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စင်ဒီကြိတ်ပြီး ဝမ်းသာပျော်ရွှင်နေသည်။

"ပြောလေ ရှင့်မှာ ရည်းစားကျန်ခဲ့လားလို့"

"မရှိပါဘူး ... ငါက အဲ ... ကိုယ်က ပညာရေးကလွဲပြီး ဘာမှ စိတ်မဝင်စားဘူး"

"OK ကြိုက်သွားပြီ"

"ဘာပြောတယ်"

"သဘောကျသွားပြီလို့ပြောတာပါ၊ စင်ဒီက ပွင့်လင်းတယ် နော်၊ ငယ်ငယ်လေးထဲကပဲ Free Style နေတာ"

အမေက ဇင်ယော့်ကို မြို့မှာသူဌေးသမီးကိုရှာယူတဲ့။

မဥ္ဇူရီတော့ သူ့မှာ ဘာအထင်ကြီးစရာမှ မရှိဘူးတဲ့။

စင်ဒီမောင့်ကို အမေ တွေ့ရင် ဘာပြောမလဲ။

"ဇင်ယော်"

"ဟင်"

"ကြောက်နေတာလား"

"မကြောက်ပါဘူး"

"စင်ဒီလည်း ယောကျ်ားတွေကို လုံးဝအထင်မကြီးတာ ... ဒါပေမယ့်လေ ဇင်ယော့်ကိုတော့ အထင်ကြီးတယ်"

"ငါ့မှာ ဘာအထင်ကြီးစရာမှလည်း မရှိဘူးနော်"





"အန်ကယ်ဂျော်ပြောတာလေ ဇင်ယော်က ရည်မှန်းချက်ကြီးတယ်တဲ့ စာလည်းအရမ်းတော်တယ်ဆို"

"နင်ကယောကျ်ားတစ်ယောက်ကို အရည်အချင်းကြောင့် တ်သက်ချင်တာလား"

"ဘာနင်လဲ အပြောအဆိုတွေ ပြင်ဆင်စမ်းပါ၊ ပုံစံနဲ့တခြားစီ ..."

"ကိုယ်ကတော့ အရမ်းဖြူစင်ပြီး ဂုဏ်တွေပကာသနတွေကို တ်မောတဲ့မိန်းကလေးကိုပဲ နှစ်သက်တယ်"

"မိန်းကလေးဆိုတာတော့ မှန်းထားရတာပေါ့ရှင့် ဦးနှောက် ရမယ်လေ ... ဂုဏ်ဒြပ်တွေကိုတော့ စင်ဒီမမက်ပါဘူး၊ စင်ဒီ့မှာ နေတယ်လေ"

"ကိုယ်သွားတော့မယ်"

"ဘယ်သွားမှာလဲ"

"ပြန်မယ်လေ"

"အန်တီမိနဲ့မာမီနဲ့က ခင်မင်ကြတယ်လေ"

ဇင်ယော်ကတော့ မဥ္ဇူရီကိုသတိရမိနေသည်။

ငယ်ချစ်ဦး ...

စင်ဒီမောင်နှင့် စကားပြောနေရတာပင် မဥ္ဇူရီ့အပေါ် သူ့



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ရော ကျနေမလားလို့ တွေးမိနေသည်။

"ခင်ယော်"

"ပြော"

"စင်ဒီနဲ့စကားပြောနေရတာကို ရှင်ကကြောက်နေသလိုပဲ"

သူ စင်ဒီမောင့်အဝတ်အစားတွေကြောင့်ရှက်သည်။

မျက်နှာလည်း ပူနေ၏။

မကြည့်ရဲ ...

ပြန်ချင်လာ၏။

အန်ကယ်ဂျော်တို့ ထွက်လာ၍ ခင်ယော်စိတ်သက်သာရာ ရသွားသည်။

"ခင်ယော် နေချင်နေခဲ့လေ"

"ပြန်လိုက်မယ် အန်ကယ် ... "

"သူကလေ ပြန်မယ်ပဲလုပ်နေတယ် အန်ကယ်ဂျော်"

"သွားမယ်သမီးလေးရေ သားလည်း ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရဦးမယ်လေ"

"ဟုတ်ကဲ့"

ခင်ယော် ခပ်သွက်သွက်လေးပဲ လှမ်းထွက်လာခဲ့သည်။

ခြံထဲပြန်ဝင်လာမှ စိတ်သက်သာရာရသွား၏။





ဖောချွေးတွေ ပြန်လာသည်။

"သားကကြောက်နေတာလား ဘာမှကြောက်စရာမရှိပါဘူး မင်းက အန်တယ့်သားပဲ"

"ခင်ယော် ရှက်တာပါ"

"ဘာဖြစ်လို့လဲ"

"စင်ဒီမောင် ဝတ်ထားတာက ခင်ယော် မကြည့်ရဲဘူး"

"ခေတ်နဲ့အညီဝတ်ထားတာပါ ခင်ယော်ရယ်၊ မင်းက ရိုးသားလွန်းတယ်"

စင်ဒီမောင်နှင့်ပတ်သက်ရမှာ လန့်နေသည်။

မဥ္စူရီအပေါ်လည်း သစ္စာမဲ့ရာမရောက်ချင်။

ခင်ယော့်အဖြစ်ကို အန်ကယ်ဂျော်နှင့် အန်တီမိတို့က သဘောကျလို့မဆုံးတော့။

ရယ်နေကြ၏ ...

ခင်ယော် အိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။

www.burmeseclassic.com

အခန်း ( ၄ )

"သူဌေးမင်းရယ် ... ကျွန်မသမီးလေး ... ဆေးကျောင်းကို အရမ်းတက်ချင်ပါတယ်ရှင် အဲဒါကြောင့် မြို့မှာကျောင်းတက်စေချင်ပါတယ်၊ အကူအညီပေးပါနော်"

"စိတ်ချပါ ကျွန်တော့်မှာလည်း သမီးလေးတစ်ယောက်ရှိပါတယ် တက္ကသိုလ်ဝင်တန်းပါ၊ စာသင်ဝိုင်းမှာ မဥ္ဇူရီဆိုတဲ့မိန်းကလေး တစ်ယောက်ထည့်ထားပေးပါလို့ ပြောထားပါတယ်၊ မဥ္ဇူရီကို စောင့်ရှောက်ပေးပါ့မယ်"

"ဝမ်းသာလိုက်တာရှင် ... ဒီသမီးလေးဘဝ ကောင်းစားရေး အတွက် ကျွန်မတို့စိတ်မောနေရတာပါ၊ သမီးကလည်း လိမ္မာပါတယ်၊ ကြိုးစားပါတယ်၊ ဟိုလေ ... ကျွန်မသမီးမဥ္ဇူရီက ရည်းစားဆိုသည်း မထားဖူးပါဘူး၊ ကြောက်လည်းကြောက်တတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ ဆုံးမသွန်သင်ပေးပါ”

အမေဘာတွေပြောနေတာလဲ မဥ္ဇူရီရှက်သည်။

သူဌေး သားအဖကို အငမ်းမရအထင်တကြီးနှင့် ဂရုတစိုက် ကြီးလုပ်ပြနေတာကိုလည်း မကြိုက်မိ။

သူဌေးသားဆိုတဲ့လူကလည်း မဥ္ဇူရီအား အရောတဝင် ရှိလွန်းသည်။

“မဥ္ဇူရီအတွက် စိတ်ချပါ အန်တီသော် ... နောင်လည်း ဂရုတစိုက် စောင့်ရှောက်ပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်သားရယ် မဥ္ဇူရီလိုအပ်တာတွေလည်း ရှိနေမှာပါ ... ဆုံးမနော်”

“ဟုတ်”

နောင်ကတော့ တောသူမလေးမဥ္ဇူရီကို သဘောကျသွား သည်။

ဖြူစင်လိုက်တဲ့ကောင်မလေး ...

နောင့်အကြိုက်ပဲ ချောမောသူ ...

“မဥ္ဇူရီ”

“ရှင်”

“ရွာပြင်မှာ ရှုခင်းတွေကောင်းတယ်၊ ကိုယ်တို့သွားကြည့်





အောင် လိုက်ပြပေးနော်”

“လိုက်သွားလေမဥ္ဇူရီ ... မောင်နောင်နောင်ကျော့ကို လိုက်ပြပေးလိုက်ပါ”

အမေက အဖြစ်ကိုသည်းတယ်။

မဥ္ဇူရီကတော့ ဇင်ယော်ကိုပဲ ချစ်တယ်။

လူချင်းတွေ့တာမှ မကြာသေးဘူး။

တရင်းတနှီးနဲ့ ရွာထဲလည်း မထွက်ချင်ပါဘူး ... ဇင်ယော် အမေတွေ့သွားရင် ဘယ်လိုလုပ်မလဲ။

အဖေရော အမေရောက အတင်းလိုက်ခိုင်းနေ၍ မဥ္ဇူရီ လိုက်သွားရသည်။

“မဥ္ဇူရီ”

“ရှင်”

“မင်းမှာ ရည်းစားမရှိဘူးဆိုတာ တကယ်ပဲလား”

ချစ်သူရှိတာပေါ့ပြောမလို့လုပ်ပြီးမှ မပြောပြဖြစ်တော့။

အဖေ့ကိုကြောက်သည်။

မဥ္ဇူရီလည်း ... မြို့ကိုတက်ချင်နေ၏။

ဇင်ယော်ကို ရှာချင်သည်။

“မရှိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မင်းတကယ်ဖြူစင်တယ်"

"ရှင်"

"ကိုယ်က မင်းလိုဖြူစင်ပြီး ချစ်စရာကောင်းတဲ့မိန်းကလေး

မျိုးကိုမှ နှစ်သက်တယ်"

"ဟင်"

"မဠျူရီ"

"ရှင်"

"ကိုယ့်ကိုမကြောက်ပါနဲ့ကွာ"

မဠျူရီရဲ့လက်ကို ဆုပ်ကိုင်လိုက်သဖြင့် ... အထိတ်တလ

ရှန်းဖယ်ပစ်မိသည်။

သူမလက်လေးအား ဖင်ယော်ပင် တစ်ကြိမ်တစ်ခါမျှ မဆွ

ခဲ့ဘူးပေ။

"မဠျူရီကို စော်ကားဖို့မဟုတ်ပါဘူး ခင်မင်မှုပါ"

"အဲလိုတော့ မလုပ်ပါနဲ့ကိုနောင် ... မဠျူရီ မကြိုက်လို့

တောင်းပန်ပါတယ်နော်"

"ရိုးသားတဲ့မိန်းကလေးပဲ"

"ပြန်ကြပါစို့နော်"

"မဠျူရီရယ် ကိုယ်တို့အခုမှထွက်လာတာပါ။ ဒီနားမှာ ဇ





အောင် ကွတ်ပြစ်လေးလည်းရှိတာပဲ"

"ရှင်"

ဖင်ယော်နှင့် ချိန်းတွေ့နေကြနေရာလေးပါ။

ရွာအပြင်ရောက်ပြီး တောအုပ်အစပ်မှာဖြစ်သည်။

ဖင်ယော့်အပေါ် သစ္စာမဲ့ ရာရောက်နေပြီလားပင်မသိ။

မဠျူရီ မထိုင်ချင်။

ဖင်ယော့်အမေ တွေ့သွားမှာလည်း ကြောက်သည်။

"လာလေ"

"ဟို ... ကိုနောင်ထိုင်ပါ မဠျူရီရပ်နေမယ်"

"ဘာဖြစ်လို့လဲ ... ကိုယ့်ကိုကြောက်လို့လား ... ဒါမဠျူရီတို့

ရွာလေ"

"မဟုတ်ပါဘူး မကြောက်ပါဘူးနော်၊ မတင့်တယ်လို့ပါ"

"ဘာကိုမတင့်တယ်ရတာလဲ မဠျူရီ"

"ဟို ... ပတ်ဝန်းကျင်လေ၊ တစ်မျိုးပြောမှာကြောက်တယ်"

"မဠျူရီရယ်"

ရိုးသားဖြူစင်တဲ့ ကောင်မလေးတစ်ယောက်ဟု သူတွေးမိ

သည် ...

သဘောကျစရာကောင်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နှောင့်အတွက် မိန်းကလေးဆိုတာ မဆန်းတဲ့ကိစ္စဖြစ်နေ၏။

ကောင်မလေးကတော့ အစိမ်းသက်သက်လေးပါ ...

ရှက်လွန်း၍ မျက်နှာလေးပေါ်မှာ ပန်းသွေးရောင် ပြေးနေ သည်။

"ပြန်ကြစို့နော်၊ မဥ္စူရီတို့တောက ရန်ကုန်မြို့ကြီးလောက် မသာယာပါဘူး"

"ကိုယ့်ရင်ကိုတော့အေးစေတယ် မဥ္စူရီ"

မဥ္စူရီပြုံးချင်နေသည် ...

ဇင်ယော်ကွယ်ရာမှ ယောက်ျားလေးတစ်ယောက်နှင့် အ တူနေရတာ စိတ်ကမသန့်။

ရှက်လို့ သေတော့မယ်။

ပြီးတော့လည်း ဒီနေရာလေးမှာ ဇင်ယော်နှင့် တွေ့နေ နေရာလေးပါ။

"မင်းအရမ်းကြောက်နေတာပဲကွာ ... ကြည့်ပါဦး မျက် လေးကရဲနေတာပဲ၊ အရမ်းရှက်တတ်တဲ့ကောင်မလေးပါလား"

မဥ္စူရီပါးလေးကို ကိုနှောင် အသာအယာဆွဲလိမ်မိသည်။

ကောင်မလေးက သူ့လက်ကိုဖယ်ပစ်နေ၏။

နှောင် ရင်တော့ခုန်ရ၏။





ဘာအဆင့်မှမရှိတဲ့မိန်းကလေးကို လက်မထပ်လိုပေမယ့် ပျော်စရာ စိတ်လှုပ်စားစရာပင်။

"ကျွန်မအသားကိုမထိပါနဲ့ ကျွန်မကြောက်တယ်"

မြို့ကိုလိုက်သွားဖို့ပင် မဥ္စူရီကြောက်နေမိသည်။

ဒီလူက လက်ရမ်းတယ်။

မဥ္စူရီကို တစ်ခုခုလုပ်မှာ သေချာသည်။

အမေကတော့ မဥ္စူရီနဲ့လက်ထပ်စေချင်နေ၏။

ငွေကြေးချမ်းသာတာကိုပဲ ကြည့်သည်။

"ပြန်မယ်"

"မဥ္စူရီ"

သူမရှာဘက်ကိုပဲ ပြန်၍လှည့်လာသည်။

ခြေလှမ်းတွေက မြန်နေ၏။

သူကနောက်မှလိုက်လာပြီး သူမလက်ကိုဆွဲထားသည်။

"မင်းအေးအေးဆေးဆေးလျှောက်စမ်းပါ မဥ္စူရီ ... မင်းဒီလို နေရင် ကိုယ်ဖက်နမ်းပစ်လိုက်မှာနော်"

"ရှင် ... ရှင်"

မဥ္စူရီခြေလှမ်းလေးတွေ ...

တုန့်ခနဲ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်ရယ်ပစ်လိုက်၏။

အချစ်တွေက သူ့ရင်ကို ရိုက်ခတ်နေမိသည်။

“ပတ်ဝန်းကျင်က ကိုယ့်ကိုဘာပြောမလဲ ... မင်းကို နှောက်ယှက်နေတာလို့ မထင်ဘူးလား”

“ကျွန်မရောက်တယ် ပတ်ဝန်းကျင်က သူဌေးသားကို မြူဆွယ်နေတာလို့ထင်မှာလည်း အရမ်းကြောက်တယ်”

မဥ္ဇူရီခြေလှမ်းကို မြန်မြန်မလျှောက်ရဲတော့ပေ။

စိတ်တွေ လေးလံနေသည်။

ဖင်ယော်ရယ် ...

နင်နဲ့တွေ့ချင်လွန်းလို့သာ ငါလေ မြို့ကို တက်မှာပါ။

အိမ်ပြန်ရောက်လာသည်။

“မနက်ဖြန် ရန်ကုန်ပြန်မှာမို့ မဥ္ဇူရီ အဆင်သင့်ပြင်ထားနော်”

“ဟုတ်ကဲ့သူဌေး ... သမီးလေးပညာရေးအတွက်မို့သာပါ။ တစ်ဦးတည်းသောသမီးလေးမို့ မခွဲနိုင်ပါဘူးရှင်”

“ပညာရေးပဲလေ ခွဲရမှာပါပဲ ရန်ကုန်မှာ ကျုရှင်ဝိုင်းကလည်း စတော့မယ်တဲ့ မဥ္ဇူရီအတွက် ပြန်ကြရမှာပါ”

“ကျေးဇူးတင်လိုက်တာ သူဌေးရယ် ... သမီးလေးကိုအပ်ပါတယ်၊ သမီးမဥ္ဇူရီလည်း ဆရာဝန်ဖြစ်အောင်ကြိုးစားပါ၊ သမီးက





ညီမှန်းချက်ကြီးတယ် မဟုတ်လား”

ဟွန်း ...

အမေကတော့ လုပ်ချလိုက်ပြန်ပြီ။

မဥ္ဇူရီ ဘယ်တုန်းကမှ ဆရာဝန်မဖြစ်ချင်ခဲ့။

ကြောက်လွန်းလို့ သွေးလည်းမကြည့်ရဲပေ။

မဥ္ဇူရီ အပေါ်သို့တက်လာခဲ့သည်။

“မဥ္ဇူရီ ဘယ်လိုဖြစ်လာတာလဲ မျက်နှာလေးလည်းနွမ်းလို့”

“ဟိုကောင်ပေါ့”

“ဟင် ... ညီမလေးကို ဘာလုပ်လိုက်လဲ”

“လက်ကိုင်လိုက်၊ ပါးတို့လိုက်နဲ့ မဥ္ဇူရီသေပစ်ချင်တယ်၊ ဘာတွေလုပ်နေတာလဲ မဥ္ဇူရီ ရှက်လို့သေတော့မယ်”

ချောစုကလည်း အဲဒီကောင်ကိုကြည့်လို့မရပါဘူး။

ဖင်ယော်နဲ့ပဲ သဘောတူတယ်။

မဥ္ဇူရီလေးက ရိုးသားတော့ ငယ်ချစ်ဦးပဲ ကောင်းမည်။

အမေ တက်လာသည်။

“မဥ္ဇူရီ ညည်းမျက်နှာက ဘာဖြစ်နေတာလဲ၊ နောင်လေးက ဘာရတစ်ကိုက် လုပ်နေတာကို ... ဘာဖြစ်လို့ ချက်ချင်းကြီး ပြောတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အမေရာ ... သူက မဠူရီလက်ကိုကိုင်တယ်၊ ပါးကိုတို့တယ်၊ မဠူရီအရမ်းရှက်တာပဲ မြို့ကိုတောင် လိုက်မသွားချင်တော့ဘူး"

"ဘာပြောတယ် မဠူရီ၊ ညည်းကများ နောင်နဲ့လက်ထပ်ပေးဖို့ ရည်ရွယ်ထားတာဟဲ့ နောင်က ဂရုတစိုက် ကြင်နာပြနေတာ ညည်းက အိုင်တင်ခံမနေစမ်းပါနဲ့အေ"

"မေမေ"

"ဘာလဲ ... မိဘက ကောင်းစားစေချင်လို့ စီစဉ်တာလေ နောင်က သူဌေးသား ... ကုမ္ပဏီပိုင်ရှင်သားဟဲ့၊ သမီးလေးရဲ့ စိတ်ကူးမလွဲစမ်းပါနဲ့ တရင်တနှီးနေစမ်းပါ ... ပြီးတော့ ... ညည်းစာကြိုးစားပါ၊ ဆေးကျောင်းတက်ခွင့်ရအောင်"

"အမေ"

"ဘာအမေလဲ ငါခိုင်းတာလုပ်စမ်းပါ၊ နောင်ကချစ်တယ်လို့ ပြောရင်လည်း မငြင်းနဲ့၊ လက်ခံလိုက် အမေ့သမီးလေး ရှေ့ရေး ကွယ်"

"အမေရယ် ... သူကရော မဠူရီကို တရားဝင်လက်ထပ် မလား ... အမေက ဇင်ယော့်ကိုအထင်သေးနေသလို သူတို့ကလည်း တောသူမ မဠူရီကို အထင်သေးမှာပါ"





"ဘာအထင်သေးစရာရှိလဲသမီး၊ မေမေတို့လည်း ငွေကြေးပြည့်စုံတာပဲ၊ မိန်းကလေးတစ်ယောက်က လှပချောမောဖို့ပဲလိုအပ်တယ်၊ သူဌေးသားကိုယ်တိုင်က ညည်းကိုသဘောကျနေတာပဲ၊ ဆရာဝန်မလေးဖြစ်သွားရင် ဘယ်လောက်ဂုဏ်ရှိလိုက်မလဲ၊ အမေတို့ အသက်ကြီးပါပြီ၊ သမီးလေးပဲ အားကိုးရမှာလေနော်"

အမေ့ကြောင့် မဠူရီစိတ်ညစ်မိသည်။

မြို့သားကိုပဲ အထင်ကြီးနေတယ် ...

မဠူရီက ဉာဏ်မကောင်းဘူး။

အောင်ရုံတောင် ကြိုးစားရမှာ။

ဇင်ယော်က ဉာဏ်ကောင်းသည်။

နင် အပြတ် ကြိုးစားပြလိုက်စမ်းပါ ဇင်ယော်ရယ် ...

ဆရာဝန် ဖြစ်အောင်လေ။

အမေအထင်ကြီးမှ ဖြစ်မယ်။

မဠူရီသတိရနေတာက ဇင်ယော်ပဲ ဖြစ်သည်။

"ရန်ကုန်ရောက်ရင်လည်း ညည်းနေချင်သလို နေလို့ရမယ် ... ထင်နဲ့နော်မဠူရီ၊ ဟိုကောင်က ရန်ကုန်မှာ ကျောင်းတက်ဖို့သွားမယ် ... တွေ့ဖို့တော့ လုံးဝမစဉ်းစားနဲ့ ငါက စုံစမ်းနေမှာ"

ဒေါ်ငွေသော်ကတော့ ဇင်ယော်လိုကောင်လေးနှင့် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူနိုင်ပေ။

နောင်နှဲ့ပဲ သဘောတူတယ် ...

သမီးမချူရီကို အားမရ ဖြစ်နေရသည်။

"မချူရီနော် ... မေမေ့စကားကို နားထောင် ... မကြာခင် မေမေတို့လည်း မြို့တက်လာမယ်၊ ညည်းအဖေ တိုက်ခန်းဝယ်မယ်တဲ့ ... တောမှာတော့ဘဝကို ဇာတ်မမြုပ်နိုင်ဘူး၊ ညည်းဘဝ ရှေ့ရေးအတွက်လည်း ပါတယ်နော် ... "

အမေ သတိတွေပေးရင်း မချူရီကိုလည်း ခြိမ်းခြောက်ဆူပွက်ရင်း မြန်သွားသည်။

"ညည်းသေမယ်နော် .. ငါ့ကို ဘာထင်နေလဲမချူရီ ... နင် မဟုတ်တာလုပ်ဖို့စဉ်းစားရင် ဇင်ယော် ထောင်ထဲရောက်ပြီပဲ"

"အမေကလဲ မချူရီသိပါတယ်"

"ပြီးရော"

"ဟိုကောင်မ ချောစု၊ နင်လည်းသတိထား ကိုယ့်ညီမ ဒုက္ခရောက်အောင် လုပ်ချင်နေတယ်၊ ညည်းပါ သူတောင်းစား ဖြစ်သွားမယ်နော် ... "

"ဒေါ်လေးသော်ကလည်း ချောစုဘာလုပ်လို့လဲ ... ချောစုလည်း ညီမလေးကို သူဌေးကတော်ပဲ ဖြစ်စေချင်နေတာပါ"





"မနက်ဖြန်လိုက်သွားဖို့ အထုတ်ပိုင်းပြင်ပေးလိုက် အရေး
တာက အလှပြင်ပစ္စည်းတွေနဲ့ အဝတ်အစားတွေ မမေ့စေနဲ့"

"ဟုတ်ကဲ့"

ဒေါ်လေးသော် ပြန်ထွက်သွားမှ ချောစုလည်း အသက်ရှူ
ဝင့်သွားရသည်။

"အမယ်လေး ... မြို့မှာကျောင်းသွားတက်မှာများ ရှပ်ရှင်
သမီးလုပ်မှာကျနေတာပဲ အလှပြင်ပစ္စည်းတွေ ထည့်သွားတဲ့
ယ်ဘူး"

"မချူရီတော့ သေပစ်ချင်နေပြီ မမချောရယ် ... ဘယ်လို
ပြီး မချူရီက ဆေးကျောင်းတက်နိုင်မှာလဲ ... ကိုယ့်ကိုကိုယ်
ာင် သတ်သေပစ်လိုက်ချင်ပြီ"

"အမယ်လေး ... မလုပ်လိုက်ပါနဲ့မချူရီရယ်၊ အချိန်ဆိုတာ
င့်နိုင်ရင် အကျိုးရှိပါတယ်၊ မမချောလည်း ရောက်လာမှာပါ၊
လောဆယ်တော့ အလိုက်အထိုက် ကြည့်နေလိုက်စမ်းပါဟဲ့"

"အင်းပါ"

ဇင်ယော် နင်နဲ့ဝေးရရင်တော့ မချူရီသေမှာပဲ။

နင်ကလွဲပြီး ဘယ်လိုယောက်ျားမျိုးရဲ့ရင်ခွင်ထဲကိုမှ ငါမဝင်



www.burmeseclassic.com

www.burmeseclassic.com



သေပစ်မယ် …

နောင်နောင်ကျော်ဆိုတဲ့လူကိုလည်း ငါလုံးဝအထင်မကြီးပါဘူး။

မချူရီမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လာသည်။

"မငိုပါနဲ့ညီမလေးရယ်၊ ဖူးစာရှင်မှန်ရင် ဘယ်သူမှခွဲလို့မရပါဘူး၊ မငိုနဲ့လေ"

ချောစုလည်း ညီမမချူရီအတွက် စိတ်မကောင်းဖြစ်ရသည်။

သူမလည်း ဘယ်လိုမှမကူညီနိုင်ပေ။

ဒေါ်လေးသော် လွန်တယ် …

ဂုဏ်ပကာသနတွေကို မက်မောနေ၏။

အရှက်လည်း မရှိတော့။

ငွေ … ငွေနဲ့ ဘဝကိုမေ့နေသည်။

မချူရီအတွက် ပစ္စည်းတွေမကျန်ရစ်စေရန်လည်း ဂရုတစိုက်ထည့်ပေးနေရ၏။

ဒေါ်လေးသော် လာစစ်ဆေးမှာပါ။

ချောစုမှာ တခြားနေထိုင်စရာ မရှိလို့ပါနော်။

မချူရီလေးကတော့ မျက်ရည်တွေ တလိမ့်လိမ့်စီးကျနေရင်း ငုတ်တုတ်လေးထိုင်နေသည်။





"ဧင်ယော်နဲ့တွေ့ချင်တယ်၊ မချူရီရင်ထဲမှာ ပြောပြစရာစကားတွေအများကြီးပဲ မမချောရယ်၊ စိတ်တွေပူလိုက်တာ"

ဧင်ယော်ကို တွေ့ကိုတွေ့ရမယ်။

ကတိတွေ တောင်းရဦးမယ်။

မချူရီကိုလည်း နားလည်ပေးပြီး စောင့်ပါလို့ ပြောပြချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

"တို့ဝိုင်းကို တို့ကိုကိုနဲ့လက်ထပ်ပေးဖို့ ရည်ရွယ်ထားတဲ့ ကောင်မလေးတစ်ယောက် ရောက်လာလိမ့်မယ် ဇင်ယော်"

"ဟုတ်လား"

"သူ့နာမည်က မဥ္စူရီတဲ့"

"ဘာပြောတယ်"

"ဇင်ယော်ကလည်း ဘာဖြစ်တာလဲ အလန့်တကြားနဲ့"

မဥ္စူရီ ...

နင်လား ...

မဥ္စူရီ ရန်ကုန်တက်လာမယ်ဆိုတာလည်း ဇင်ယော်သိနေသည်။

စိတ်တွေပူလာ၏။



www.burmeseclassic.com

www.burmeseclassic.com



စင်ဒီကိုကိုနဲ့ လက်ထပ်ပေးမှာတဲ့။

မဥ္ဇူရီတို့အိမ်ကိုလည်း သူဌေးသားအဖ ရောက်လာမယ်လို့ ပြောထားသည်။

"စိမ်ရေရွှာလေးကတဲ့ ကိုကိုဖုန်းဆက်တာတော့လေ အရမ်းချောတယ်၊ ရိုးသားဖြူစင်တယ်တဲ့၊ ရှက်လည်း အရမ်းရှက်တတ်တယ်တဲ့"

မဥ္ဇူရီ ... နင်ပဲ။

ဇင်ယော်စိတ်တွေ တုန်တုန်လှုပ်လှုပ်ကြီးနှင့် ဒေါသတွေ ပေါက်ကွဲချင်လာသည်။

သူ့စိတ်ကို ထိန်းချုပ်မှဖြစ်မယ်။

သူ့ကို စိမ်ရေရွှာလေးကမှန်း ဘယ်သူမှမသိကြ။

မွေးစားမိဘတွေက ဖာတ်မြှုပ်ထားသည်။

"မဥ္ဇူရီ နင်က ငါ့အပေါ် သစ္စာမဲ့လိုက်ပြီလားဟာ"

မဥ္ဇူရီအမေရဲ့ ကြံစည်မှုတွေပဲ ဖြစ်နိုင်သည်။

သူဌေးသားနဲ့ လက်ထပ်မှာတဲ့လား။

နင်ကရော လက်ခံသဘောတူလိုက်ပြီလား မဥ္ဇူရီ ...

စင်ဒီ့အနားမှာ ဇင်ယော်မနေချင်တော့။

ထွက်လာခဲ့၏ ...





စင်ဒီကတားသည်။

"ဇင်ယော်နော် ... ပဲတွေအရမ်းပေးမနေနဲ့ ... ဘာဖြစ်လို့ ဒီလောက်အထိ ပြန်ချင်ရတာလဲ"

"ကိုယ့်မှာကိစ္စရှိသေးတယ်၊ စင်ဒီနဲ့လည်း ဘာမှပြောစရာမှ မရှိတာပဲ"

"ရှိတယ်"

"စင်ဒီ"

"ဟင်"

"ကိုယ်က မိန်းကလေးတွေနဲ့ စကားပြောရတာ အခက်အခဲ ဖြစ်တယ်၊ နေလို့မရဘူး ... တဖြည်းဖြည်းတော့ ကျင့်သားရမှာပါ"

စင်ဒီမိခင်ကလည်း ဇင်ယော်နှင့် တရင်းတနှီးနေစေသည်။

သူ့ကို သား ... သား ... နှင့် ဇင်ယော်စိတ်ညစ်မိ၏။

စင်ဒီ ဘယ်လောက်ပဲတားတား သူပြန်လာခဲ့သည်။

"လေးလေးနိုင်"

"ဘာဖြစ်လာတာလဲ ဇင်ယော်"

"ဇင်ယော်တို့ဝိုင်းကို မဥ္ဇူရီရောက်လာမယ်တဲ့"

"ဟင်"

ဦးနိုင်ပင် ဇင်ယော့်စကားကြောင့် ... အံ့သြသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်လွန်းနေ၏။

မဠျုရီအမေက ဘ၀မေ့ပြီး မာန်မာနတွေ တက်ကြွကာ

ယော့်အား သူ့သမီးနှင့်ခင်မင်တာပင် မကြိုက်ပဲ ဖြစ်နေသည်။

"ကျွန်တော် သူတို့နဲ့မတက်ချင်တော့ဘူး"

"ဇင်ယော်ရာ ... မင်းကလည်း ဘာဖြစ်လဲ၊ ယောကျ်ားလေ

ပဲဟာ ခပ်တည်တည်ပေါ့၊ သူဌေးတို့ကိုအားနာစရာကြီးကွာ"

"မဠျုရီနဲ့ ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ၊ သူက မသိချင်

ယောင်ဆောင်ရင် မင်းလည်း မသိချင်ယောင်ဆောင်နေလိုက်ပေ

ဘာဖြစ်လဲ"

"မဠျုရီကို သူ့အဖေက အတင်းအကြပ်လွှတ်တာဖြစ်မယ်

"နောင်က မဠျုရီတို့ဆီ ရောက်နေပြီလေ၊ နောင်ကတော့

ရှုပ်ပွေတယ်နော်၊ မငွေသော် အနံ့ကြီးကွင်းကျယ်လုပ်နေတာ ထိုး

မဠျုရီကိုတော့ အထိမခံနိုင်ပေ။

ဇင်ယော် ဘယ်လိုလုပ်ရမလဲ။

လေးလေးနိုင်က သူတို့နှစ်ယောက်ချစ်သူတွေဆိုတာ မ

ပေ။

"အရေးစိုက်မနေစမ်းပါနဲ့ တူလေးရာ၊ ကိုယ့်ဘ၀တက်လမ်း

အတွက်ပဲ ကြိုးစားစမ်းပါ၊ မဠျုရီလေးက သဘောထားပြည့်ဝ





မယ့် သူ့မိဘတွေက အတ္တကြီးလွန်းတယ်ကွ"

ဇင်ယော့်အမေက သေသေချာချာမှာလိုက်သည်။

ဇင်ယော့်ကို မငွေသော်က မုဆိုးမသားဆိုပြီး နှိမ်လို့မခံချင်

ဖြစ်နေတာတဲ့။

သူ့သားကို ပညာတတ်ကြီးဖြစ်စေချင်တယ်တဲ့။

သူတို့သမီး မဠျုရီနဲ့တောင် နီးစပ်မှာကြောက်လို့ ပတ်သက်

ဆက်ဆံရဘူးတဲ့။

"ဇင်ယော်"

"ဗျာ"

"မင်းနဲ့မဠျုရီတို့ ချစ်သူတွေအဆင့် ဖြစ်နေပြီလား"

"ဟာ ... မဟုတ်ပါဘူးလေးလေးရာ၊ သူငယ်ချင်းတွေပါ"

"မဠျုရီကို မင်းစိတ်မ၀င်စားနဲ့နော်၊ မင်းအမေက လုံး၀လက်

ခံဘူး၊ မဠျုရီကိုယူမယ့်အစား ခွေးမကိုအမြီးဖြတ်ပေးစားမယ်တဲ့"

အမေက ဇင်ယော်ကိုလည်းမှာလိုက်သည်။

**ငွေသော့်သမီးကိုတော့** လုံး၀စိတ်မကူးနဲ့နော်။

မဠျုရီနှင့်သူ ဝေးကွာသွားတော့မှာလား။

ဇင်ယော်ကတော့ မဠျုရီကို အရယူပိုင်ဆိုင်နိုင်ဖို့ ဆုံးဖြတ်

ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စင်ဒီကိုပဲ မှန်းစမ်းပါ ဓင်ယော် ... မင်းအမေက သူ့ရွေ

သမီးကို ရွေးမတော်ချင်တာလေ"

"တော်ပါပြီဗျာ ... စင်ဒီမောင်က ရဲတင်းလွန်းလို့ ဓင်ယော

ကြောက်လာတယ်၊ ဓင်ယော့်ကို တစ်ခုခုကြိစည်မလိုကြီး"

"ဟား ... ဟား ... ဟား ... ရိုးတဲ့တူလေးရာ ကော

မလေးဘက်က ကြံစည်တာများ မင်းကကြောက်နေရလားကွ"

လေးလေးနိုင်က ရယ်မောနေပေမယ့် ဓင်ယော်မရယ်နိုင်

မဥ္ဇူရီတ သူ့အပေါ် သစ္စာဖောက်လိုက်ပြီလားဟု စိတ်

သည် လေးလေးကမသိ။

"ဓင်ယော်"

"ဗျာ"

"တူလေးဘဝ ဘယ်လောက်မြင့်မားသွားရပြီလဲ ... သူ့ဌေး

လင်မယားက သားအရမ်းလိုချင်ကြတယ်၊ မင်းကို အားကိုးကြတယ်

လေ၊ မင်းအမေလည်း ပျော်နေတယ်၊ မုဆိုးမသား အနှိမ်ခံနေရတာ

တဲ့"

သူ့အိမ်ခန်းကို ဗီဒီယိုရိုက်၍ အမေ့ဆီပို့ပေးသည်။

အမေက ပျော်နေ၏။

သူ့အတွက် မစဉ်းစားနဲ့တဲ့။





သားချမ်းသာရင်ရပြီတဲ့။

တစ်ရွာလုံးလည်း အမေလိုက်ကြွားနေပြီထင်သည်။

"ဓင်ယော် မင်းဘာဖြစ်နေတာလဲ မာနရှိစမ်းပါ၊ မင်းအမေ

ချော်လင့်ချက်တွေကို မဖျက်စီးလိုက်နဲ့နော်၊ မဥ္ဇူရီရှိလည်း ဘာဖြစ်

ကွ ကိုယ့်ပညာရေးက အရေးကြီးတယ်နော်"

"ဟုတ်ကဲ့ပါ လေးလေး"

ဓင်ယော် ကြိုးစားပြရမယ်။

မဥ္ဇူရီအတွက်ပါ။

ချစ်သူ ရောက်လာတော့မယ် မနက်ဖြန်တဲ့။

"ငါကတော့ နင့်အပေါ် လုံးဝသစ္စာရှိမှာနော် မဥ္ဇူရီ၊ နင်

င်ခွင်ကလွဲပြီး ဘယ်သူ့ရင်ခွင်မှာမှ မရှိစေရဘူး"

မဥ္ဇူရီရောက်လာမှာကို ရင်ဆိုင်နိုင်ဖို့ ... သူအတော်လေး

ားရသည်။

စင်ဒီကတစ်မျိုး ...

သူ့ဆီ ဖုန်းဆက်ခေါ်နေ၏။

ဓင်ယော်ကငြင်းတော့ ရောက်လာသည်။

"ဓင်ယော် ... ရှင်က ဘယ်လိုဖြစ်ရတာလဲ၊ ယောကျ်ားလေး

ပြီးတော့များ စင်ဒီလိုမိန်းကလေး အရောတဝင်နေတိုင်တာ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဝုဏ်ယူစမ်းပါ”

“ကိုယ်က အရောတဝင် မနေချင်ဘူးစင်ဒီ ... ကိုယ်မနေတတ်ဘူး ... မင်းလည်း မင်းဟာမင်း နေစမ်းပါ”

“မနေပါဘူး ... ရှင်က အရောတဝင် မနေချင်လေ စင်ဒီက ကပ်လေပဲ”

မဉ္ဇူရီရောက်လာရင် ပို၍ဆင်ခြင်ရမည်ဖြစ်သည်။

မဉ္ဇူရီ အထင်လွဲတာတော့ မခံနိုင်ပါဘူး။

စင်ဒီက မိန်းကလေးဖြစ်ပြီး အရှက်မရှိဘူး ... သူ့အိပ်ခန်းထဲမှ နေ၍ သူ့အပြင်သို့ထွက်လာခဲ့ရသည်။

“စင်ဒီလေး ရောက်နေတာလား”

အန်ကယ်ဂျော်နှင့် အန်တီမိတို့အပြင်ထွက်ရာမှ ... ပြန်လာသဖြင့် နှုတ်ဆက်သည်။

“ဟုတ်တယ်အန်ကယ်ဂျော် ... မာမီက တစ်မိသားစုလုံးကို ညစာဖိတ်ခိုင်းလိုက်လို့ပါ”

“ဟုတ်လား ... ကောင်းပါပြီကွယ်၊ လာရမှာပေါ့”

“ဆက်ဆက်လာကြပါတဲ့ .ဒီနေ့က မာမီ့မွေးနေ့မို့ပါ”

“လာမယ် ... လာမယ် ... ရီတာ့ကိုလည်း မွေးနေ့မှာ ကံကောင်းခြင်းတွေအားလုံး ပိုင်ဆိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း





းပါတယ်လို့ ပြောလိုက်ဦးသမီး”

“ဟုတ်ကဲ့”

ဒီလောက်တောင် မတွေ့ချင်တဲ့ဇင်ယော် မှတ်ထား။

မာမီကလည်း မဖိတ်ခိုင်းပါဘူး။

မာမီ့မွေးနေ့လည်းမဟုတ်။

စင်ဒီအိမ်ကို အပြေးအလွှား ပြန်လာခဲ့ရသည်။

“မာမီ ... စင်ဒီလေ ဒီညနေအန်ကယ်ဂျော်တို့မိသားစုကို ဖိတ်ကျွေးမလို့ ဖိတ်လာခဲ့ပြီနော်”

“ဟုတ်လား ... ဘာအတွက်လဲ ... မနက်ဖြန်ညမှ ဖိတ်တာ တ်ဘူးကွယ်”

“မာမီ့မွေးနေ့ဆိုပြီး စင်ဒီဖိတ်လာခဲ့တာ၊ မထူးတော့ပါဘူး ရာနော်”

“အေးပါကွယ် သမီးလေးသဘောပါပဲ၊ ကျွေးကြတာပေါ့”

ဒေါ်ရီတာကလည်း တဖက်ခြံကမောင်ဇင်ယော့်ကို သဘော သည်။

ရိုးသားတည်ကြည်ပုံပင်။

မိမိတို့က ငွေကြေးပြည့်စုံ ချမ်းသာပြီးသားဖြစ်၍ အရည် ရှိတဲ့သမက်လောင်းပဲ လိုအပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စင်ဒီ စီမံမယ်"

"သမီးလေး လုပ်တတ်လို့လားကွယ်"

"ဒေါ်အိမ်စိုးကိုခိုင်းမယ်လေ၊ ဈေးဝယ်မယ် စင်ဒီညွှန်ကြားမယ်"

"ကောင်းပါပြီကွယ်"

စင်ဒီ အရမ်းပျော်ပြီး ကိုယ်တိုင်ဈေးဝယ်ထွက်သွားသည်။ အလုပ်သမားကောင်မလေးနှစ်ယောက် ဆွဲခြင်းဆွဲရ၏။ စင်ဒီ ဝယ်တာတွေများလွန်း၍ မသယ်နိုင်ကြ။

"မမလေးတော်ပါတော့ အရမ်းများနေပြီနော် ... ညနေချက်ရမှာ"

"တော်ပါပြီ သွားကြမယ်"

စင်ဒီ အမြန်ပြန်လာပြီး ဇင်ယော်ကြိုက်တာတွေ မေးပြီးဝယ်ခဲ့သည်။

"လေးလေးနိုင် ဇင်ယော်ဘာတွေကြိုက်လဲ သူ့ကိုမေးရင် ပြောမှာမဟုတ်ဘူး"

"အသုပ်တွေကိုပိုကြိုက်တယ် စင်ဒီလေး၊ ဘာလဲ ... သမီးကိုယ်တိုင် စီမံနေတာလား"

"အင်း"





လေးလေးနိုင်နဲ့က ... စင်ဒီငယ်စဉ်လေးထဲက ခင်သည်။ တစ်ဖက်ခြံက ခြံစောင့်ကြီးပေမယ့် အန်ကယ်ကျော်တို့က ဆင့်အတန်းမခွဲခြားတတ်၍ ခင်မင်နေကြ၏။ ပြီးတော့လည်း အကူအညီလည်း ပေးတတ်တယ်။ စင်ဒီတို့မိသားစု အကြောင်းကိစ္စရှိလျှင် မညည်းမညူ အကူညီ ပေးတတ်သည်။

"လေးလေးနိုင်လည်း လိုက်ခဲ့နော်"

"လေးလေးနိုင် အလုပ်ရှိလို့ပါကွယ်၊ မလိုက်တော့ပါဘူး"

"စင်ဒီက လေးလေးနိုင်ကိုလည်းခင်တယ်၊ အဲဒီခြံကလူတွေ ရင် အားလုံးကိုခင်တယ်၊ အရမ်းကျေးဇူးချင်တာပဲ",

"ကျေးဇူးတင်ပါတယ်ကွယ်"

ဦးနိုင်က ဇင်ယော့်ကိုပြောပြတော့ မိန်းကလေးဖြစ်ပြီး ကျားလေးတစ်ယောက်ကို ပေါ်တင်ပိုးပမ်းတာ သူ့အမုန်းဆုံး တဲ့။

"ဇင်ယော်ရာ မင်းကလည်း စင်ဒီလေးက ခင်တတ်တာပဲ ဒီလေးက ခင်တတ်တယ်ကွ၊ အဆင့်အတန်းလည်း မခွဲခြားဘူး ပွင့်လင်းလင်း နေထိုင်တာပါ၊ စိတ်သဘောထားပြည့်ဝပါတယ်"

သူကတော့ မချူရီကလွဲပြီး ဘယ်မိန်းကလေးနှင့်မှ အရော



www.burmeseclassic.com

www.burmeseclassic.com



တဝင်မနေချင်။

ချစ်သူမဥ္ဇူရီအား သစ္စာဖောက်စေမည့် အခြေအနေကိုရှောင်ချင်သည်။

ဇင်ယော်နှင့်မဥ္ဇူရီက ငယ်ချစ်ဦးတွေ … ငယ်ပေါင်းတွေပါ။

ညနေကျတော့ စင်ဒီတို့အိမ်မှာ ညစာသွားစားရသည်။

“သားက ဘာမှသိမ်ငယ်မနေပါနဲ့ သားကိုသား သူဌေးသားလို့ပဲ သတ်မှတ်ထားပါ။ အန်ကယ်ဂျော်တို့လင်မယားနှစ်ယောက်လုံးမင်းကို သားအရင်းလို့ သံယောဇဉ်တွယ်ပြီး အားကိုးနေမိတယ်”

မိမိတို့မှာ သားသမီးမရခဲ့ပေ။

ထို့ကြောင့်ပင် ဇင်ယော့်ကို တွေ့ရတော့ သားအရင်းလိုပင်ချစ်ခင် သံယောဇဉ်တွယ်မိကြသည်။

“စင်ဒီလေးကလည်း ခေတ်ရှေ့ပြေးပြီး ပွင့်ပွင့်လင်းလင်းနေထိုင်တတ်တာပါ၊ စိတ်သဘောထား ပြည့်ဝရှာပါတယ်”

ဇင်ယော်ကတော့ လူကြီးတွေကိုလေးစား၍ ဘာမှမပြောလိုတော့။

စင်ဒီက သဲသဲလှုပ် …

သူကြိုက်တတ်တဲ့ဟင်းတွေကို လေးလေးနိုင်ကိုမေး၍ ချက်ထားသည်။





“ဇင်ယော်စားနော်၊ ရှင်ကြိုက်တတ်တဲ့အသုပ်မျိုးစုံကို စင်ဒီကိုယ်တိုင်စီမံပေးထားရတာ၊ ကြိုက်တယ်မဟုတ်လားဟင်”

“ကြိုက်ပါတယ်”

“စင်ဒီနဲ့ အကြိုက်ချင်းတူတယ်သိလား၊ မာမီ့ကိုမေးကြည့်ပါသား နော် … မာမီ”

“ဟုတ်ပါတယ်ဇင်ယော် သမီးလေးစင်ဒီနဲ့သားက အကြိုက်ချင်းတော့တူကြပါတယ်”

မာမီကလည်း စင်ဒီ့အကြိုက်လိုက်ပေး၍ … ပျော်ရသည်။

ဇင်ယော်ပဲ … မျက်နှာကြီးတင်းတင်းကြီးနဲ့ မိန်းကလေး[illegible]နဲ့ ပတ်သက်ရတာ ရှက်နေသေး၏။

စင်ဒီကတော့ မရှောူး။

ဇင်ယော့် ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးပြီး စားစေသည်။

“အိမ်မှုကိစ္စတွေကို ဘယ်လိုမှစိတ်မဝင်စားတဲ့ သမီးစင်ဒီ[illegible] အမေ့မွေးနေ့မို့ထင်တယ်၊ ကိုယ်တိုင်တက်တက်ကြွကြွ ဝင်ကူနေတယ်”

ဒေါ်ရီတာကတော့ စင်ဒီကိုအထင်သေးမှာစိုးရိမ်၍ ဝင်ပြောသည်။

ဇင်ယော်ဆိုတဲ့ကောင်လေးက အေးစက်စက်ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ပီသပြီး တည်ကြည်တဲ့ပုံလေး မိမိကတော့ သမက်ဖမ်းထားချင်လာ၏။

ယောကျ်ားနဲ့တိုင်ပင်ရမယ်။

“မနီတာ မွေးနေ့အတွက် အခုလိုကျွေးမွေးတာ အသက်ရှည်ပါစေ၊ ကျန်းမာပါစေ၊ မိသားစုဝင်တွေအားလုံး ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်”

“မိလည်း ဆုတောင်းပေးတယ်နော်”

“ကျေးဇူးပဲမိရယ် တို့တွေကအမြဲတမ်း အိမ်နီးချင်းကောင်းတွေအဖြစ် နေထိုင်ခဲ့ကြတာလေ၊ ရှေ့ဆက်လည်း ဆွေမျိုးသားချင်းတွေလို နေထိုင်သွားချင်ပါတယ်”

မာမီ့စကားကို စင်ဒီ အလွန်အမင်း သဘောကျသွားမိသည်။

ဇင်ယော်ကို ဖမ်းချည်နှောင်ပစ်လိုက်တာပဲလေ။

မြင်မြင်ချင်းပဲ စင်ဒီ သံယောဇဉ်တွယ်သွားရတာပဲဖြစ်၏။

ဇင်ယော်တောင် အရင်ကလို ရှက်ရွံ့ထူပူမနေတော့ဘဲ အရောတဝင် ပြောလာတော့ စင်ဒီ ထကပစ်လိုက်ချင်လောက်အောင် ပျော်သည်။

အခန်း ( ၇ )

သူ အပေါ်ထပ်ကနေ ကြည့်နေသည်။

သူထင်ထားတဲ့အတိုင်းပင် မဥ္ဇူရီပါလာ၏။

ဇင်ယော့်ငယ်ချစ်ဦး မဥ္ဇူရီ ...

“မဥ္ဇူရီပဲ ... ဇင်ယော်၊ ငွေသော်တစ်ယောက်ကတော့ အတိတ်ကိုမေ့ပြစ်လိုက်တာပဲ၊ နောင်က လူရှုပ်လေးပါ”

မဥ္ဇူရီကို လူရှုပ်လူပွေတစ်ယောက်နှင့်တော့ အဖြစ်မခံနိုင်ပါဘူး။

ဇင်ယော်တားဆီးလိုသည် လေးလေးနိုင်ကတော့ မသိဘူး။

မဥ္ဇူရီကို မသိချင်ယောင်ဆောင်နေဖို့ပဲ သတိပေးနေ၏။

ဇင်ယော်တစ်ယောက် ရင်ထဲမှာ စူးရှပေါက်ကွဲချင်နေသည်။

“တူလေးရဲ့အနာဂတ်အတွက်ပါကွာ၊ မဥ္ဇူရီ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်နဲ့မဆိုင်ဘူးနော် ... ငွေသော်က သူစိမ်းတစ်ယောက် လက်ထဲများ သမီးပျိုလေးကို အပ်လိုက်ရတယ်လို့ကွာ၊ ဝှက်ပ သန တော်တော်မက်မောတာပဲ"

မဥ္ဇူရီ နင်ကရော နင့်အမေရဲ့စိတ်နဲ့ တစ်ထပ်တည်းကျ တာလား ...

နင် သစ္စာမဲ့ပြီထင်တယ် ...

ဇင်ယော့်ဆီတော့ ကတိတွေအထပ်ထပ် တောင်းနေ သည်။

"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့၊ မဥ္ဇူရီက မင်းကိုအထင် သေးနေမှာပဲ ပတ်ပတ်သက်သက်မလုပ်နဲ့နော်၊ မင်းအမေက သေ သေချာချာ မှာလိုက်တယ်"

"အမေ့ကို သွားပြီးမပြောပြပါနဲ့ လေးလေးနိုင်"

"မပြောပါဘူး ... မင်းအမေ စိတ်ပူနေလိမ့်မယ်"

"ဇင်ယော်အိပ်ဖော့တော့မယ် လေးလေးနိုင်"

"ဇင်ယော်"

"ဗျာ"

"မင်း မဥ္ဇူရီကို မပတ်သက်နဲ့နော်၊ မသိချင်ယောင်ဆောင် နေပါ၊ လေးလေးနိုင်ပြောတာ ကြားလား"





"အင်းပါ"

လေးလေးနိုင် ထွက်သွားမှ ဇင်ယော် အိပ်နေရာမှ ပြန်ထပြီး တစ်ဖက်ခြံကြီးထဲသို့ လှမ်းမျှော်ကြည့်မိနေသည်။

မဥ္ဇူရီ မရှိတော့ တိုက်ထဲဝင်သွား၏။

စင်ဒီကလည်း ဆီးကြို့နေသည်။

ဇင်ယော့်အနေနှင့် သူဌေးသမီး စင်ဒီမောင်ကို အချိန်မရွေး အရယူနိုင်ခဲ့၏။

နင့်အပေါ် ငါသစ္စာရှိခဲ့တယ် မဥ္ဇူရီ ...

ခြံကြီးထဲမှာ ဘယ်သူမှမရှိတော့၍ သူလည်းစားပွဲမှာ ပြန် ထိုင်သည်။

ထိုအချိန်တွင် စင်ဒီဆီက ဖုန်းလာ၏။

သူစိတ်ပျက်ပျက်နှင့် ဖုန်းကိုဖွင့်၍ကိုင်သည်။

"ဇင်ယော်လား ... စင်ဒီတို့ယောက်မလောင်း ချောချော သားရောက်နေပြီ လာခဲ့ပါ"

"ကိုယ်မအားသေးဘူးစင်ဒီ မနက်ဖြန်မှလာမယ်"

"မရဘူးကွာ အခုပဲလာခဲ့ပါ၊ ဒီမှာကြွားမလို့"

မဥ္ဇူရီနဲ့ကတော့ သူ တစ်ချိန်မှာတွေ့ဆုံကြရမည်ဖြစ်သည်။ ရှောင်လွှဲ၍မရနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



စင်ဒီကိုယ်တိုင်က ယောက်မလောင်းဟုပင် ခေါ်နေသည်

နှင် လက်ခံလိုက်ပြီလား မဋ္ဌူရီ။

"ဇင်ယော်လာခဲ့ပါ ... ရှင့်ကိုမိတ်ဆက်ပေးမလို့လေ တို့

အသက်ရှူယ်တူတူပဲ"

မဋ္ဌူရီ နှင်ကရော ငါ့ကိုတွေ့သွားရင် ဘယ်လိုဖြစ်သွားမလဲ

မျက်နှာပြောင်တိုက်မှာလား ...

"ဇင်ယော်"

"ဟာင်"

"လာခဲ့"

စင်ဒီရောက်လာမှာစိုးရိမ်၍ ဇင်ယော်လာခဲ့ရသည်။

ဇင်ယော့်ကိုမြင်လိုက်သဖြင့် မဋ္ဌူရီ အံ့အားသင့်သွား၏

သူကတော့ သူစိမ်းဆန်ဆန် ကြည့်ပစ်လိုက်သည်။

"ဇင်ယော်လာလေ၊ ဒါ မဋ္ဌူရီတဲ့ တို့နဲ့တစ်ဝိုင်းထဲသင်...

စိမ်ရှေ့ရှာလေးကပဲ"

ဇင်ယော် ...

နှင် ...

နှင်ရော တစ်ဖက်ခြံကြီးထဲ ရောက်နေတာလား။

ဇင်ယော့်ပုံစံက ခြံစောင့်ရဲ့တူနှင့်မတူဘဲ သူဌေးသားနှင့်...





...သည်။

"မဋ္ဌူရီ ... သူကဇင်ယော်တဲ့ တစ်ဖက်ခြံက အန်ကယ်ကျော်

...့ တူသားပါ"

နှင်ကသူဌေးရဲ့တူသားလား။

ဘာတွေဖြစ်ကုန်ပြီလဲဟယ်။

ဇင်ယော်က သူဌေးသားတဲ့လား။

"တွေ့ရတာဝမ်းသာပါတယ် မဋ္ဌူရီ ... ကိုယ်ကဇင်ယော်ပါ"

"ဒါ စင်ဒီယောက်မလောင်းနော် ကိုကိုနဲ့စေ့စပ်တော့မယ်"

"ဟာင်"

မဋ္ဌူရီ အထိတ်တလန့်နှင့် ဇင်ယော့်ကိုကြည့်မိသည်။

မဟုတ်ပါဘူးဟု ဖြေဖို့ သူမနှုတ်တွေ ဆွံ့အနေသည်။

နှင် ...

ဇင်ယော်လား။

တကယ့်ကို သားနားလွန်း၏။

သူမ ဆွံ့အ နားမကြားသူလို ဖြစ်သွားသည်။

"မနက်ကစပြီး တို့တွေ စာသင်ကြရတော့မယ်၊ မဋ္ဌူရီက

...ရာဝန် ဖြစ်ချင်တာတဲ့လေ"

နှင်ဘယ်တုန်းကများ ဆရာဝန်ဖြစ်ချင်သွားရတာလဲ မဋ္ဌူရီ



www.burmeseclassic.com

www.burmeseclassic.com



အကောင်တွေကို ကြောက်တတ်သူ။

သွေးမြင်ရင်တောင် အော်နေတာပါ။

နင့်အမေရဲ့အကွက်တွေ မဟုတ်လား။

ဇင်ယော်အကြည့်ကို ချက်ချင်းပြန်ရွှေ့ပစ်သည်။

မသိချင်ယောင်ဆောင်နေလိုက်၏။

နင်က စည်းတဲ့ကောင်မလေးပဲ မဥ္ဇူရီ။

"ငါပြန်တော့မယ် စင်ဒီ၊ အန်ကယ်ကျော်နဲ့ အပြင်သွားစရာ လို့ပါ"

"အင်း ... ပြန်လေ၊ မနက်ဖြန်ကစပြီး စပြီနော်၊ မနက် ... နာရီ ဇင်ယော် ဒီရောက်မှ မနက်စာစားနော် ... စင်ဒီ အိမ် ... ကြက်သားနဲ့ ပလာတာ လုပ်ထားမယ်နော်"

"အင်း"

ဇင်ယော် ထွက်သွားသည်။

နင်ကိုယ်တိုင်က မဥ္ဇူရီကို မသိချင်ယောင်ဆောင်သွားတာ မဟုတ်လားဇင်ယော်။

အမေပြောပြတာ နင်အရမ်းပြောင်းလဲသွားတယ်။

ဇင်ယော်နှင့်နှစ်ယောက်ထဲ တွေ့ချင်နေမိသည်။

သူပြတင်းပေါက်မှရပ်၍ တစ်ဖက်ခြံကြီးထဲသို့ ကြည့်နေ...





...ရီနှင့် စင်ဒီအစ်ကိုတွဲ၍ ထွက်လာသည်။

"မဥ္ဇူရီ နင်ကိုယ်တိုင်က ဒီလိုအတန်းအစားတွေကို အထင် ...ကြီးနေတာ မဟုတ်လား"

သူ ဒေါသထွက်သွားသည်။

ဇင်ယော်က သူ့ငွေးမွေးစားတယ်ဆိုပေမယ့် သူ့ကိုယ်သူ ...တ်ကြီးဝင်နေလို့ မဖြစ်သေးပေ။

"ဇင်ယော်"

"ဟင် ... လေးလေးနိုင်"

"မင်း ဘာတွေကြည့်နေတာလဲ၊ မဥ္ဇူရီ ဘာပြောသေးလဲ"

"မဥ္ဇူရီလည်း အံ့အားသင့်ပြီး မသိချင်ယောင်ဆောင်နေပါ ...တယ် လေးလေးနိုင်"

"ကောင်းတယ် ... မင်းလည်းမသိချင်ယောင်ဆောင်နေ ...လကား ... အနံ့ကြီးကွင်းကျယ် လုပ်နေကြတယ်"

ဦးနိုင်အောင်ကတော့ မဥ္ဇူရီလေးကို မမုန်းပေမယ့် မဥ္ဇူရီ ...မေ ငွေသော်ကိုတော့ အမြင်ကတ်မိသည်။

"မဥ္ဇူရီက မသိချင်ယောင်ဆောင်နေတာလည်း မင်းလို ...တာသားကို အထင်မကြီးတာပဲလေ"

ဇင်ယော် ဒေါသတွေနှင့်ပေါက်ကွဲချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတာ ဘာလုပ်ရမှာလဲ သူချစ်သူကိုယ်တိုင်တ ... နောင့်ကို အထင်တကြီး ပတ်သက်ချင်နေတာလား။

"ခင်ယော်ရေ ... ခင်ယော်"

"နင် ... လာပြန်ပြီလား စင်ဒီ"

"အပြင်ထွက်ကြရအောင် ... မနက်ဖြန်ကစပြီး တို့တွေ စာတွေသင်ရတော့မှာလေ ... တို့နှစ်ယောက် ဝယ်စရာရှိတာ သွားဝယ်ကြရအောင်ပါ"

စင်ဒီကတော့ အကြောက်အလန့်မရှိ။

သူ့အိပ်ခန်းထဲအထိ ဝင်လာတတ်သည်။

"အပြင်ထွက်ပါ စင်ဒီ ... တော်ကြာ အန်ကယ်ကျော်တို့ တစ်မျိုးထင်သွားကြပါဦးမယ်ကွာ"

"ထင်တော့ရော ဘာဖြစ်လဲ၊ ခင်ယော်ကများ ... လာ သွားမယ်"

ခင်ယော်လည်း လိုက်လာခဲ့ရသည်။

မဒ္ဒူရီ ဘယ်လိုသွားလဲ။

ခင်ယော် သိချင်နေ၏။

နင်လည်းလိုအပ်တာတွေ လိုက်ဝယ်တာလား အပြင်ထွ လာခဲ့သည်။





"ခင်ယော် ရှင် ကားမောင်းတတ်လား"

"ဟင့်အင်း"

"စင်ဒီ သင်ပေးမယ်"

"မလိုပါဘူး စင်ဒီရာ ... ကိုယ်တို့ငယ်ပါသေးတယ်"

"ဘာငယ်တာလဲ"

"မင်းအတွက်ပဲဝယ်ပါ စင်ဒီ၊ ကိုယ့်အတွက်က အန်တီမိဝယ် ပါတယ်၊ ပြည့်စုံတယ်"

"မရဘူး ... ခင်ယော့်အတွက်လည်း ဝယ်ပေးမယ်"

စင်ဒီက ခင်ယော်လိုအပ်တာတွေလည်း ဝယ်ပေးနေသည်။

အမေကတော့ ခင်ယော်သူဌေးသားဖြစ်နေတာရော စင်ဒီ ခင်ဆိုတဲ့ သူဌေးသမီးလေးရဲ့ အရေးတယူဂရုစိုက်မှုကို ခံနေရတာ ကျေနပ်နေ၏။

ခင်ယော်ကတော့ စိတ်ညစ်သည်။

"လာလေခင်ယော် ... တို့ တစ်ခုခုသွားစားရအောင်"

စင်ဒီက သူ့လက်တွေကိုဖက်တွယ်၍ ဆွဲခေါ်နေသည်။

"ဟယ် ... ကိုကိုတို့စုံတွဲလည်း ရောက်နေတာကိုး"

ခင်ယော် လန့်သွားမိသည်။

နောင်နှင့်မဒ္ဒူရီတို့နှစ်ယောက် ထိုင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ယော် ... လှည့်ထွက်သွားချင်ပေမယ့် လူမှုရေးအ
မကောင်းတတ်၍ ဝင်ထိုင်ရသည်။

"ကိုကိုတို့က စားပြီးပြီ ပြန်ကြတော့မယ်၊ စင်ဒီတို့ဆက်ထိုင်
လေ"

"အင်း"

"သွားပြီနော် ညီလေး ... "

"ဟုတ်ကဲ့"

"ကိုကိုကလည်းလေ စင်ဒီတို့လာတာနဲ့ပဲ ပြန်ပြီ"

"မဟုတ်ပါဘူး ကိုကိုနဲ့မဥ္ဇူရီက သွားစရာနေရာလေးတခ
ရှိနေလို့ပါ"

"သိပါပြီ ကိုကို့ရဲ့အချစ်စံအိမ်ကြီးဆီ ခေါ်သွားမလို့လား"

"အို ဘာတွေပြောနေတာလဲစင်ဒီ၊ မလိုက်ပါဘူး ... မဥ္ဇူရီ
ပြန်တော့မှာ ခေါင်းတွေလည်း အရမ်းမူးတယ်"

ခင်ယော့်အကြည့်တွေက ပူလောင်ပြင်းပြလွန်း၍ မဥ္ဇူရီ
ကြောက်ကြောက်ရွံ့ရွံ့နှင့် ခင်ယော့်ကို ဘယ်လိုရှင်းပြရမှန်းပင်မ
တော့။

ရှင်းပြချင်တဲ့ဆန္ဒတွေ ရင်ထဲမှာ ပြည့်နှက်မွန်းကြပ်နေ
သည်။





"သွားကြပါ ... သွားကြပါ ကိုကိုနော် အဖြစ်အရမ်းသည်း
တယ်၊ ညီမလေးတောင် အမြင်ကတ်လာပြီ"

"ကောင်မလေး ကိုယ့်ကိစ္စမဟုတ်ဘဲ စိတ်မဝင်စားနေနဲ့
နော်၊ ကိုယ့်အလုပ်ကိုယ်လုပ်စမ်း ... သွားပြီ"

မဥ္ဇူရီလက်ကို နောင်ကဆွဲယူလိုက်သဖြင့် ... ခင်ယော်
လက်သီးနှင့်ပင် ထပြီးထိုးပစ်ချင်သည်။

"ထိုင်လေ ခင်ယော်"

"အင်း"

မဥ္ဇူရီက သူ့ကိုလှည့်၍ပင်မကြည့်။

အချစ်စံအိမ် နင်ဘာတွေ လုပ်နေတာလဲမဥ္ဇူရီ။

နင့်အမေရဲ့ အတင်းအကြပ်နိုင်းစေမှုကြောင့် မဟုတ်လား။

"ခင်ယော်"

"ဟင်"

"ရှင်ဘာဖြစ်နေတာလဲ ကြောင်တောင်တောင်နဲ့ မျက်နှာက
လည်း ပုတ်သိုးနေတာပဲ၊ စင်ဒီနဲ့လိုက်လာရတာ အဲဒီလောက်အထိ
စိတ်ဆင်းရဲနေရလား"

"အမှန်အတိုင်းပြောရရင် ကိုယ်မနေတတ်ဘူးစင်ဒီ၊ ပြန်ချင်
တယ် ကိုယ့်စိတ်တွေ အရမ်းမွန်းကြပ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး"

စင်ဒီကတော့ ဇင်ယော်ရဲ့ရိုးသားဖြူစင်မှုကို သဘော
သည်။

ရှင်ကယောကျ်ားပီသပြီး ချောတယ်။

ဇင်ယော် မိန်းကလေးတွေလည်း စိတ်မဝင်စားဘူး ...

ကိုကိုနောင်က ရှုပ်ပွေတယ်။

ရည်းစားကောင်မလေးတွေ အများကြီး ... မာမိတို့
တမင်ရိုးသားဖြူစင်ပြီး သူတို့ကြိုးကိုင်လို့ရမယ့် တောသူမ
ပေးစားဖို့ ကြံစည်ခြင်းဖြစ်သည်။

"မဈူရီရဲ့အမေကလေ ... သူ့သမီးကို အတင်းကြီး ကို
လက်ထဲအပ်နေတာလေ၊ မဆိုးပါဘူးနော်"

သူ မကြားချင်ပေ။

ရင်တွေ စူးနင့်နာကျင်နေသည်။

အံသွားတွေကို ဖိကြိတ်ထားရ၏။

ဒေါ်ငွေသော် ခင်ဗျားကြီး ဘာဝမေ့နေတာပဲ။

ကိုနောင်က လူရှုပ်လူပွေဆိုတာ ဇင်ယော်သိနေသည်။

"ဇင်ယော်"

"ဟင်"





"ဘာစားမလဲ"

"မင်းကြိုက်တာမှာပါ"

"ဇင်ယော်ကြိုက်တာကိုပဲ စင်ဒီစားမယ်၊ ခေါက်ဆွဲသုပ်ပဲ စား
မယ်လေ"

"မင်းအစပ်တွေမစားနိုင်ဘူး မဟုတ်လားစင်ဒီ"

"စားမယ် ... တမင်လေ့ကျင့်နေတာလေ ဇင်ယော်"

စင်ဒီလိုမိန်းကလေးမျိုးကတောင် သူ့ကို အရေးတယူရှိလွန်း
နေသည်။

ငါ့အပေါ် သစ္စာမဲ့လွန်းပါတယ်ဟာ။

သူ အစားအသောက်တွေကိုပင် စားလို့မရ။

မဈူရီ ဘာတွေဖြစ်နေပြီလဲ။

ကိုနောင် ဘယ်ကိုများခေါ်သွားလဲ စိတ်ပူသည်။

"စင်ဒီ"

"ပြော"

"ကိုယ်မေးစရာ တစ်ခုရှိလို့ပါ"

"မေးလေ"

"မဈူရီကရော မင်းအစ်ကိုနဲ့လက်ထပ်မှာကို လက်ခံသဘော
တူထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟုတ်လား … မဉ္ဇူရီကိုကြည့်ရတာ ကြောက်နေတဲ့ပုံလေ"

"မဉ္ဇူရီကတော့ သိပ်မသိဘူး၊ မာမီပြောတာပဲ မဉ္ဇူရီအမေက အရမ်းသဘောတူနေတာတဲ့ သူတို့လည်း မြို့ကိုပြောင်းလာဖို့ စီစဉ်နေတယ်လေ"

"ချစ်စံအိမ်ဆိုတာ ဘာလဲစင်ဒီ"

"ကိုကို မိန်းမတစ်ယောက်ကိုလက်ထပ်ပြီးရင် … နေဖို့လေ ကိုကိုကိုယ်တိုင် စိတ်ကူးယဉ်ပြီး ဖန်တီးထားတဲ့တိုက်လေးပါ"

"သြော်"

"ဇင်ယော်က တော်တော်လေး စိတ်ဝင်စားနေတဲ့ပုံပဲနော်"

"မဟုတ်ပါဘူး ကိုယ်ကသိချင်နေတာပါ"

"စင်ဒီလည်း ချစ်စံအိမ်လေးတစ်ခု ဖန်တီးချင်တယ်၊ စင်ဒီ ချစ်မြတ်နိုးရတဲ့ချစ်သူနဲ့ အတူနေဖို့လေ"

နင်ကိုယ်တိုင် … လက်ခံသဘောတူထားတာပဲ ဖြစ်မှာပါ မဉ္ဇူရီ။

ဒါကြောင့်လည်း … ကိုနောင်က ရဲတင်းနေတာလေ။

ဇင်ယော့် ရင်တွေ ပူလောင်နာကျင်နေသည်။

အခန်း ( ၈ )

"ဇင်ယော်ရယ် … ဘာတွေဖြစ်ကုန်ရတာလဲ၊ နင်ကိုယ်တိုင်ရော စင်ဒီမောင်နဲ့တွဲနေတာလားဟယ်၊ နင် ဘယ်လိုလုပ်ပြီး သူဌေးသားဖြစ်သွားရတာလဲ"

လေးလေးနိုင်က တစ်ဖက်ခြံကြီးထဲက ခြံစောင့်ဖြစ်သည်။

နင်လည်း မကြာခင်ကမှ ရောက်လာတာမဟုတ်လား။

ဇင်ယော်နှင့် တွေ့ချင်နေ၏။

မဉ္ဇူရီကတော့ ကိုနောင်နှင့် အလိုက်အထိုက် နေထိုင်ရသည်။

"နင့်အဖေက သူဌေးရဲ့အစောင့်အရှောက်နဲ့ စီးပွားဖြစ်နေတာနော် မဉ္ဇူရီ၊ မိဘမျက်နှာကို ထောက်ထားပါဦးအေ … သူဌေးသားကို အလိုက်အထိုက် ဆက်ဆံပါ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



အဖေကိုယ်တိုင်ပင် မြို့ကိုပြောင်းရွှေ့ဖို့အတွက် ဆန္ဒတွေ ပြင်းပြလွန်းနေသည်။

"အမေကတော့ သမီးအများအတွက် လုံးဝခွင့်မလွှတ်ဘူး နော်၊ ဇင်ယော့်ကို ထောင်ထဲပို့ပစ်လိုက်ရမလား"

ဇင်ယော်နှင့်ပတ်သက်သည်နှင့် အကြောင်းရှာပြီး ထောင်ထဲ ပို့ပစ်မည်တဲ့။

နင့်အတွက်ပါ ဇင်ယော်။

"ဇင်ယော်ရယ် ငါ့ရင်တွေ ဘယ်လောက်အထိကြေကွဲနေရ လဲ၊ ကိုနောင်နဲ့မဥ္ဇူရီ ပတ်သက်ချင်တဲ့ဆန္ဒ လုံးဝကိုမရှိပါဘူး"

ဇင်ယော့်မျက်ဝန်းအကြည့်တွေက စူးရှတောက်ပလွန်းနေ သည်။

ဘာဖြစ်လို့များ လာဆုံနေရတာလဲ။

မဥ္ဇူရီ ငိုပစ်ချင်သည်။

"မဥ္ဇူရီ"

"ဟင်"

"ဘာဖြစ်လို့လဲ နေမကောင်းဘူးလားကွာ၊ မဥ္ဇူရီ မျက်နှာ လေးက ညှိုးနွမ်းနေသလိုပဲ"

သူက ... မဥ္ဇူရီနဖူးကို လာစမ်းမည် ဟန်ပြင်လိုက်သဖြင့်





အထိတ်တလန့်နှင့် ခေါင်းကိုတိမ်းရှောင်လိုက်တော့ သူကရယ်မော သည်။

"မဥ္ဇူရီ တောသူမလေး အလန့်တကြားကွာ ... ပတ်ဝန်း ကျင်က ကိုနောင့်ကို ဘယ်လိုထင်မလဲ"

"အဲဒီလိုမလုပ်ပါနဲ့နော်၊ မဥ္ဇူရီ အရမ်းရှက်တယ်"

"မဥ္ဇူရီ"

"ရှင်"

"မင်း ချစ်သူထားဖူးလား"

မဥ္ဇူရီ ထွက်ပြေးချင်စိတ်တွေ ပေါက်လာသည်။

သေချင်လိုက်တာနော်။

ကိုနောင် ဘာတွေလာမေးနေတာလဲ။

ဇင်ယော်ရယ် ... ငါဘယ်လိုဖြေရမလဲ။

အမေက မဥ္ဇူရီကို ဘာမှမသိနားမလည်တဲ့ မိန်းကလေးလို့ ...ကားထားခဲ့တာပါ။

ချစ်သူရှိလားဆိုတဲ့အမေးကိုဖြေဖို့ မဥ္ဇူရီ သတ္တိမရှိဘူး ...

"ကောင်မလေး"

"ဟင်"

"ဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာတွေလာမေးနေတာလဲ မဉ္ဇူရီ ပြန်ချင်လာပြီ”

“မင်းက အစိမ်းသက်သက်လေးပဲ၊ အရမ်းဖြူစင်တယ်”

“ရှင်”

“မဉ္ဇူရီဆိုတဲ့ကောင်မလေးက ကိုယ့်ရှေ့မှာ ရှင်ဆိုတဲ့စကား ကလွဲပြီး တခြားမပြောတတ်တော့ဘူးလားကွာ”

“ပြန်မယ်နော်”

“မပြန်သေးဘူး”

“ရှင်”

“ထ”

“ကျွန်မလက်ကို မဆွဲပါနဲ့”

“ဘာဖြစ်လဲကွာ ကိုယ့်ကိုမငြင်းဆန်နဲ့နော်၊ ကိုယ်က ပိုလုပ် ချင်တယ်”

“ဘုရားရေ”

“ဟား ... ဟား ... ဟား”

နောင်ရယ်ပြစ်သည်။

မဉ္ဇူရီကို သူအရမ်းချစ်ခင်နှစ်သက်မိနေ၏။

သူ့ဇနီးက စည်းစိမ်ချမ်းသာတွေမလိုပါဘူး ...

ဖြူစင်ရိုးသားနေစေရမယ်။





ဒါမှသာ သူထားရာနေ စေရာသွားမည်ဖြစ်သည်။

“ပြန်ကြမယ်နော်၊ အရမ်းကြောက်မနေစမ်းပါနဲ့၊ ကိုယ်က ကိုက်မစားပါဘူး”

“ပြန်မယ် ကျွန်မစိတ်ညစ်တယ်၊ နေလည်းမနေတတ်ဘူး”

“မဉ္ဇူရီရယ်”

သူ သနားလာ၍ ... နောက်မနေတော့ဘဲ အိမ်ပြန်လာကြ သည်။

မဉ္ဇူရီခန္ဓာကိုယ်လေး တုန်တုန်ရီရီဖြစ်နေ၏။

ကားပေါ်ကဆင်းတော့ သူမခန္ဓာကိုယ်လေး ယိုင်နဲ့စွာလဲပြို ကျမတတ်ဖြစ်သွား၍ သူကလှမ်း၍ပွေ့ဖက်ထားသည်။

“အမေ ... ”

“အမယ်လေး”

မဉ္ဇူရီ အထိတ်တလန့် ရုန်းထွက်ပစ်လိုက်သည်။

“မင်းလဲကျတော့မယ် ကိုယ်ကစေတနာနဲ့ ဖေးမပေးလိုက် တာပါ မဉ္ဇူရီ”

သေချင်တာပဲ မဉ္ဇူရီအသားတွေ တဆတ်ဆတ် တုန်ရင်နေ သည်။

တဖက်ခြံကြီးထဲကနေ ဇင်ယော်များ ရှိနေမလား။



www.burmeseclassic.com

www.burmeseclassic.com



မချူရီအား မသက်သာစိတ်တွေနှင့် ဇင်ယော်ကြည့်နေနိုင်၏။

မချူရီ မကြည့်ရဲတော့။

"ဟယ် ... ကိုကိုတို့ပြန်လာပြီလား၊ ယောက်မ ဘာတွေဝယ်လာလဲ"

စင်ဒီကပါ ယောက်မဟုခေါ်နေ၍ မချူရီ စိတ်ညစ်သွားရသည်။

တစ်ဖက်ခြံကို မသိမသာမော့ကြည့်မိတော့ ဇင်ယော့်ကို မတွေ့ရ။

စိတ်အေးသွားရ၏။

တော်ပါသေးရဲ့ ... သူမခန္ဓာကိုယ်အား အနိုင်နိုင် တည့်မတ်နေရသည်။

"ပစ္စည်းတွေ ကိုယ်သယ်လာခဲ့မယ်၊ မချူရီ အရမ်းရှက်ကြောက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးတုန်နေတယ် ညီမလေးရေ"

"အချစ်စံအိမ်ကိုရော ခေါ်သွားတာလား"

"မခေါ်ရသေးပါဘူးကွာ၊ လမ်းမှာတင်တုန်နေလို့ အိမ်ပြန်ခေါ်လာရတယ်၊ ညီမလေး ယောင်းမလောင်းလေးက အရမ်းရှိုးသားဖြူစင်တယ်လေ"

"ဟုတ်လား ... လာ ... အထဲဝင် ဇင်ယော်တောင် မပြ





သေးဘူး ..."

"ဟင်"

ဇင်ယော် ရှိနေသေးသည်တဲ့။

သူမ ဒူးတွေ ညွတ်ကျသွားမတတ်ပင် ယိုင်ခွေကျသွား၍ စင်ဒီက တွဲထားရ၏။

နင်ဘာဖြစ်လို့ ရှိနေရတာလဲ။

မချူရီကို မယုံတော့ဘူးထင်တယ်။

ဇင်ယော်နှင့် ဘယ်လိုများ ရင်ဆိုင်ရမလဲ။

ရှက်လိုက်တာ ...

"လာပါမချူရီ ရှက်မနေပါနဲ့တော့၊ အမြဲတမ်း မျက်နှာချင်းဆိုင်ကြရမယ့်သူတွေလေ"

"ဟို ... ဟို ဇင်ယော်နဲ့မျက်နှာချင်းမဆိုင်ရဲဘူး မချူရီ အပေါ်တက်သွားတော့မယ်နော်၊ ရှက်လွန်းလို့ပါ"

"ဘာရှက်စရာရှိလို့လဲ ... ဇင်ယော်ကလည်း မချူရီလိုပါပဲ၊ အရမ်းရှက်တတ်တာလေ"

စင်ဒီက သူမလက်လေးအား အတင်းဆွဲခေါ်သွားသဖြင့် မချူရီ ယောင်ယောင်ဝါးဝါး တုန်တုန်ယင်ယင်နှင့်လိုက်ကာ လာခဲ့ရသည်။

ပိုဆိုးသွားရတာက ကိုနောင် ရောက်လာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မဥ္ဇူရီကတော့ အရမ်းရက်တတ်တယ်တော့၊ ရည်းစားလည်း တစ်ခါမှမထားဖူးဘူးတဲ့၊ ဖြူစင်တယ် ချစ်စရာကောင်းတယ်ကွာ"

မဥ္ဇူရီ နင်ကရည်းစားတစ်ခါမှမထားဖူးတဲ့ ရိုးသားဖြူစင်တဲ့ ကောင်မလေးဘဝကို ခံယူလိုက်တာပေါ့လေ။

"ကျွန်တော်ကတော့ ရည်းစားထားဖူးပါတယ် ကိုနောင်"

"ဘာပြောတယ် ဇင်ယော် … ရှင်ကများ … "

"တကယ်ပြောပြတာပါ စင်ဒီ၊ ကိုယ်မလိမ်မညာတတ်ဘူး ချစ်သူကသစ္စာမဲ့သွားလို့ မြို့ကိုတက်လာခဲ့တာပါ"

ဇင်ယော်ရယ် နင်ကငါ့ကို စောင်းပြောနေတာလားဟာ။

နင့်အပေါ် ငါ့ဘယ်တုန်းက သစ္စာမဲ့ခဲ့လို့လဲ။

ကိုနောင်နဲ့ပတ်သက်နေရတာ မိဘတွေကြောင့်ပါ။

နင့်ကို ဒုက္ခပေးမှာစိုးလို့ သိရဲ့လား။

"ငယ်သူငယ်ချင်းတွေပါ၊ အရင်ကတော့ ဘဝတူတွေပဲလေ အခုတော့ သူတို့က အရမ်းဘဝင်မြင့်သွားတယ်လေ"

"ဟုတ်လို့လား ဇင်ယော်ရယ်၊ တကယ်ပဲ ချစ်သူရှိခဲ့ဖူးတာလားဟင်"

"တကယ်ပါ ကိုယ့်အမှန်အတိုင်းဝန်ခံရရင်လေ သစ္စာမရှိတဲ့ မိန်းမတစ်ယောက်ကြောင့် မိန်းကလေးတွေကို ရွံပြီး ရှောင်နေခဲ့





တာပါ"

မဥ္ဇူရီ နင့်ထက်ဇင်ယော်ဆိုတဲ့ကောင်က သစ္စာရှိတယ်လေ။

ငါ့မှာချစ်သူရှိခဲ့ဖူးတာ ဖွင့်ပြောရဲတယ်။

နင်က ချစ်သူရည်းစား တစ်ကြိမ်တစ်ခါမှ မထားဖူးခဲ့ဘူး

လား။

အရမ်းရက်ကြောက် ဟန်ဆောင်မနေစမ်းပါနဲ့ဟာ။

နင်ကများ ဆရာဝန်။

အရမ်းရယ်ရပါလား မဥ္ဇူရီရယ် …

"ကိုယ်ပြန်တော့မယ် စင်ဒီ"

"ခဏနေပါဦး ဇင်ယော် … ဘာလဲ ငယ်ချစ်ဦးကို လွမ်းတ်တမ်းတလာလို့လား"

"ကိုယ်လား အားလုံးမေ့ပစ်လိုက်ပါပြီ စင်ဒီ၊ သူက သစ္စာမဲ့လို့လေ၊ ကိုယ်လည်း ပညာရေးကိုပဲ အာရုံစိုက်ကြိုးစားရလို့မို့ ကိုယ်ကဆေးကျောင်းတော့ မတက်ပါဘူး၊ အကောင်တွေကို က်တယ်၊ မကိုင်ရဲဘူး သွေးလည်းမကြည့်ရဲလို့လေ"

ဇင်ယော် … နင့်စကားတွေက မဥ္ဇူရီနှလုံးသားတွေကို တွေနဲ့ ရက်ရက်စက်စက် ထိုးဆွခြင်းခံရနေသလိုပဲ နာကျင်နေရယ်။

အမေက နင့်ကိုဒုက္ခမပေးစေချင်လို့ပါဟာ။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်နော်စင်ဒီ ... မနက်ဖြန်မှ တွေ့ကြမယ်လေ"

"လိုက်ပို့မယ်လေ"

စင်ဒီက ထသွားသည်။

မဉ္ဇူရီ ရင်တွေနာကျင်နေသည်။

ယဉ်ချစ်ဦး ခင်ယော်။

"ကြောက်စိတ်တွေ မပြေသေးဘူးလားကွာ"

ကိုနောင်က မဉ္ဇူရီအနား တိုးကပ်လာတော့ မဉ္ဇူရီအထိတ် တလန့်နှင့် ရှောင်ဖယ်မိသည်။

"ကြောက်စိတ်တွေကို ဖယ်ပစ်လိုက်ပါတော့ကွာ ... မင်းဟ တစ်နေ့နေ့ ကိုယ်နဲ့လက်ထပ်ရမှာပဲလေ"

"ဘာပြောတယ်"

"မင်းမေမေက မမှာလိုက်ဘူးလား မဉ္ဇူရီ"

"ဟို ... ဟို"

မဉ္ဇူရီ လက်ထပ်ရမှာက ခင်ယော်ပါဟုမပြောရဲ။

သူမမှာ သတ္တိမရှိပေ။

အမေ့နားပေါက်ကြားသွားလို့ကတော့ မဉ္ဇူရီရော ခင်ယော ပါ သေပြီသာမှတ်တော့။

"နင့်အတွက်ပါခင်ယော်ရယ်၊ ကျေးဇူးပြုပြီး မဉ္ဇူရီကို စော နေပေးပါ"





မဉ္ဇူရီ စိတ်ထဲကနေပြောနေမိသည်။

ကိုနောင်က သူမအနား တိုးကပ်ထိုင်၍ စေ့စေ့ကြည့်နေ၏။

မဉ္ဇူရီ ထွက်ပြေးချင်ပါတယ်။

ခင်ယော်ကလွဲပြီး တခြားဘယ်လိုယောကျ်ားမျိုးကိုမှ ချစ် ရေး။

"ခင်ယော် နင့်ကို သူဌေးကမွေးစားတာလားဟင်၊ နင်ကံ ကောင်းတာပဲလေ၊ နင်က သူဌေးသားဆိုရင် အမေက နင်နဲ့သဘော တူမှာပါ"

အမေ့ကိုတော့ ခင်ယော် ဘယ်တော့မှအခဲမကျေနိုင်ပေ။

မုဆိုးမသား ဘာမှအထင်ကြီးစရာမရှိဘူးဆိုပြီး နှိမ်ချပြောဆို သားတာပါ။

ကိုနောင့်မိဘတွေ ပြန်ရောက်လာမှ မဉ္ဇူရီ အသက်ရှူ ချောင်သွားရသည်။

"သားရယ် မဉ္ဇူရီလေးကရှက်နေတယ်၊ သမီးလေး သွားနား တော့"

"ဟုတ် ... ဟုတ်ကဲ့"

"ကျွန်တော် လိုက်ပို့ပေးလိုက်မယ်"

"ဘယ်ကိုလဲ မပို့ပါနဲ့ သွားတော့မယ်နော်"

"အလကားနောက်တာပါ မဉ္ဇူရီရယ်၊ ကိုယ်ကမပို့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တောင် ကြောက်နေရလားကွာ”

“အို”

မချူရီပါးလေးကို လိမ်ဆွဲလိုက်တော့ ကိုနောင့်မိဘတွေ

ရယ်နေကြသည်။

မထူးဆန်းတော့တဲ့ပုံစံ။

အမယ်လေး … ဘယ်လိုလူတွေလဲ။

သမီးကိုလည်း ယောကျ်ားလေးတစ်ယောက်နှင့် တပူး

တွဲလုပ်နေတာ လွှတ်ပေးထားကြသည်။

ရှက်စရာ ကောင်းလိုက်တာ။

မချူရီ မကြည့်ရဲတော့။

“သမီးလေးမချူရီက အရမ်းဖြူစင်ပြီး ရိုးသားတယ်၊ ဗ

သဘောကျတဲ့ချွေးမလောင်းပဲ”

“ရှင်”

“ကြည့်ပါဦးကိုမောင်ရယ် ချစ်စရာကောင်းလိုက်တာ”

သူမ ကမန်းကတမ်းထပြီး ပြေးထွက်လာကာ။

ရယ်မောသံတွေနှင့်ဝေးရာကိုရောက်မှ အသက်ကိုရှဲရှဲ ရှ

သည်။

အမေ ဘာတွေလုပ်နေရတာလဲ။

မချူရီကို စိတ်သောကရောက်အောင် လုပ်နေတာလာ





ခင်။

“မောင်နောင်နောင်ကို ညည်းတင်းတင်းမာမာမဆက်ဆံနဲ့

နော်မချူရီ၊ ညည်းအဖေဘဝပဲ သူတို့ကျေးဇူးနဲ့ မေမေတို့ ထည်ထည်

ဝါဝါ ချမ်းချမ်းသာသာ နေထိုင်ရတာ၊ မကြာခင် ရန်ကုန်ကို အမေတို့

သားစု ပြောင်းလာရမယ်၊ မိဘတွေရဲ့ထမင်းအိုးကိုတော့ မခွဲပါနဲ့

ချူရီရယ် … အမေ တောင်းပန်ပါတယ်အေ၊ ညည်း ကလန်ကဆန်

လုပ်မယ်ဆိုရင်တော့ ဇင်ယော် ဘယ်ဘဝရောက်သွားမလဲ စောင့်

ကြည့်နေနော် ကြားလား”

သူမပြေးရာနောက်သို့ … အမေ့အသံက လိုက်လာသည်။

အိမ်ခန်းထဲရောက်မှ စာကြည့်စားပွဲမှာ အရုပ်လေးကြိုးပြတ်

သွားသလို ထိုင်ချပစ်လိုက်၏။

မချူရီ ဘာဆက်လုပ်ရတော့မလဲ။

သေပစ်ချင်ပါတယ် …

ငြီစွန်းသွားမှာလည်း စိုးရိမ်မိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ခင်ယော်"

"ဘာလဲ မညှူရီ"

"နင့်ကိုပြောစရာရှိတယ်"

"ဘာလဲ ... နင်ကမလှဲ့သာ မရှောင်သာလို့ သူ့ဒွေးသားကို လက်ခံလိုက်ရတာပါလို့ ပြောမလို့လား မညှူရီ"

မညှူရီ ဘယ်ကနေဘယ်လို စပြောပြရမှန်းပင် မသိတော့။

စင်ဒီဆီက ခင်ယော့်ဖုန်းနံပါတ်ကို ခက်ခက်ခဲခဲနှင့် ခိုးယူခဲ့ရသည်။

မညှူရီ ဖုန်းဆက်တော့ ခင်ယော့်အသံတွေက မာထန်နေ၏။

မညှူရီ အသံ မကျယ်ရဲ။

စင်ဒီနှင့်က အခန်းချင်းကပ်လျှက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်နားလည်အောင် မဍ္ဍူရီ ဘယ်လိုရှင်းပြရမလဲဇင်ယော်ရယ်၊ တကယ်ပဲ မိဘတွေကြောင့်ပါ … မဍ္ဍူရီက အသက်မပြည့်သေးဘူးလေ"

"နင်က ဘာဖြစ်လို့ ကိုနောင်ခေါ်ရာ လိုက်နေရတာလဲ၊ ဘာဖြစ်လို့ အချစ်စံအိမ်အထိ လိုက်သွားရတာလဲ မဍ္ဍူရီ"

"မဟုတ်ပါဘူး … ငါလုံးဝမလိုက်ပါဘူး ဇင်ယော်ရယ် … တကယ်ပါဟာ ယုံပေးပါ … ကိုနောင့်ကို အမေ့ကြောင့် အလိုက်အထိုက် ဆက်ဆံပေးနေရတာပါ။ ငါ့အမေအကြောင်း နင်သိတယ်မဟုတ်လား"

"မဍ္ဍူရီ"

"ပြော"

"နင်တကယ်ပဲ ငါ့အပေါ် သစ္စာရှိနေပါလား"

"မဍ္ဍူရီချစ်တာက ဇင်ယော်ပါ။ ငါ့ဘဝမှာ နင်တစ်ယောက်ထဲရှိတာပါဟာ ယုံပါ"

"ငါစောင့်ကြည့်နေမှာနော်"

"နင်ကရော … "

"ဘာမှမဆိုင်ဘူး … ငါ့အပေါ်မှာ ဘာအရိပ်မှ အုပ်မိုးမထားဘူး … ငါ့သဘောပဲ"





"ငါလည်း စောင့်ကြည့်နေမှာနော်၊ အခုလောလောဆယ်တော့ သူငယ်ချင်းလိုပဲ နေကြရအောင်ပါနော်"

"ငါကြိုးစားမယ် နင့်ကိုအရယူနိုင်အောင်"

"အမေ့ကိုတော့ စိတ်မဆိုးပါနဲ့ဇင်ယော်ရယ် … နော်"

ဒေါ်လေးငွေသော် ဂုဏ်မက်နေတာတော့ … ဇင်ယော်နှစ်သက်မိပေ။

အခု …

သူက …

သူဌေးမွေးစားသား ဖြစ်နေပါပြီ။

ဇင်ယော်ကိုယ်တိုင်က အင်ဂျင်နီယာ ဖြစ်ချင်သူပါ။

"ဇင်ယော်"

"ပြော"

"နင်လည်း သစ္စာရှိပါနော်၊ ငါချစ်တာ နင်တစ်ယောက်ထဲရှိတာပါဟယ်၊ နားလည်ထားနော် … ပြီးတော့လေ ကိုနောင်နဲ့က အလိုက်အထိုက် ဆက်ဆံနေရတာပါ … အဲဒါလည်း နင်သည်းခံနားလည်ပေးပါဟယ်"

"ကောင်းပြီလေ မဍ္ဍူရီ … နင်လည်း သစ္စာရှိပါနော်၊ ငါကယောကျ်ားလေးနော် နင့်ကိုရွှဲပြီး စင်ဒီနဲ့တွဲပစ်လိုက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး … မလုပ်လိုက်ပါနဲ့နော်၊ တောင်းပန်ပါတယ် ဇင်ယော်ရယ် … နင်လည်း သူဌေးသားဖြစ်နေပြီပဲ … အမေ သဘောတူချင်တူမှာလေ"

"ငါက ဂုဏ်မက်တဲ့လူတွေကိုမုန်းတယ်၊ ရှုတယ် မချူရီ … နင့်အမေ ထိပ်ဆုံးကပဲ"

"ဇင်ယော်"

"ထားလိုက်ပါတော့၊ နင့်အမေက တစ်နေ့နေ့ ငါ့ယောက္ခမ ဖြစ်လာမှာပါ၊ ယောက္ခမ လေးစားအထင်ကြီးတဲ့ သမက်လောင်း ဖြစ်အောင်တော့ ငါကြိုးစားမှာပါ"

"ဇင်ယော်ရယ်"

သူမ ဖုန်းလေးကိုပိတ်ပစ်လိုက်သည်။

အဖေနဲ့အမေ့ကို ဇင်ယော် အရမ်းမုန်းတီးနေမှာလည်း စိတ်ပူမိနေ၏။

မိဘတွေဆိုတာက မချူရီကောင်းစားဖို့အတွက် အတ္တကြီး ကြတာပါ။

မချူရီအတွက် အတ္တကြီးကြတာပါ။

မချူရီအတွက် သံယောဇဉ်တွယ်စရာက အဖေနှင့်အမေပဲ ရှိကြသည်။





"မချူရီ … "

"ဒေါက် … ဒေါက်"

"မချူရီအိပ်ပြီလား စင်ဒီပါ … "

"ဟင်"

အမယ်လေး မချူရီဖုန်းဆက်နေတာများ စင်ဒီကြားသွားပြီ လား။

မချူရီ တိုးတိုးလေးပြောတာပါ။

ရင်တွေတုန်လာသည်။

"မချူရီ … "

"ဒေါက် … ဒေါက်"

"မချူရီ"

မဖွင့်ပေးမချင်းအော်နေမှာမို့ မချူရီအသံပေး၍ တံခါးထဖွင့် ပေးရသည်။

"လာပြီ … ခဏလေးနော်"

သူမ တံခါးဖွင့်ပေးလိုက်တော့ ညဝတ်အင်္ကျီအဖြူရောင်လေး ကို တစ်ထပ်ထဲဝတ်လာ၍ စင်ဒီ့ခန္ဓာကိုယ်လေးအနှံ့ မမြင်ချင်မှ အဆုံး ဖြစ်နေသည်။

အိမ်မှာနေရင်း ဝတ်စားတာလည်း မလှဲ့တလုံ ဇင်ယော်က



www.burmeseclassic.com

နေ့စဉ်တွေ့မြင်နေရ၏။

မချူရီ စိတ်ပူလာရသည်။

"စင်ဒီ ဝင်လေ"

"အင်း အိပ်ပြီလား ... အစောကြီးရှိပါသေးတယ်နော်"

"ခဏလေးအိပ်ပျော်သွားတာပါ စင်ဒီ"

စင်ဒီက သူမအိပ်ခန်းထဲဝင်လာပြီး အိပ်ရာပေါ်ချထားတဲ့ မချူရီဖုန်းလေးကို ကောက်ကိုင်လိုက်သဖြင့် မျက်လုံးလေးပြူးသွားရပြီး ဇင်ယော်ဖုန်းနံပါတ်ကို တွေ့သွားမှာကြောက်လာရသည်။

"ဒေါက် ... ဒေါက် ... သမီးရေ ဒီမှာကွယ် မာမီပြောစရာရှိလို့ ဝင်လာမယ်နော်"

ကံကောင်း၍ စင်ဒီအမေဝင်လာသဖြင့် စင်ဒီစိတ်ပြောင်းသွားကာ ဖုန်းလေးကိုပြန်ချပစ်လိုက်၍ မချူရီ ကောက်သိမ်းထားပစ်လိုက်သည်။

"မချူရီလေးကို မနှောက်ယှက်နဲ့လေ၊ အနားယူပါစေ"

"မာမီကလည်း ယောင်းမနဲ့ စကားပြောချင်လို့ပါ"

"လာပါဦး ... မာမီပြောစရာရှိတယ်၊ မချူရီလေး အိပ်တော့နော်"

"ဟုတ်ကဲ့"





အမယ်လေး တော်ပါသေးရဲ့။

မချူရီ ရင်တွေပူသွားရသည်။

မဖြစ်ဘူး ...

ဇင်ယော့်ဖုန်းကို ဖျက်ပစ်ရမယ်။

သူမ သတိရသွားပြီး ကဗျာကယာ ဖျက်ပစ်လိုက်ရ၏။

အခုမှ စိတ်မောသက်သာသွားရသည်။

"ဇင်ယော်ရယ် မချူရီစိတ်မောလိုက်ရတာ စင်ဒီက ဘာတွေ ...ပြောမှာလဲမသိဘူး၊ နင့်အကြောင်းပဲ ဖြစ်နိုင်တယ်"

မချူရီ အိပ်ရာပေါ်ပစ်လှဲချပစ်လိုက်သည်။

အိပ်လို့မရတော့ မနက်ဖြန် ပိုင်းရှိတယ်။

ဇင်ယော်နှင့်တွေ့ရမှာပဲ လေးလေးနိုင်ကိုလည်း တစ်ဖက်ခြ... ...မှာ တွေ့နေရ၏။

ကိုနောင်တို့မိသားစုနှင့်လည်း ခင်မင်ကြသည်။

"နင့်ကြောင့်ပါ ဇင်ယော်ရယ်၊ နင့်ကို အမေကာဒုက္ခပေးလိမ့် ...မယ်"

သူမ ညဉ့်နက်မှ အိပ်ပျော်သွားသည်။

စင်ဒီကလာနှိုးရ၏။

သူမအား ယောင်းမဟုခေါ်နေတာကို မချူရီ မနှစ်သက်ပါ

www.burmeseclassic.com



ဇင်ယော်ကြောင့်ပါ။

တားဆီးပိတ်ပစ်ဖို့ကလည်း မဒ္ဒူရီက သူတို့အိမ်မှာ ကပ်နေရတာပါ။

"မဒ္ဒူရီ"

"ဟင်"

"လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါးနေစမ်းပါ။ ဘာတွေကြောက်နေတာလဲ"

"စင်ဒီ"

"ထ"

"မဒ္ဒူရီ ထလာပါ့မယ်၊ မျက်နှာသစ် သန့်ရှင်းရေးလုပ်ပါရစေဦး"

"ယောင်းမ"

"ဟို ... ဟိုလေ ယောင်းမလို့ မခေါ်ပါနဲ့လား၊ တစ်မျိုးတော့ မထင်ပါနဲ့ စင်ဒီ၊ မဒ္ဒူရီ မနေတတ်လို့ပါနော်"

စင်ဒီက ရယ်နေသည်။

မဖြစ်ဘူး ဇင်ယော်က ရှိနေသေး၏။

စင်ဒီရဲ့အစ်ကိုကို မဒ္ဒူရီ ဘယ်လိုအကြောင်းနဲ့မှ လက်မထပ်လိုပေ။





"ခေါ်မှာပဲ ဘာဖြစ်လဲ၊ မာမီကပြောထားတယ် ... ကိုကိုနဲ့ စားမယ်တဲ့၊ စင်ဒီ လေးလေးစားစားဆက်ဆံရမယ်တဲ့"

"ဟင်"

"လူကြီးချင်းပြောထားပြီးကြပြီတဲ့ မဒ္ဒူရီကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ရဘူးတဲ့"

မဒ္ဒူရီကို စင်ဒီက တမင်ချည်နှောင်ထားတာပါ။

ဇင်ယော်ကြောင့်လေ ...

မဒ္ဒူရီကချော့တယ် ...

ဇင်ယော်ကလည်းချော့တယ်။

သူတို့နှစ်ယောက် မနီးစပ်စေရန် မဒ္ဒူရီကို တမင်ယောင်းမ ခေါ်ပစ်လိုက်ခြင်းဖြစ်သည်။

"မဒ္ဒူရီရယ် ဘာတွေရှက်နေတာလဲ၊ မြို့သူကြီးဖြစ်နေပြီပဲ ပွင့်လင်းစမ်းပါ။ စိတ်ကိုထိန်းချုပ်ထားရတာ ဘယ်လောက်ကြပ်လဲ"

"မဒ္ဒူရီကတော့လေ ... အခုသိပ်မရဲသေးပါဘူး စင်ဒီရယ်၊ လေ ယောင်းမလို့မခေါ်ပါနဲ့နော်၊ မျက်နှာပူတယ်၊ နေရထိုင်ရ ခက်လို့ပါ"

"ကောင်းပါပြီ ထားလိုက်ပါတော့လေ ... စင်ဒီ တိုင်ပင်စရာ



www.burmeseclassic.com

www.burmeseclassic.com

ထိရှရှိလို့ပါ"

"ဘာတိစွလဲဟင်"

"ဇင်ယော်နဲ့ပတ်သက်ပြီးတော့လေ"

"ဟင် … ဘာဖြစ်လို့လဲ"

"လူကြီးချင်းစေ့စပ်မလို့"

"ဟုတ်လား"

"ဇင်ယော့်ကိုလေ စင်ဒီ ချစ်မိသွားပြီ"

"စင်ဒီတို့တွေက"

"စင်ဒီက ရှေ့ကနေ နေရာဦးမလို့ပါ၊ လောလောဆယ်ဘေ…

မဟုတ်ပါဘူး၊ မာမီဆီမှာ စင်ဒီတောင်းဆိုထားတာလေ မ…

စင်ဒီကတော့ ဇင်ယော့်ကို လုံးဝစိတ်မချတော့ဘူးနော်၊ စော…

စီးစီး နေရာဦးထားတာလေ၊ တမင်ပြောထားတာ၊ ဇင်ယော်…

စင်ဒီရဲ့ဖူးစာရှင်ပဲ မဥ္ဇူရီသိလား … အရမ်းပျော်လိုက်တာ"

မဥ္ဇူရီ ငိုပစ်ချင်လာသည်။

ရင်ထဲမှာ မွန်းကြပ်နေသလိုပင်။

မဥ္ဇူရီ ဘယ်လိုရင်ဆိုင်ရတော့မလဲ ဇင်ယော်ရယ်။

"စင်ဒီပြောချင်တာ ဒါလားဟင်"

"ဟုတ်တယ် ရင်ဖွင့်ချင်လို့ သိလားယောင်းမ … အဲ မဥ္…





…င်ယော်က အရမ်းချောတယ်၊ စင်ဒီ အရမ်းစွဲလမ်းနှစ်သက်သွားပြီ

အဟိ … "

"ဒီနှစ်က ပညာရေးအရမ်းအရေးကြီးတယ်နော် စင်ဒီ တခြား

…စွတွေ စိတ်မဝင်စားတာကောင်း[illegible]တယ်၊ စိတ်ကိုထိန်းချုပ်ထား

…ဦး"

"မထိန်းချုပ်ပါဘူး"

"ကိုယ်ပြောချင်တာ ပြောမှာပဲ၊ ရင်ထဲမှာသိမ်းထားတာမျိုး

…ကြိုက်ပါဘူး"

စင်ဒီ ပြန်ထွက်သွားသည်။

မဥ္ဇူရီ ရေချိုးခန်းထဲဝင်လာခဲ့သည်။

မကြာခင် ဇင်ယော်နှင့်မျက်နှာချင်းဆိုင်ရဦးမယ်။

ရေချိုးပြီး အဝတ်အစားလဲသည်။

"ဇင်ယော်တို့နှစ်ယောက်နီးစပ်ဖို့က … မလွယ်ပါလား၊

…နှောက်အယှက်တွေ၊ အဟန့်အတားတွေ များလိုက်တာဟာ"

သူမ အဝတ်အစားလဲကာ စာအုပ်တွေထည့်သည်။

"မဥ္ဇူရီ … "

"ဟင်"

"ပြင်ဆင်လို့ မပြီးသေးဘူးလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်ဝင်လာသည်။

မဥ္ဇူရီ သေချင်လောက်အောင် စိတ်ညစ်သွားရ၏။

ဇင်ယော် လာတော့မယ်။

မဥ္ဇူရီဘဝမှာ ရှောင်ရှားလို့ပင် မရပါလား။

"ပြီးပါပြီကိုနောင် ... လာပါတော့မယ်"

သူမအော်နေတုန်း ကိုနောင်က သူမအနားကပ်လာသည်။

"မဥ္ဇူရီ"

"ဟင်"

"လာလေ"

"အို"

မဥ္ဇူရီလက်လေးကို ဆတ်ခနဲဆွဲလိုက်၍ ဆတ်ခနဲ ရုန်းထုတ်လိုက်ရသည်။

"မနက်စာစားဖို့ မိသားစုဝင်တွေ စောင့်နေကြတယ်"

"မဥ္ဇူရီ လာပါ့မယ်"

"ကိုယ့်ကို ဘာဖြစ်လို့ငြင်းဆန်နေတာလဲ၊ ကိုယ်နဲ့မဥ္ဇူရီက စေ့စပ်ကြမှာလေ"

"ဟင်"

"ဘာဖြစ်လို့လဲ၊ မင်းသိထားတာပဲ မဟုတ်လား"





"မဥ္ဇူရီလေ မဥ္ဇူရီ ပညာရေးအတွက်ပဲ အာရုံစိုက်ချင်ပါတယ်၊ ကိုနောင့်ကို တောင်းပန်ပါတယ်"

"စေ့စပ်ထားတာပဲမဥ္ဇူရီ ဘာဖြစ်လို့လဲ"

"ကျွန်မစဉ်းစားပါရစေဦးနော် ကိုနောင်"

"မရဘူးကွာ၊ ကိုယ်ကတော့ မဥ္ဇူရီကိုစိတ်မချဘူး၊ အရမ်းချောတယ်လေ"

"သေချင့်လိုက်တာ"

"ဟင်"

"မဥ္ဇူရီစိတ်ညစ်တယ် စိတ်ထဲမှာ အရမ်းမွန်းကြပ်နေတယ်၊ မိုးကလည်း အုံ့စမှိုင်ပါ"

မဥ္ဇူရီ ရှောင်ရတော့မည်ဖြစ်သည်။

ဇင်ယော်ကရှိသေး၏။

သူမကိုရှုံ့ပြီး စင်ဒီကိုတွဲနေရင် ဘယ်လိုလုပ်မလဲ ...

ဇင်ယော်က သူဌေးသားဖြစ်နေပြီပဲ ... အမေက သဘောတူ [illegible]ားမသိပေ။

ဒါပေမယ့်လည်း ... ဇင်ယော်ကတော့ အမေ့ကို မုန်းနေမှာဖြစ်သည်။

"မဥ္ဇူရီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကြောက်နေတာလား၊ ကိုယ်က သရဲသဘက်တစ်ကောင်လို ကြောက်စရာကောင်းလို့လားကွာ"

"အို"

သူမပခုံးလေးကို ဖက်ထားလိုက်သဖြင့် သူမအထိတ်တလန့်ဖြစ်သွားရပေမယ့် မငြင်းရဲ၊ ပို၍လုပ်ပြနေမှာစိုးရိမ်ပြီး ငြိမ်နေလိုက်သည်။

( ၁၀ )

မဒွေ့ရီက စာညွှန့်သည်။

စာအတော်ဆုံးက ဇင်ယော်ပါ။

သူမ ဘယ်တုန်းကမှ ဆရာဝန် မလုပ်ချင်ခဲ့။

အမေ့ကြောင့်ပါ ...

မဒွေ့ရီ စိတ်ညစ်မိသည်။

"ဇင်ယော်နဲ့စင်ဒီက ဉာဏ်ကောင်းတယ်၊ မဒွေ့ရီ ကြိုးစားပါ၊ ဆရာဝန်ဖြစ်ချင်တယ်ဆို"

ဒွေ့ရီ ပြန်ချင်သည်။

အမေ့ကြောင့်ပါ ...

စာတွေကို အာရုံစိုက်လို့မရ။

ဇင်ယော်ကတစ်မျိုး ကိုနောင်ကတစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



စင်ဒီနှင့်ဇင်ယော် ငြိစွန်းသွားမှာလည်း စိတ်ပူသည်။

ပိုင်းမှာတော့ မဥ္ဇူရီ အညွှံဆုံးပဲ။

"မဥ္ဇူရီ"

"ဟင်"

"စိတ်ညစ်နေတဲ့ပုံပဲ ရှက်နေတာလားဟင် ... တို့ယော
လောင်းက အရမ်းဖြူစင်တာ ဇင်ယော်ရဲ့ ... ကိုကိုက သည်းသ
လှုပ် ဂရုစိုက်နေလို့ထင်တယ်"

"မဟုတ်ပါဘူး စင်ဒီရာ ... မဥ္ဇူရီ ညဏ်ထိုင်းလို့ဖြစ်တာ
ဆရာဝန်ကဖြစ်ချင်တိုင်း ဖြစ်လို့ရတာမှမဟုတ်တာ"

"စင်ဒီကတော့ ဖြစ်အောင်ကြိုးစားမယ် ... စင်ဒီက
နာမည်ဂုဏ်ဒြပ်တွေပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ဘဝကို ပိုင်ဆို
ထားချင်တယ်"

ဇင်ယော့်ကို ပိုင်ဆိုင်ထားချင်တာပါ။

"ကောင်းပါတယ် စင်ဒီ"

ဇင်ယော်ကတော့ မဥ္ဇူရီကို စင်ဒီကယောင်းမဟုခေါ်
တာကြီးကို မနှစ်သက်မိ။

မဥ္ဇူရီ လက်ခံနေလို့ပဲဟု ထင်သည်။

သူ့အကြည့်တွေက မဥ္ဇူရီထံ စူးစိုက်စွာရောက်သွား





မဥ္ဇူရီ ဖြူစင်သေးကြောင်းတော့ သူလက်ခံနေဆဲဖြစ်သည်။

"ဇင်ယော်"

"ဟင်"

"ညစာကို စင်ဒီတို့အိမ်မှာပဲစားသွားနော်"

"မစားတော့ပါဘူး စင်ဒီ၊ ကိုယ် ... အိမ်ပြန်မယ်"

"မရဘူးကွာ၊ စာအတူကျက်ဦးမယ်"

မဥ္ဇူရီရှိနေတဲ့နေရာမှာ ဇင်ယော်မနေထိုင်လိုပေ။

ကိုနောင် ဝင်လာသည်။

"မဥ္ဇူရီ"

"ဟင်"

"သွားမယ်"

"ဘယ်သွားမှာလဲဟင်"

"အပြင်မှာ ညစာသွားစားမယ်"

"မဥ္ဇူရီ မလိုက်ချင်ပါဘူး"

ဇင်ယော့်အကြည့်တွေက ကြောက်စရာကောင်းလောက်
အောင် မာထန်နေကာ လှည့်ထွက်သွားသည်။

"ကိုယ်ခေါ်ရင် မငြင်းရဘူးလို့ ပြောထားတယ်နော် မဥ္ဇူရီ"

"ကိုကိုကလည်း မဥ္ဇူရီကို အတင်းအကြပ်လုပ်နေပြီ စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ညစ်ပြီး ယောင်းမလောင်းကို အရင်ဆုံး ရှာသာကြီးကိုပို့ရမှာ နော်"

"အတွေ့အကြုံမရှိသေးလို့ပါကွာ ... ဒါကြောင့် ကိုကိုက လေ့ကျင့်ပေးနေတာပါ"

ဇင်ယော်ရယ် နင်စိတ်ဆိုးသွားပြီလားဟာ။

မဥ္ဇူရီ ဘယ်လိုငြင်းရမလဲ ...

အရာအားလုံးက မဥ္ဇူရီဆန္ဒအတိုင်းမှ မဖြစ်နိုင်သေးတာပဲလေ။

"လာပါမဥ္ဇူရီ ... ကိုယ်လူကြီးတွေကို ပြောပြထားပြီးပါပြီ၊ စိမ်ရေရှာက ယောက္ခမလောင်းကြီးတွေဆီလည်း ဖုန်းဆက်ပြီးပြောထားပါတယ်"

ဇင်ယော့်ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်ကို မဥ္ဇူရီတွေ့လိုက်သဖြင့် သူမဝိုချင်စိတ်တွေပင် ပေါက်သွားရ၏။

ကံကြမ္မာတွေက ကြောက်စရာကောင်းလိုက်တာ။

ဇင်ယော်ကတော့ သူမအပေါ် အထင်လွဲပြီးရင်း လွဲနေတော့မှာပဲ ဖြစ်သည်။

"သားရယ် မဥ္ဇူရီလေးက အခုမှရောက်ကာစလေ၊ စိတ်အနှောက်အယှက်တွေ အရမ်းဖြစ်အောင်တော့ မလုပ်ပါနဲ့ကွယ်



နော်"

"မာမီကလည်း နောင်က လေ့ကျင့်ပေးနေတာပါ၊ မဥ္ဇူရီ နေရဲလာအောင်ပါ"

"မဥ္ဇူရီလေးကကြောက်ပြီး စိတ်တွေ ကယောင်ချောက်ခြားနေပါဦးမယ်"

"ရပါတယ်"

မဥ္ဇူရီလက်လေးကို သူဆွဲခေါ်လာပြီး ကားပေါ်ပစ်တင်သည်။

ကားကို ဒရကြမ်း မောင်းထွက်လာခဲ့၏။

မဥ္ဇူရီက နောင့်ကို အေးစက်နေတာကို သဘောမကျပါ။ တခြားကောင်မလေးတွေဆိုရင် သဘောအကျကြီးကျပြီး ...ယ်တကူ လိုက်လာကြမှာပဲ ဖြစ်သည်။

"ကိုနောင် မဥ္ဇူရီကို ဘယ်ခေါ်သွားမလို့လဲဟင်"

"အချစ်စံအိမ်"

"ဟင်"

"မကြောက်ပါနဲ့မဥ္ဇူရီ ... မင်းနဲ့ကိုယ် နေဖို့လေ ကိုယ်ဘယ် ...လေးကိုမှ အချစ်စံအိမ်လေးထဲ မခေါ်ဘူးနော်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူရီ ဘယ်လိုလုပ်ရမလဲ ဇင်ယော်ရယ်။

တယ်ပပြီး ...

ကိုနောင်က ပြုံးနေသည်။

ကြောက်စရာကောင်းလိုက်တဲ့ အပြုံးတွေ။

"မဥ္ဇူရီတို့က ချစ်သူတွေလည်း မဟုတ်သေးဘူးနော်၊ မသွား ပါရစေနဲ့၊ ထမင်းပဲစားပါနော်"

"မဥ္ဇူရီ ကိုယ့်ကိုမငြင်းဆန်နဲ့လေ၊ လူကြီးတွေ သဘောတူ ထားတဲ့မိန်းကလေးက ချစ်သူဖြစ်ဖို့လိုအပ်လို့လား"

"မဥ္ဇူရီ မလိုက်ဘူး"

"ကားက အဲဒီကိုရောက်နေပြီ"

"ရှင်"

ခြံကြီးတစ်ခြံထဲသို့ ကားလေးကဝင်သွားသည်။

"ကိုနောင်"

"အချစ်"

"အို ... "

"မဥ္ဇူရီကို ဘာမှမလုပ်ပါနဲ့"

"မကြောက်ပါနဲ့ကွာနော်"

မင်းက ... ချစ်စရာကောင်းတယ် မဥ္ဇူရီ ... ဖြူစင်တဲ့





ကောင်မလေးမို့ ကိုယ်ချစ်တယ်။

သူကတော့ လက်ယဉ်နေပါပြီ။

မိန်းကလေးတစ်ယောက်ကို ဖက်တာနမ်းတာ နှောင် လုပ် လုပ်နေကျ။

မဥ္ဇူရီကိုတော့ သူ ချစ်မိသွားသည်။

"အထဲဝင်မယ် ဘာမှမထူးတော့ပါဘူး မဥ္ဇူရီ၊ ကိုယ်တို့က သူစိမ်းတွေမှ မဟုတ်တာပဲ၊ ချစ်သူရည်းစား မထားဘူးလို့ မဥ္ဇူရီ လေးက ကြောက်နေတာပါ"

တိုက်လေးက ချစ်စရာလေး။

အထဲမှာ ပစ္စည်းအသုံးဆောင်တွေက ခမ်းနားလွန်းသည်။

အမေတွေ့ရင် ဘယ်လောက်အထိ မက်မောလိုက်မလဲ။

"မင်းအတွက်"

"ဟင်"

"မဥ္ဇူရီ"

"ရှင်"

"ကိုယ့်ကိုလက်ထပ်ပါ"

"ဟင်"

"ကိုယ်နောက်မကျချင်ဘူး ... မင်းကိုပိုင်ဆိုင်ခွင့်မရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်"

"ကျွန်မတို့က အချစ်ရေးကိစ္စတွေ မစဉ်းစားသင့်ဘူး ထင်

တယ်နော်"

ဖင်ယော်ကာလွဲပြီး ဘယ်လိုယောကျ်ားမျိုးကိုမှ လက်မထင်

လိုပေ။

ငယ်ချစ်ဦးအပေါ်ပဲ ... သစ္စာရှိလိုခဲ့သည်။

ကိုနောင် ဘယ်လောက်ပဲချမ်းသာပါစေ မချစ်နိုင်။

"မဠူရီပညာရေးက ရှိသေးတယ်လေ၊ မဠူရီ ဆရာဝန်ဖြစ်

ချင်တယ် ကြိုးစားပါရစေဦး"

မဠူရီ အကြောင်းတစ်ခုခုပြ၍ ကိုနောင့်ကို ရှောင်ရမယ်။

ချစ်စံအိမ်လေးထဲမှာ စားစရာတွေအဆင်သင့်။

အလုပ်သမားလည်း မရှိဘူး။

ဘာဖြစ်လို့ အဆင်သင့်နေထိုင်စားသောက်နိုင်ရန် စီစဉ်ထား

ရတာလဲ။

"မဠူရီ"

"ရှင်"

"ညစာအတွက် ကိုယ်စီစဉ်ပေးမယ်"

"မဠူရီ. ဘာမှမလုပ်တတ်ဘူးနော်"





"ကိုယ်လုပ်ပေးမှာပါ"

"ကိုနောင်က လုပ်တတ်တယ်ဟုတ်လား"

"ကိုယ်က ဝါသနာပါတယ်၊ မချက်ချင်လို့သာနေတာပါ"

ကိုနောင်ကတစ်မျိုးပဲ။

ညစာအတွက် မဠူရီ ဘာစားချင်လဲ မေးတော့ မဠူရီ မဖြေ

တတ်။

"ကိုနောင် ကြိုက်တာစားပါ၊ မဠူရီကတော့ရတယ်"

"OK"

ကိုနောင် ဘာတွေလုပ်နေမှန်းမသိ။

မဠူရီ မလှုပ်မယှက် ငုတ်တုပ်လေးထိုင်နေမိသည်။

ငိုချင်တယ်။

ဖင်ယော့်ကို သတိရနေမိ၏။

အမေ့ကြောင့် မဠူရီချစ်သူကို စွန့်လွှတ်လိုက်ရတော့မလား။

အချစ်စံအိမ်လေးထဲ သူမ ဘယ်လိုမှရှောင်လွှဲလို့မရပေ။

"မဠူရီ"

"ဟင်"

"ထ"

"ရှင်"



www.burmeseclassic.com

"ညစာစားမယ်"

"ပြီးပြီလားဟင်"

"အင်း"

မဒ္ဒူရီကြောက်တယ်။

သူနှင့်မဒ္ဒူရီတို့ နှစ်ယောက်ထဲရှိနေတဲ့ ချစ်စံအိမ်လေးတဲ့။

ကိုနောင်ကျွေးတဲ့ အစားအသောက်တွေက သန့်ရှင်းပါ့မလား။

သူမခန္ဓာကိုယ်လေးက လေးလံနေသည်။

"ထလေ"

သူမ ထလိုက်သည်။

ဖြစ်သင့်ပါ့မလား ...

မဒ္ဒူရီ ဘာဖြစ်လို့ ကိုနောင့်ကို မဆန့်ကျင်နိုင်ရတာလဲ ...

စားပွဲမှာထိုင်သည်။

စားသောက်စရာတွေ ပြင်ဆင်ထားတာ အများကြီးပါ။

"ကိုယ့်ကို လက်ထပ်မယ်မဟုတ်လား မဒ္ဒူရီ"

"ကျွန်မ စဉ်းစားပါရစေဦးနော်"

"စဉ်းစားစရာမလိုဘူးနော် မဒ္ဒူရီ ... မင်းလက်ထပ်ရမှာက ကိုယ်ပဲ"





သူမ ထမင်းကို စားချင်စိတ်တွေပင် မရှိတော့။

ကိုနောင် ဘာဆက်လုပ်နိုင်လဲ။

မဒ္ဒူရီကို လက်ထပ်ခွင့်တောင်းတာ စိတ်ညစ်သည်။

"ကိုနောင်"

"ပြော"

"အခု မဒ္ဒူရီလေ စာတွေကိုလုံးဝအာရုံမစိုက်နိုင်ဘူး၊ ခေါင်းတွေ ရှုပ်ထွေးနေတယ်၊ တခြားကိစ္စတွေ မဒ္ဒူရီ စဉ်းစားနိုင်စွမ်း ရှိတော့ဘူးထင်ကယ်"

"စဉ်းစားစရာ မလိုသေးပါဘူး မဒ္ဒူရီ"

"ရှင်"

"ကိုယ်ကပြောထားတာလေ ... မင်းဆီကနေ ဘယ်သူမှ လက်ထပ်ခွင့်မတောင်းခင် ကိုယ်က ပထမဆုံးတောင်းခံထားတာ"

"တော်ပါသေးရဲ့ ဟူး"

"ဟား ... ဟား ... ဟား"

"ဘာရယ်တာလဲ"

"မင်းစိတ်ရှုပ်ထွေးနေတာလေးကို သဘောကျလို့"

နောင်ကတော့ မဒ္ဒူရီကို အရမ်းချစ်မိသွားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com



ဖြူစင်လွန်းတယ်။

နှောင် လက်ထပ်တာ မဥ္ဇူရီလို မိန်းမမျိုးပဲ။

နှောင်က လှရှုပ်လှမွေ ...

ချစ်စံအိမ်လေးဆီ ခေါ်လာတတ်တဲ့ကောင်မလေး

ချက်ပြုတ်စားသောက်နေထိုင်ရတာ ဝါသနာပါသည်။

ဘယ်ကောင်မလေးမှ ခေါ်မလာဖူးဘူးဆိုတာ မဥ္ဇူရီ အ

မသေးစေရန် ပြောလိုက်ခြင်းဖြစ်သည်။

"မင်း အေးအေးချမ်းချမ်း စားပဲကြိုးစားပါ။ ကိုယ့်ကိုကြော

မနေပါနဲ့ မဥ္ဇူရီ"

"ကျွန်မတောင်းပန်ပါတယ်နော် ... လောလောဆယ်

ချစ်သူတွေလို မဆက်ဆံစေချင်ပါဘူး"

"OK"

မဥ္ဇူရီ အရဲစွန့်ပြီးတောင်းဆိုလိုက်ရသည်။

အမေက လူကြီးချင်း စေ့စပ်ထားဖို့အထိ ပြောဆိုထားပုံ

မဥ္ဇူရီ ဘယ်လိုရှောင်လွှဲရမလဲ။

"စားလေ"

"အင်း"

စားစရာတွေက အကောင်းဆုံးတွေဖြစ်နေပေမယ့်





မျိုးဈမရ ... ရင်တွေလေးလံနေသည်။

ပူပူလောင်လောင်ကြီး။

ဖင်ယော် ဒေါသတွေပေါက်ကွဲနေတာ့မည်။

စင်ဒီနှင့်များ အရွဲ့တိုက် တွဲနေပြီလားပဲ။

"မဥ္ဇူရီ"

"အမယ်လေး"

"ဘာဖြစ်လို့လဲ မင်းကိုကြည့်ရတာ အရမ်းကြောက်လန့်

တုန်လှုပ်နေသလိုပဲ"

"ဘာလဲဟင်"

"မင်းဘာတွေများ ဒီလောက်အထိ စဉ်းစားနေရတာလဲကွာ

စားလေ"

"တော်ပြီ"

"ပြန်ချင်နေပြီလား"

"အင်း"

"ထ"

သူက သူမလက်လေးကိုဆွဲ၍ ငွေရှင်းခန်းမှာပြန်ထိုင်စေသည်။

"ပြန်မယ်လေ"

"ခဏ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

သူက သူမမျက်နှာပြင်လေးကို အနီးကပ်ကြည့်သည်။

မဥ္ဇူရိ ဖယ်ရှားပစ်မိ၏။

သေချင်တယ် ...

ကိုနောင် ဘာတွေလုပ်နေတာလဲ။

ရှက်သည် ...

"ချစ်တယ်"

"ရှင်"

"အရမ်းချစ်တယ်"

"ဟို ... ဟို ... ဖယ်ပါ။ မဥ္ဇူရိ တောင်းပန်ပါတယ်နော်"

မဥ္ဇူရိ အတင်းအကြပ်ပင် ကိုနောင့်အကြည့်အောက်ကနေ ရုန်းဖယ်ပစ်မိသည်။

နှုတ်ခမ်းသားလေးတွေပင် တဆတ်ဆတ်တုန်ယင်နေ၏။

ကိုနောင်ရယ်မောရင်း ... သူမ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ချစ်တယ်လို့ပြော ... "

"ဟို ... ကျွန်မ ကျွန်မစဉ်းစားပြီးမှ ဖြေပါရစေ"

"ကိုယ်တို့လူကြီးချင်း ရေစပ်ထားမယ်"





"ကိုနောင်"

"ငြင်းလို့မရဘူးနော်"

သူမ ဘာမှဆက်မပြောတော့ဘဲ ... အတင်းအကြပ်ပင် ချစ်စံအိမ်လေးထဲကနေ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

ချစ်စံအိမ်ကိုပဲ မဥ္ဇူရီရောက်သွားပြီလား။

ကိုနောင် ဘာတွေလုပ်နေတာလဲ။

မဥ္ဇူရီက ကိုနောင်နဲ့စေ့စပ်ထားတာလား။

ခေါင်းတွေ ရှုပ်ထွေးနေသည်။

"မင်းအကျရှုံးမခံနဲ့ဇင်ယော် ... ရွာမှာ အမေတော့ ငိုက်ထားတယ်၊ မငွေသော်တို့ ဘယ်လောက်အထိ ခံခက်ကြီးဖြစ်ဲ ... သား ကြိုးစားပါ"

အမေက ဖုန်းဆက်ပြောသည်။

မဥ္ဇူရီနှင့် အတူတူရှိနေတာကို ဇင်ယော် ပြောမပြခဲ့။

လေးလေးနိုင်ကိုလည်း အမေစိတ်မချမှာ စိုးရိမ်၍ ဖုန်းကွယ်ငင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ယော်"

"ဗျာ … လေးလေး"

"မင်း … ခြံထဲမှာထိုင်နေတာ ကြာပြီနော်"

"ပူလို့ပါ"

"ခင်ယော်ရာ မင်းခုထိ တောကျတုန်းပဲလားကွ၊ မင်းအခန်း ထဲမှာ အဲယားကွန်းတပ်ထားတယ်လေ"

"ဟုတ်တယ် လေးလေးနိုင်၊ ကျွန်တော်က တောသား ပြင်းပလေပဲခံတတ်တယ်၊ အရသာရှိတာဗျ"

ခင်ယော် ခြံထဲထွက်ထိုင်နေတာက မဥ္ဇူရီတို့ကား ပြန် မလာသေးလို့ပါ။

လေးလေးနိုင်ကတော့ မသိပေ။

ရောယောင်ပြီး တောသားလုပ်ပစ်လိုက်ရသည်။

"ဟုတ်တယ်ကွ လေးလေးနိုင်လည်း ပြင်ပလေပဲ ကြိုက် တယ်"

"တစ်ခါတစ်လေ အိပ်ခန်းထဲမှာနေထိုင်ရတာ မွန်းကြပ် ပဲ အန်ကယ်ဂျော်တို့ကလည်း အရမ်းဂရုစိုက်ကြတယ်"

"လေးလေးတူလေး ကံကောင်းလိုက်တာကွာ … ရွာ အရမ်းစိတ်ဝင်စားနေကြတယ်၊ မင်းအကြောင်းပဲ ချီးမွမ်းပြော





ကြတယ်တဲ့"

"ကျွန်တော် အစွမ်းကုန်ကြိုးစားပြမယ် ကြည့်နေ … "

"ခင်ယော်"

"ဗျာ … "

"မဥ္ဇူရီကို လုံးဝစိတ်မဝင်စားနဲ့နော်၊ မင်းကို မငွေသော်က ထောင်ထဲပို့ပစ်ချင်တာကွ"

"တော်ပါပြီဗျာ"

"ဟိုလေ ဟိုကောင်မလေးစင်ဒီက ခေတ်ဆန်ပေမယ့် ပွင့်ပွင့်လင်းလင်းနဲ့ မင်းကိုစိတ်ဝင်စားနေပုံပဲ"

"အချစ်အကြောင်းတွေ ခင်ယော် လုံးဝစိတ်မဝင်စားဘူး လေးလေး"

"ကောင်းတယ် လေးလေးတူလေးက အရမ်းလိမ္မာတယ်၊ ထက်ထက်မြက်မြက်လည်းရှိတယ်၊ အချစ်ရေးတွေက စိတ်ဝင်စား စရာလည်း မကောင်းပါဘူး"

မငွေသော်က ခင်ယော့်အား သူ့သမီးနှင့်ပတ်သက်နေလျှင် ထောင်ချပစ်မည်ဟု ပြောထားသည်။

မဥ္ဇူရီကလည်း ချစ်စရာ အရမ်းချောတဲ့ကောင်မလေး။

ခင်ယော်နှင့်က ငယ်စဉ်ကပင် တတွဲတွဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဇင်ယော်"

"ဗျာ"

"မင်း စာတွေရေးလိုက်နိုင်ရဲ့လား၊ မဥ္ဇူရီရော ဘာတဲ့လဲ ဆေးကျောင်းတက်ချင်လို့ ဟုတ်လား ... မငွေသော်ကတော့လေ သူ့သမီးကို သူဌေးသားနဲ့ငြိအောင် သွားထားတယ်မပြောဘူး ကလိမ်ကကျစ်နဲ့"

"တော်ပါတော့လေးလေးရာ မဥ္ဇူရီအကြောင်းတွေ ဘာမှ မကြားချင်ပါဘူး"

"အေးပါ ... လေးလေးလည်း မပြောချင်ပါဘူး"

"မင်း နေဦးမှာလား"

"နေဦးမယ်"

"အေး ... ဒါပေမယ့် အကြာကြီးမနေနဲ့နော် တူလေး၊ အအေးပတ်မယ်"

"ဟုတ်ကဲ့"

လေးလေးနိုင် ပြန်ဝင်သွားသည်။

မဥ္ဇူရီတို့ကား အရိပ်အယောင်မျှပင်မတွေ့။

ယောကျ်ားလေးတစ်ယောက်နောက်ကို အလွယ်တကူ လိုက်သွားရဲတဲ့ မိန်းကလေးလား။





နင့်အမေရဲ့အမိန့်တွေကို နင်နာခံနေတာလား မဥ္ဇူရီ ... အသေတွေ ပေါက်ကွဲပစ်ချင်သည်။

"နင့်အဖေက ကိုနောင့်ကိုတော့ ထောင်ကဲမပို့ဘူးလားမဥ္ဇူရီ သော့ကိုပဲလား"

သူစောင့်ကြည့်နေတုန်း စင်ဒီဆီက ဖုန်းဝင်လာသည်။

"ဇင်ယော်"

"ပြော"

"ရှင် ခြံထဲမှာထိုင်နေတာမဟုတ်လား"

"အင်း"

"လာခဲ့မယ်"

"လာလေ ... "

မဥ္ဇူရီနှင့်ပတ်သက်တဲ့ အကြောင်းတွေ သိချင်သည်။

အထူးသဖြင့် ချစ်စံအိမ်နှင့်ပတ်သက်တာတွေပဲ။

စင်ဒီချက်ခြင်းပင် ရောက်လာ၏။

အရင်ဆုံး သူလှမ်းမြင်နေရတာက စင်ဒီရဲ့ပေါင်တံဖွေးဖွေး

သူ့အနား ကပ်ထိုင်သည်။

"ရှင့်ကို ခြံထဲမှာထိုင်နေတာတွေ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အပြင်လေကို ပိုကြိုက်တယ်စင်ဒီ"

"စင်ဒီလည်း အဲဒီလိုပဲ"

စင်ဒီကတော့ ဇင်ယော်ကြိုက်သမျှကို လိုက်၍ကြိုက်သည်။

"ဇင်ယော် အရမ်းစာတော်တာပဲ၊ မာမီက အရမ်းသဘောကျနေတယ်သိလား"

"ဒီလိုပါပဲ စင်ဒီလည်းတော်တာပဲ"

"မဥ္ဇူရီကတော့လေ ဆေးကျောင်းတက်ချင်တယ်ပြောပေမယ့် ဉာဏ်ကမကောင်းဘူး၊ ကြွားနေတာများလားဟင်"

"သူ့ရည်မှန်းချက်ပဲလေ၊ ကိုယ်ကတော့ စိတ်မဝင်စားပါဘူး မင်းကိုကိုက ချစ်စံအိမ်ဆိုတာတော့ ကိုယ်စိတ်ဝင်စားတယ်"

"တကယ်"

"အင်း"

"စင်တို့ ဖန်တီးကြမလား"

"မင်းကိုကိုရဲ့ချစ်စံအိမ်က ဘယ်နားမှာလဲ"

"အင်းယားကန်စောင်းမှာလေ"

"တစ်ခါလောက် သွားကြည့်ကြမလား"

"ကိုကိုက သူ့ချစ်စံအိမ်ထဲ ဘယ်သူမှဝင်ခွင့်မပြုဘူး"





"မဥ္ဇူရီကိုပဲလား"

"တောသူမကတော့ ကိုကိုနဲ့တွေ့ရင် ခံရမှာလေ ... တို့ကိုကိုဘိုးစွန် ... သူ့ချစ်စံအိမ်လေးထဲ သူ့အဆက်ကောင်မလေးတွေပဲ ဝင်ခွင့်ရှိတာပါ"

"ကိုနောင်က မဥ္ဇူရီကိုရော အပျော်လား"

"အတည်လေ မဥ္ဇူရီနဲ့ကျမှ အတည်ဖြစ်နေတာ"

"အခုထိတောင် ပြန်မလာကြသေးဘူးနော်"

"အင်း ... စောစောက စင်ဒီဖုန်းဆက်ကြည့်တော့လေ ချစ်စံအိမ်လေးထဲမှာ ချက်ပြုတ်စားသောက်နေကြတယ်တဲ့"

"ဟင် ... ဒီအချိန်ထိလား"

"အင်း"

နင်ကတော့သွားပြီပဲ မဥ္ဇူရီ၊

ကိုနောင်က ဘယ်လိုယောကျ်ားမျိုးလဲ နင်သိလား။

နင့်အမေ ဒေါ်ငွေသော်က အရမ်းသဘောကျ နှစ်သက်နေပြီ

"တောက်"

"ဟင် ... ဇင်ယော် ဘာဖြစ်တာလဲ၊ ဘယ်သူ့ကို ဒေါသဖြစ်သို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဟာ … မဟုတ်ပါဘူး စင်ဒီရာ … ကိုယ်

လေးလေးနိုင်အကြောင်း စဉ်းစားမိသွားလို့ ဒေါသထွက်သွား

"လေးလေးနိုင်က ဇင်ယော်ကိုဘာပြောလို့လဲ လေးလေး

က သဘောကောင်းပါတယ်၊ ဇင်ယော်ကိုလည်း ချစ်တယ်လေ"

"မဟုတ်ပါဘူး တစ်ခါတစ်လေ လေးလေးနိုင်က ဗိုလ်

တယ်၊ ကိုယ့်ကိုကားမောင်းသင်ပေးဖို့ ပြောထားတာ နေ့ရွှေ့ည

နဲ့လေ"

"ဟုတ်လို့လား"

"ကိုယ်သတိရလိုက် မေ့သွားလိုက်နဲ့ ဒေါသဖြစ်ရတယ်"

"စင်ဒီနဲ့သင်မယ်လေ"

"မင်းက မောင်းတတ်လို့လား"

"အင်း … ကျွမ်းတယ်"

"ဒါဆိုလည်းကောင်းတယ်၊ စင်ဒီနဲ့ပဲသင်မယ်"

"အခုသွားသင်မလား"

"နေပါစေ … နောက်မှ"

မဋ္ဌုရီ … နင်ကိုယ်တိုင်က ကျေနပ်လက်ခံနေတာလား

တကယ်ဆိုရင် နင်ငြင်းပစ်သင့်တာပဲ။

"ဇင်ယော်"





"ဟင်"

"တို့နှစ်ယောက်လည်း စားသောက်ခန်းထဲဝင်ပြီး ချက်ပြုတ်စားသောက်ကြမလား"

"ကိုယ်မချက်တတ်ဘူး"

"စင်ဒီ ချက်ကျွေးမယ်"

"ဘာလဲ"

"ဘဲဥပြုတ်"

"ကောင်းတာပဲ"

သူနှင့်စင်ဒီ တစ်ဖက်ခြံကြီးထဲ ပြန်ရောက်လာခဲ့ကြသည်။

စင်ဒီတို့မိဘတွေက ခေတ်မီတယ်ပဲပြောရမလား။

သားသမီးတွေက ကိုယ့်သဘောနှင့်ကိုယ် လွတ်လပ်စွာပြောဆိုနေထိုင်ကြသည်။

"သားနဲ့သမီး မအိပ်ကြသေးဘူးလားကွယ်"

"စင်ဒီတို့ဗိုက်ဆာလို့ မာမီ၊ ဘဲဥပြုတ်စားကြမလို့"

"မနဲ့ ကိုခိုင်းလေ"

"ကိုယ်တိုင်လုပ်ချင်တာပါ"

"အေး … အေး … ကြိုက်တာလုပ်ကြ၊ သမီးစင်ဒီ အပူလောင်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဇင်ယော်လည်း ဝိုင်းလုပ်ပေးမှာပါ"

ဇင်ယော့်စိတ်တွေက မဥ္စူရီထံပဲ ရောက်နေသည်။

သူ ဘာဆက်လုပ်ရမလဲ။

မဥ္စူရီလက်ကိုဆွဲပြီး ကမ္ဘာကြီးရဲ့အပြင်ဘက်အထိ ထွက်ပြေးချင်လာ၏။

စင်ဒီကတော့ ပျော်ရွှင်တက်ကြွစွာဖြင့် ဘဲဥကို ပြုတ်နေသည်။

"တီ ... တီ"

"တီ"

"ဟယ် ... ကိုကိုတို့ပြန်လာကြပြီထင်တယ်"

မဥ္စူရီတို့ ပြန်လာကြပြီ။

ဇင်ယော် ဒေါသပေါက်ကွဲချင်နေသည်။

"ဇင်ယော် ကိုကိုတို့ကိုလည်း သွားခေါ်မယ်"

"နေပါစေ"

မဥ္စူရီ ပြန်ရောက်လာပြီဆိုတော့လည်း မျက်နှာချင်းမဆိုင်လိုပေ။

သူကတော့ စားပွဲမှာပဲထိုင်နေသည်။





"အင်း ... မခေါ်တော့ဘူးနော် ... ဇင်ယော့်စိတ်တွေအနှောက်အယှက် ဖြစ်လိမ့်မယ်"

မဥ္စူရီအား ဇင်ယော် စိတ်ဝင်စားဟန်မရှိ၍ စင်ဒီကျေနပ်သွားသည်။

"အင့် ... စား"

"တော်လိုက်တာ"

"ကော်ဖီဖျော်ပေးမယ်"

"အင်း"

"ဇင်ယော့်အတွက် လုပ်ပေးနေရတာလေ စင်ဒီ အရမ်းပျော်တယ်"

မဥ္စူရီနှင့်ကိုနောင်တို့လည်း ပြန်လာသံကြားနေရသည်။

"မဥ္စူရီ အပေါ်တက်တော့မယ်နော် အန်တီ"

"သမီးလေးပင်ပန်းအောင် သားမလုပ်ပါနဲ့ကွယ်"

"မဥ္စူရီကို လေ့ကျင့်ပေးနေတာပါ မာမီရာ"

ကိုနောင်ကပြောပြီး သူတို့ရှိနေတဲ့ စားသောက်ခန်းထဲ ဝင်လာသည်။

"ရွှေယောင်းမလေးရော"

"အပေါ်တက်သွားပြီ ... အရမ်း ရှက်ကြောက်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ... ရိုးရှင်းတယ်"

"ကိုကို စားမလား ..."

"စားမယ်"

ဇင်ယော်ကတော့ ... လုပ်ချင်တိုင်းလုပ်နေတဲ့ ကိုနော

ဒေါသဖြစ်သွားရသည်။

ဆွဲထိုးချင်တဲ့စိတ်တွေပင် ဖြစ်လာ၏။

ကိုနောင့်အပြုအမူတွေက ဘာမှ အလေးအနက် ...

သလိုလို။

"ဇင်ယော်"

"ဟင်"

"မင်းကတော့ လူတော်ပဲ"

"ဗျာ"

"ကောသားလေးပဲ မဍ္ဍူရီလိုပဲ၊ ရိုးအလွန်းနေတယ်"

ဇင်ယော်က ဆွဲထိုးပစ်ချင်နေတာပါ။

ဘာတောသားလဲ ...

"ကိုကိုနော် ဘာတွေလာဝေဖန်နေတာလဲ ... ဇင်...

တည်ငြိမ်တာ ယောကျ်ားပီသနေတာ"

"ဟား ... ဟား ... ဟား"





"ကိုကို"

"လူတွေက ဆန်ကျင်ဘက်တွေပဲ ဇင်ယော် ... ထားလိုက်

ပါတော့ကွာ ... သွားပြီ"

"ဟွန်း ..."

စင်ဒီကတော့ ဇင်ယော်ကို ခပ်နှိမ်နှိမ်ပြောချင်နေတဲ့ ကိုကို့

ကို မျက်စောင်းထိုးပစ်လိုက်သည်။

"ဇင်ယော်"

"ဟင်"

"ကိုကိုကလေ လူရှုပ်သီလား ... ဇင်ယော်က အေးစက်စက်

နေထိုင်တတ်တာကို အရမ်းပြောချင်နေတယ်၊ စင်ဒီကတော့လေ

ဇင်ယော့်ပုံစံလိုပဲ ကြိုက်တယ်"

သူထလိုက်သည်။

မဍ္ဍူရီပြန်ရောက်လာပြီဖြစ်၍ စိတ်အေးသွားပါပြီ။

ဖုန်းဆက်မယ် ... နင် ကိုနောင်နဲ့ ခပ်ခွာခွာနေစမ်းပါလို့

ခပ်ပြတ်ပြတ် အမိန့်ပေးရမယ်။

"ပြန်တော့မလား ဇင်ယော်"

"အင်း"

"ထိုင်ပါဦး ကိုကို့ကြောင့်လား ဇင်ယော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... ကိုယ် စာတွေပြန်ကြည့်ရဦးမယ်လေ

"ဟုတ်သားပဲ စင်ဒီလည်း ပြန်ကြည့်ရမယ်"

"ပြန်ပြီ"

"ခြံဝအထိ လိုက်ပို့မယ်"

"မပို့နဲ့ ကိုယ်ပြန်ပြီ ... စင်ဒီလည်း စာကြည့်"

ဇင်ယော် နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။

( ၁၂ )

"မဋ္ဌူရိ"

"ဇင်ယော်"

"နင် ဘယ်ကနေပြန်လာတာလဲ ... ဘယ်တွေရောက်ပြီး

ွလုပ်နေခဲ့တာလဲ ... ကြာကြာနေရင် နင့်ကိုငါ ကားတင်ခိုး

တော့မယ်နော်"

"အမယ်လေး ... မလုပ်ပါနဲ့ဇင်ယော်၊ နင်ဒုက္ခရောက်မှာ

..."

"ရောက်ရောက်ဟာ"

"မဋ္ဌူရိကို အထင်မလွဲပါနဲ့ဇင်ယော်ရယ် ... တောင်းပန်ပါ

ာ် အမေ့ဆန္ဒအရ မဋ္ဌူရိ အလိုက်အထိုက် နေပြရတာပါ"

"ငါစိတ်မချဘူး ... နင်ရှာကိုပဲပြန်ပါ။ ဆေးကျောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တက်ရမှာမဟုတ်ဘူး"

"အမေ့ကြောင့်ပါဟာ ... မဍ္ဍူရီ ဘယ်လိုမှလွန်ဆန်လို့မရဘူး၊ နင်ရော စင်ဒီနဲ့တွဲနေတာပဲ မဟုတ်လား"

"နင့်ကြောင့်လေ၊ နင်ပြန်ရောက်လာမယ့်အချိန်ကို ငါစောင့်နေရတာ၊ နင်နားလည်လား အချစ်စံအိမ်ထဲမှာ နင်ဘာတွေဖြစ်ခဲ့လဲ" "ဘာမှမဖြစ်ပါဘူး၊ ငါ့ကိုယ်ငါကာကွယ်မှာပါ ဇင်ယော်၊ အသက်နဲ့လဲပစ်မယ် နင်စောင့်ကြည့်နေပါ"

"မဍ္ဍူရီ"

"ဟင်"

"နင်ထွက်လာခဲ့"

"ဘယ်ဖြစ်မလဲ မဍ္ဍူရီနေရတာက သူများအိမ်လေ"

"မရဘူးဟာ ခိုးထွက်ခဲ့ ... "

"ဇင်ယော်"

"ငါ အရမ်းစိတ်ပူနေတယ်၊ နင့်အပေါ် ကိုနောင်က နိုင့်ထက်စီးနင်းလုပ်နေတာကြီးကို ငါဘယ်လိုမှ သည်းမခံနိုင်တော့ဘူး"

"ဇင်ယော်ရယ်"





မဍ္ဍူရီ ငိုပစ်ချင်သည်။

ဇင်ယော် ခံစားနေရတဲ့အတိုင်း မဍ္ဍူရီလည်း ခံစားနေရပါသယ်။

"မဍ္ဍူရီလည်း ခံစားနေရတာပါပဲ ဇင်ယော်ရယ် ... တို့တွေ အချိန်တစ်ခုခုကို စောင့်ကြရအောင်ပါ"

"နင် ကိုနောင်နဲ့ ဝေးဝေးနေပါ၊ နောက်ဆို ငါလိုက်လာခဲ့မှာ ... နင့်ကိုတော့ မှည့်တစ်ပေါက်အစွန်းမခံနိုင်ဘူး မဍ္ဍူရီ"

"မဍ္ဍူရီကို နားလည်ပေးပါနော် ... အမေ့ကြောင့်ပါဟာ ... သာ မရှောင်သာလို့ပါ"

"ကောင်းပြီလေ၊ နင် ဒီကောင်ခေါ်တိုင်းလိုက်မသွားနဲ့နော် ... ရီ အချစ်စံအိမ်က နင်လိုက်သွားစရာလား"

"အင်းပါ"

"ချစ်တယ်"

"ဟင်"

"နင်လည်းပြန်ပြော ... "

"ချစ်တယ်"

"နင့်နှုတ်ခမ်းလေးကို အရမ်းနမ်းချင်တယ်"

"ဇင်ယော် အရှုးကောင် ... "



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြုံးပစ်လိုက်သည်။

ဒီကောင် မြို့ရောက်မှ ဒါမျိုးတွေ ပြောတတ်နေတယ်။

မဉ္ဇူရီ ရှက်သွား၏။

ဇင်ယော်ကို ကြောက်တောင်လာတယ်။

သူမ ဖုန်းကိုပိတ်ပစ်လိုက်သည်။

"ဇင်ယော်ရယ် မဉ္ဇူရီလည်း ဇင်ယော့်ကိုချစ်ပါတယ်နော်"

အမေက ဖုန်းဆက်သည်။

ဇင်ယော် ဘာကောင်ကြီးပဲ ဖြစ်နေပါစေ ... သမီး လုံးဝ စိတ်ဝင်စားစရာမလိုဘူးတဲ့။

သမီး လက်ထပ်ရမှာက နောင်နောင်ပဲတဲ့။

အမေကတော့လေ ကိုနောင့်ကို အထင်ကြီးနေတယ်။

"သူ့အမေက လိုက်ကြွားနေတယ်၊ သူ့သားကို သူဌေးတွေက အမွေစားအမွေခံ မွေးစားမှာတဲ့၊ အမြင်ကတ်လိုက်တာ သမီးနဲ့တောင် မတူမတန်သလိုလို ပြောနေတယ်"

မဉ္ဇူရီ ရင်မောရသည်။

"မဉ္ဇူရီ ဆရာဝန်လည်းမဖြစ်နိုင်ဘူး မေမေ၊ ရွာကိုပဲ ပြန်လာပါရစေနော်၊ မဉ္ဇူရီက ဉာဏ်ထိုင်းပါတယ် အောင်ရုံပဲအမှတ်ရမှာ"

"မေမေတို့လည်း ... မကြာခင်ပြောင်းလာတော့မယ် ...





နောင်နောင်နဲ့ ရင်းနှီးအောင်နေပါ"

မေမေကတော့ ကိုနောင်ပဲ။

မဉ္ဇူရီကို အမြဲတမ်း ခြိမ်းခြောက်စကားတွေ ပြောနေတတ်သည်။

"မိသားစု ဒုက္ခရောက်လိမ့်မယ်၊ ညည်းအဖေ ထောင်ထဲဝင်ရမှာယ် မဉ္ဇူရီ ... သိလား"

"မဉ္ဇူရီက ကိုနောင့်ကိုမရွေးချယ်တာနဲ့ အဖေက ဘာဖြစ်လို့ထောင်ထဲဝင်ရမှာလဲ အမေ"

"သူတို့ငွေတွေ ညည်းအဖေ အများကြီးအလွဲသုံးစားလုပ်ထားတယ် မဉ္ဇူရီ ... ညည်းအဖေ လောင်းကစားဝိုင်းမှာရှုံးလို့"

"ဟင်"

"သူတို့ကို ဆန့်ကျင်လို့ လုံးဝမဖြစ်ဘူးနော် မဉ္ဇူရီ"

"အမေ"

"ကိုနောင့်ကို ညည်းလက်ထပ်ရမယ်၊ မလွှဲမသွေပဲ"

အမေတို့ ရက်စက်တယ်။

မဉ္ဇူရီကောင်းစားရေးက ဒါလား။

အဖေရော အမေပါ အသုံးအစွဲတွေ ကြီးနေကြသည်။

အမေ စိန်တွေတောင်. ဝယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တောရွာလေးမှာ ဒီလောက်အထိ ကြွားဝါဖို့ လိုအပ်လား။

မဍ္ဍူရီ အိပ်ပစ်ဖို့လည်းကြိုးစားနေရသည်။

မနက်မိုးလင်းတော့ အိမ်ဖော်မိန်းမကြီးက လာနှိုး၏။

မနက်စာစားဖို့ စောင့်နေကြပြီတဲ့။

ကိုနောင်နှင့် မျက်နှာချင်းဆိုင်ရမှာ ... မဍ္ဍူရီ အကြောက်ဆုံးပင်။

အဝတ်အစားတွေလဲပြီး စားသောက်ခန်းထဲ ဝင်လာတော့ ဇင်ယော်ပါ ရောက်နေသည်။

"ဇင်ယော့်ကိုလေ စင်ဒီ ခေါ်ထားတာပါ"

ဇင်ယော့်အကြည့်တွေက သူ့မထံ ဆတ်ခနဲ ရောက်လာသည်။

အမေ့စကားတွေကြောင့် မဍ္ဍူရီ ဝမ်းနည်းနေရ၏။

ကိုနောင်ကတော့ ထုံးစံအတိုင်း အကဲပိုလွန်းသည်။

"မဍ္ဍူရီ ... မင်းကြိုက်တဲ့အုန်းနို့ခေါက်ဆွဲ ကိုယ်ချက်ခိုင်းထားတာလေ၊ အန်တီဌေးကို မေးလိုက်တာ"

"အင်း"

"စားနော် ..."

"သားရယ် မဍ္ဍူရီလေး အရှမ်းရှက်နေပါ့မယ် ... သားက





ရစိုက်လွန်းတော့ စိတ်ညစ်ပြီး ထွက်ပြေးမှာ ကြောက်ရတယ်လေ"

"မပြေးပါဘူး မာမီရာ ... နောင်သိပါတယ်၊ ဒီကောင်မလေးကို ရှန်းမထွက်နိုင်အောင် သံမဏိပိုက်ကွန်နဲ့ အုပ်ထားတယ်၊ နော်ယ်ဒီ ..."

"အင်း ... ဟုတ်တယ်၊ မင်းသားက မဍ္ဍူရီကိုမှ မရရင် သေသွားနိုင်တယ်နော်၊ ဒါကြောင့် ... မောင်က သားအတွက် အပိုင်ချုပ်ပေးထားရတာလေ"

"ဘာတွေလဲ"

"နောက်မှ မာမီ့ကို ရှင်းပြမယ်"

အမေ့ကိုအကြေးတွေ ပတ်ချာဝိုင်းသွားအောင် သူတို့လုပ်စ်လိုက်တာလား။

ကိုနောင်တို့သားအဖရဲ့ မျက်နှာတွေကို မဍ္ဍူရီ မနှစ်သက်မိ။

မရိုးသားဘူးဟု ထင်နေသည်။

"မဍ္ဍူရီ"

"ရှင်"

"မင်း ဆေးကျောင်းတက်စရာ မလိုဘူးနော်၊ နောင်က ဝုဏ်ဒြပ်တွေ မလိုဘူး ... ရိုးသားဖြူစင်မှုပဲ သန့်သန့်လေးပဲကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်က မဥ္စူရီရဲ့ခြေထောက်ကိုမှန်း၍ သတိပေးသည့် အနေဖြင့် လှမ်းကန်ပစ်လိုက်ရာ စင်ဒီခြေထောက်ကို ကန်မိသွားတော့ စင်ဒီက အထိတ်တလန့်အော်ပြီး ရယ်သည်။

"ဘာလဲဟဲ့ သမီးကလည်း ဘာဖြစ်လို့လန့်အော်ရတာလဲ"

"ဘာမှမဟုတ်ပါဘူး ပုရွက်ဆိတ်ထင်တယ်၊ ပုရွက်ဆိတ်"

"ဟာ ... ဒီကောင်မလေး"

ဇင်ယော်က သူ့မခြေထောက်ကို တမင်လာထိသည်ထင်ပြီး စင်ဒီ ရင်တွေပန်းတွေတုန်သွားရ၏။

ကိုကိုတို့ကို အားကျနေပြီထင်တယ်။

မဥ္စူရီကိုလည်း စင်ဒီ မျက်စိပစ်ပြလိုက်သည်။

"မဥ္စူရီလေး စိတ်ပင်ပန်းမယ် ... ကျောင်းစာမှာအောင်ရင် တော်ပါပြီကွယ် ... နော် ... "

ကိုနောင့်မာမီကတော့ မဥ္စူရီကို အမြဲတမ်း ဖေးမကူညီသည်။

မိသားစုတွေထဲမှာ စိတ်သဘောထား အပြည့်ဝဆုံးပါပဲ။

စားသောက်ပြီးတော့ အတူထကြသည်။

"မဥ္စူရီ"

"ဟင် ... စင်ဒီ"





"မဥ္စူရီတို့ကိုအားကျပြီး ဇင်ယော်ကလေ စင်ဒီခြေထောက်ကို လှမ်းတို့တာသိလား၊ မာမီတို့ သိသွားမှာစိုးလို့ မပြောတာလေ"

"စောစောက စင်ဒီအော်လိုက်တာလား"

"အင်း"

မဥ္စူရီ သိလိုက်သည်။

ဇင်ယော်က မဥ္စူရီကို သတိလှမ်းပေးတာပါ။

မဥ္စူရီ ဘယ်လိုလုပ်ရမလဲ ဇင်ယော်။

ကံကြမ္မာတွေက ဖန်တီးလာပြီပဲဟာ။

ဇင်ယော့်ဘဝက ပြည့်စုံနေပါပြီ။

စင်ဒီက နှစ်ယောက်ချင်းကပ်၍ ကြွားဝါနေသည်။

"ဇင်ယော်က မဥ္စူရီတို့ကိုအားကျနေပြီသိလား စင်ဒီရောပဲ"

"စင်ဒီရယ် ဒီစကားတွေက ပြောသင့်တဲ့အချိန်မဟုတ်သေးဘူး ထင်တာပဲလေ"

"အမယ်လေး ... သူကျတော့ ... ကိုကိုနဲ့နှစ်ယောက်ထဲ ချစ်စံအိမ်အထိ သွားပြီးတော့"

"ဒါကလေ ကိုကိုက အတင်းအကြပ်ခေါ်လို့ပါ"

"ဇင်ယော်ကလေ ... စင်ဒီနဲ့အချစ်စံအိမ်လေးတစ်ခု တည်ဆောက်ဖို့ စိတ်ဝင်စားနေတာသိလား မဥ္စူရီ ... ကိုကို့ ချစ်စံအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် သွားပြီးလေ့လာချင်နေတယ် ... သွားကြမလို့"

"အမယ်လေး မသွားကြပါနဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ... ဒါမျိုးတွေ စိတ်မဝင်စားစေချင်လို့ နော်၊ မဥ္ဇူရီက ဇင်ယော်နဲ့စင်ဒီက ဉာဏ်ကောင်းကြတော့ ပညာရေးမှာပဲ အာရုံစိုက်ထားကြစေချင်လို့ပါ"

"ပြောပြတာပါ မဥ္ဇူရီရာ"

စင်ဒီနှင့်ဇင်ယော် ဘယ်လောက်အထိ နက်နက်ရှိုင်းရှိုင်း ပတ်သက်ဆက်ဆံနေကြပြီဆိုတာကို မကြာခဏထုတ်ပြောနေသည်။ မဥ္ဇူရီကိုကြည့်ရတာ ကိုကို့အပေါ် ခံစားမှုကင်းမဲ့နေသလိုပင်။

ဇင်ယော့်ရှေ့မှာဆို မဝံ့မရဲနှင့် စင်ဒီ စိတ်ပူလာရ၏။

ဆရာရောက်လာသဖြင့် ဇင်ယော်လည်း အခန်းထဲပြန်ဝင် လာသည်။

မဥ္ဇူရီအကြည့်တွေက ဆတ်ခနဲရွေ့လာပြီး ပြန်လွှဲပစ်လိုက် ၏။

ဇင်ယော့် အကြည့်တွေကလည်း တစ်မျိုးပဲ။

စင်ဒီ သတိထားမိသွားသည်။

"မဥ္ဇူရီ နင်ဘာတွေ ကြိတ်ပုန်းခုတ်နေရတာလဲ၊ ဇင်ယော်





ကိုတော့ လာမထိနဲ့နော်"

စင်ဒီတွေးမိရင်း သူမစိတ်တွေပူလောင်နေသည်။

မဖြစ်ဘူး ဇင်ယော်အထင်ကြီးစေရန် စင်ဒီ ပညာရေးမှာ မဥ္ဇူရီထက်သာစေရန် ကြိုးစားပြရမည်ဖြစ်သည်။

"စင်ဒီက အရမ်းတော်လာတာပဲ မင်းရော ဆေးကျောင်း တက်ဖို့ရည်မှန်းထားတာလား"

"ဟုတ်ကဲ့ဆရာ စင်ဒီကလေ အားလုံးထက်တော်ချင်တယ်၊ ဖြစ်နိုင်ရင် မြန်မာပြည်တစ်ပြည်လုံး ပထမရချင်တယ်လေ"

"ဖြစ်နိုင်ပါတယ် ... တပည့်တွေကို မျှော်လင့်ပါတယ်ကွာ၊ ကြိုးစားကြပါ"

စင်ဒီက ပိုပြီးလောဘကြီးမိသည်။

ဝိုက်တွေလည်း ခေါ်ထားသေး၏။

ဇင်ယော်လည်း ကြိုးစားတယ်။

မဥ္ဇူရီလည်း စာထဲမှာပဲ အာရုံစိုက်နေသည် ...

ကိုနောင်က မဥ္ဇူရီအား ဝိုက်လုပ်နေ၏။

ပညာရေးမှာပဲ စိတ်ဝင်စားကြစို့။

မာမီကလည်း သတိပေးနေသည်။

"သားတို့သမီးတို့ အရေးကြီးတာက ပညာရေးပဲ ... ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဆုံးအဖြတ်ပေးမှာမို့ အာရုံတွေမပြန့်လွင့်စေနဲ့ သား...
မချူရီကို မနှောက်ယှက်ပါနဲ့ဦး"

မချူရီကတော့ စိတ်တွေမကြည်လင်နိုင်။

အမေကလည်း မကြာခင် ပြောင်းလာတော့မည်တဲ့။

ကောင်းပါတယ် ...

မချူရီ မနေချင်တော့ဘူး ...

ညတိုင်းတော့ ဇင်ယော်က ဖုန်းဆက်သည်။

"မချူရီ သူတို့ကဘာလဲ၊ နင့်ကို သံမဏိပိုက်ကွန်နဲ့ အုပ်...
တယ်ဆိုတာရော ဘာလဲ"

"မသိပါဘူး ဇင်ယော်ရယ်"

"နင်မလိမ်နဲ့နော်၊ နင်သိကိုသိရမယ် ပြောပြပါ၊ ငါ့စိတ်...
လေးလေးလံလံကြီး မဖြစ်စေနဲ့နော်"

"တကယ် မသိလို့ပါဇင်ယော်ရယ်၊ အမေ့ကို ခါ်ကိုင်...
တာပဲ ဖြစ်လိမ့်မယ်၊ မချူရီလေ ကိုနောင့်ကို မဖြစ်မနေငြင်းဆန်...
ပါ၊ အသက်ပေးချင်ပေးရပါစေ မချူရီ သတ္တိရှိတယ်၊ နင်ပဲနော်...
စင်ဒီက အပိုင်ကြီးတွက်ထားတာသိရဲ့လား"

"ငါ့မှာ ဘာအနှောင်အဖွဲ့မှမရှိပါဘူး မချူရီ၊ နင့်ကိုရွှဲပြီး...
ယူပစ်လိုက်တာပဲရှိတယ်"





"ဇင်ယော်ရယ် နင်ကလေ ငါ့ကိုရွဲ့မလို့လား၊ ငါက အသက်
...ဆောင် ပေးဆပ်တာလေ"

"နင်မသေရဘူး ဘယ်လိုပဲဖြစ်ဖြစ် အသက်ရှင်ပေးပါ၊ နင့်
...ငါ့အပေါ်တော့ သစ္စာလုံးဝမမဲ့နဲ့နော် မချူရီ"

"နင်ရောပဲ"

"ငါ စင်ဒီကို လုံးဝမချစ်ဘူး"

"ချစ်စံအိမ်ဆိုတာက ဘာလဲ"

"နင့်ကြောင့်လေ ငါက ဘယ်တော့မှ ... စင်ဒီနဲ့ ချစ်စံအိမ်
...တည်ဆောက်ဘူး၊ ကိုနောင် တည်ဆောက်ထားတဲ့ ချစ်စံအိမ်ကို
...လောင်တိုက်သွင်းပစ်မလို့လေ"

ဇင်ယော့်အတွက်ပဲ မချူရီ စိတ်မောရသည်။

အေးစက်ချမ်းစိမ့်နေတဲ့အခန်းထဲမှာပင် မချူရီ ဇောချွေးတွေ
...ချင်နေ၏။

ကိုနောင် ရောက်လာပြန်သည်။

"မချူရီ အိပ်ပြီလား ... စာကျက်ရအောင်ကွာ"

"မချူရီ အနားယူချင်ပြီ ကိုနောင်ရယ်နော် ... "

"နေမကောင်းဘူးလား၊ မင်းမျက်နှာညှိုးနေသလိုပဲ၊ စိတ်ရှုပ်
...ွေးစရာတွေ ရှိလို့လား မချူရီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်က မဥ္ဇူရီ နဖူးကိုစမ်းကာ သူ့ရင်ခွင်ထဲမှာ အ

ခန္ဓာကိုယ်လေး နစ်မြုပ်နေသည်။

စိတ်ညစ်လိုက်တာ ...

အမေတို့ အမြန်ဆုံးပြောင်းလာပါစေဟုပဲ ဆုတောင်း

၏။

ကိုနောင်ကတော့ မဥ္ဇူရီမျက်နှာလေးအနား ထိလု

တိုးကပ်ကြည့်ရှုနေလေသည်။

## အခန်း ( ၁၃ )

မဥ္ဇူရီ ဆယ်တန်းအောင်တဲ့အချိန်တွင် အမေတို့ ရန်ကုန်ကို ပြောင်းလာကြသည်။

မဥ္ဇူရီက ရိုးရိုးပဲအောင်ခဲ့၏။

ခင်ယော်နှင့် စင်ဒီက ဘာသာစုံဂုဏ်ထူးထွက်ကြသည်။

"မဥ္ဇူရီ ရိုးရိုးအောင်လည်းဘာဖြစ်လဲ ... ကိုယ်ကတော့ ပိုကြိုက်တယ်၊ ကိုယ့်အနားမှာပဲနေပေးပါ"

ကိုနောင့်စကားတွေကြောင့် ... အမေကတော့ ကျေနပ်သဘောကျနေသည်။

ခင်ယော့်ကိုလည်း အမေတွေ့သွားခဲ့၏။

မထင်မှတ်ဘဲနှင့် အောင်မြင်နေတဲ့ ခင်ယော့်ကို အမေ မနာလိုဝန်တို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒင်းအမေက ကြီးကျယ်နေတယ်သမီး။ ဒင်းထက်သာ ယောက်ျားကိုပဲ ယူရမယ်၊ ကိုနောင်နဲ့ပဲ အမေသဘောတူတယ်"

"အမေရယ် ... ကိုယ့်ဘဝတူ တစ်ယောက်အကြော တစ်ယောက်သိကြတဲ့လူတွေချင်းက ပိုကောင်းပါတယ်"

"မဖြစ်ဘူး ... ညည်းအဖေအတွက်ရော၊ အမေတို့နေထိုင် ရော သူတို့က ဖန်တီးပေးထားတာလေ၊ ညည်းလက်ထပ်ရမှာ နောင်နောင်ပဲ"

ကိုနောင့်ကို မဥ္ဇူရီ မနှစ်သက်မိ။

ကောင်မလေးတွေနှင့် ရှုပ်သည်ဆိုတဲ့သတင်းတွေ ကြား ရသည်။

တစ်ခါတစ်ရံ ကလပ်တွေတက်ပြီး အရက်သောက်တ သေး၏။

မဥ္ဇူရီ လုံးဝမကြိုက်။

"နောင်နောင်က သမီးကို ဘယ်လောက်ချစ်လဲ ... အ တယူရှိလိုက်တာ မဥ္ဇူရီ"

"အမေ မသိတာတွေ အများကြီးရှိသေးတယ်"

"ဘာသိစရာလိုလဲ ... ညည်းမိဘစကားကိုပဲ လက်ခံပါ ညည်းအဖေ ထောင်ထဲရောက်လိမ့်မယ်"





"အဖေ ဘယ်တွေလုပ်နေလဲ အမေ"

"လောင်းကစားလုပ်ပါတယ်လို့ ပြောထားပြီးပြီပဲ"

"အဖေဘာတွေလုပ်နေတာလဲ ... မဥ္ဇူရီက အပြစ်မရှိဘဲ ဆပ်ရတာလဲ"

"မဥ္ဇူရီ"

"ကိုနောင့်ကို မချစ်ဘူး"

"ညည်းချစ်တာ ဓင်ယော်လား ... ညည်းအသက်မပြည့်သေး နော်၊ နောက်နှစ်နှစ်မှ ညည်းသဘောကျ လုပ်လို့ရမယ်"

"ကိုနောင့်ကိုလည်း မယူဘူး။ ဒီအတိုင်း သမီး တစ်သက်လုံး လို့မဖြစ်ဘူးလား အမေ"

"မဖြစ်ဘူး ... "

ဓင်ယော်ကတော့ ကိုနောင့်ကို ပတ်သက်တာပင်မကြိုက်။ ဝေးဝေးနေတဲ့ အမေရောက်လာမှ မဥ္ဇူရီက ကိုနောင့်ဆန္ဒ ပဲ လိုက်လျှောနေရသည်။

"အန်တီ ... "

"နောင်ရောက်လာတာပဲ လာလေသား"

မေမေက နောင့်ကိုတော့ သား ... သား ... နှင့် အရေး ရှိလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဥ္ဇူရီကို ခေါ်သွားမယ်"

"ခေါ်သွားလေသား ... မဥ္ဇူရီလိုက်သွားပါ၊ နောင်က ညည်းလေးနဲ့ မကြာခင် စေ့စပ်တော့မှာပဲ၊ ဘာမှ ရှက်ကြောက်နေစရာ မလိုဘူး"

မဥ္ဇူရီ မလိုက်ချင်။

ဘယ်လောက်ပဲ လူကြီးချင်း သဘောတူထားပါစေ ကိုနောင့်အပြုအမူတွေက ဂုဏ်သိက္ခာမဲ့စေသည်။

"မဥ္ဇူရီ"

"ရှင်"

"ကလပ်ကိုသွားကြမယ်"

"အို ... ကိုနောင် မသွားပါနဲ့၊ မဥ္ဇူရီ မသွားချင်ပါဘူး၊ ကိုနောင်ပဲ ရိုးသားဖြူစင်တာကို နှစ်သက်တယ်ဆို"

"မင်းကို အတွေ့အကြုံရအောင်လို့ပါ မဥ္ဇူရီ"

"မဥ္ဇူရီ မသွားချင်ဘူး"

"ကိုယ့်ဆန္ဒအတိုင်းပဲ မင်းနေထိုင်သွားရမယ်လေ"

မဥ္ဇူရီက သူ့အပေါ် လုံးဝမနှစ်သက်ဘူးဆိုတာ နောင်သိနေသည်။

ဒေါသတွေပေါက်ကွဲချင်လာရ၏။





မဥ္ဇူရီက သူ့ဆန္ဒတွေကို အမြဲတမ်းငြင်းဆန်နေတာ ပညာ ချင်လာသည်။

"ဒါဆို ချစ်စံအိမ်ကိုသွားမယ်"

"မသွားဘူး"

"မဥ္ဇူရီ ... မင်းဘာဖြစ်နေတာလဲ၊ မင်းက ကိုယ့်ကိုရှောင် မယ်နဲ့ ဘာကြောင့်လဲ"

"မဟုတ်ပါဘူး ... မဥ္ဇူရီတို့က လက်ထပ်ကြရသေးတာမှ တ်တာ၊ ဆင်ခြင်သင့်ပါတယ်"

သူ ကားကို ချစ်စံအိမ်လေးဆီသို့ ဦးတည်မောင်းနေမိသည်။

"ကိုနောင် ပြန်ကြပါစို့နော်၊ မဥ္ဇူရီ တောင်းပန်ပါတယ်"

"သွားမယ်ကွာ"

မဥ္ဇူရီ ဘာမှမငြင်းနိုင်တော့ဘဲ ... ကိုနောင်ခေါ်ဆောင်ရာ က်လိုက်ခဲ့ရသည်။

ဖင်ယော်ရယ် မဥ္ဇူရီ ဘယ်လိုမှငြင်းဆန်လို့ မရဘူး ...

မဥ္ဇူရီ သေပစ်ချင်ပါတယ်။

"မင်းက ကိုယ့်ကိုလုံးဝမကြိုက်တဲ့ သဘောကြီးလား မဥ္ဇူရီ"

"ကိုနောင် တောင်းပန်ပါတယ်နော်၊ မဥ္ဇူရီလေ စဉ်းစားနေ မို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး ... မင်းအဖြေပေးရမယ် ပြောလေ ..."

ကိုနောင် ဘာမှပြောမနေတော့ဘဲ မဥ္ဇူရီ ခန္ဓာကိုယ်လေး အား ဖက်ပစ်လိုက်သည်။

"ကိုနောင် ဘာလုပ်တာလဲ၊ အဲဒီလိုမလုပ်ပါနဲ့ မဥ္ဇူရီ မကြိုက် ဘူးနော်"

"မဥ္ဇူရီနဲ့ကိုယ်တို့က လက်ထပ်ကြတော့မှာပဲ ... တစ်ပတ် အတွင်းစေ့စပ်ဖို့ ကိုယ် လူကြီးမိဘတွေကို စီစဉ်နိုင်းထားပြီးပြီ"

"ဟင်"

"မဥ္ဇူရီ"

"ရှင်"

"မင်းငြင်းဆန်နေရင် မင်းအဖေကို ထောင်ထဲပို့ပစ်လိုက်မှာ နော်၊ မင်းအဖေက တို့ကုမ္ပဏီပိုင်ငွေတွေ သိန်းပေါင်းများစွာ အလွဲ သုံးစားလုပ်ထားတယ်"

"ဟင်"

"ကိုယ့်ယောက္ခမဖြစ်သွားရင်တော့ လျှော်ပစ်မယ်လေ"

မဥ္ဇူရီ အင်အားတွေချိနဲ့သွားသလို ငြိမ်သက်သွားသည်။

အမေပြောနေတာ အမှန်တွေပဲ။

မိသားစုမျက်နှာမငယ်စေရန်ဟု ပြောခဲ့၏။





အမေပဲ ဝူဏ်တွေ ပကာသနတွေကို မက်မောနေတာပါ။

"မင်းကိုချစ်လို့ လက်ထပ်တာပါမဥ္ဇူရီ၊ ဒီချစ်စံအိမ်လေးမှာ ကိုယ်တို့ရဲ့ ပထမဆုံးအချစ်လေးကို ကြည်ကြည်နူးနူးလေး စလိုက် ကြရအောင်ပါ"

"အဲဒီလိုမလုပ်ပါနဲ့ ကိုနောင်ရယ်၊ တောင်းပန်ပါတယ်နော်၊ မဥ္ဇူရီကို တန်ဖိုးထားပေးပါလား"

မဥ္ဇူရီတောင်းပန်ရသည်။

ကိုနောင် ဘယ်လောက်ပဲ ချမ်းသာနေပါစေ ကိုယ်ကျင့် တရားမရှိဟု ထင်မိသည်။

မဥ္ဇူရီ ချစ်မိတာက ငယ်ချစ်ဦး ဇင်ယော်ပါပဲ။

"မဥ္ဇူရီရယ်"

သူမ မလှုပ်နိုင်တော့။

အဖေ့ကို ထောင်ထဲပို့ဖို့အထိတော့ မရက်စက်နိုင်။

မဥ္ဇူရီပဲ စွန့်လွှတ်အနစ်နာခံရတော့မည်။

ကိုနောင် ရှင်ယုတ်မာတာပဲ။

ကိုယ်နဲ့လက်ထပ်မယ့် မိန်းကလေးတစ်ယောက်အပေါ် ဖြစ်လို့များ တန်ဖိုးမထားချင်ရတာလဲ။

"ဇင်ယော် နင့်ကို မဥ္ဇူရီ စွန့်လွှတ်တော့မယ်၊ နင်နဲ့စင်ဒီပဲ ဖက်ပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်က အင်ဂျင်နီယာ ... စင်ဒီက ဆရာဝန်။

ဘယ်လောက်များ လက်ဖက်မလဲ။

မဥ္ဇူရီကတော့ ကံဆိုးပါတယ် ဇင်ယော်ရယ်။

နင်နဲ့မတန်ပါဘူး။

"လွှတ်ပါတော့ ကိုနောင်၊ တန်ဖိုးထားပေးပါနော်"

"မဥ္ဇူရီ"

"ရှင်"

"ကိုယ်တို့ လက်ထပ်ကြမယ်"

"အင်း ... "

"ကောင်းပြီလေ မင်းလက်ခံပြီဆိုရင် မင်္ဂလာဦးညလေးကိုပဲ တန်ဖိုးထားတော့မယ်"

မဥ္ဇူရီ စိတ်သက်သာရာရသွားသည်။

ကိုနောင့်ခန္ဓာကိုယ်ကြီးက သူမခန္ဓာကိုယ်လေးပေါ်မှ ခွာသွား၏။

သူမမျက်ဝန်းတွေထဲတွင် မျက်ရည်တွေ ပြည့်လာသည်။

"မဥ္ဇူရီ"

"ဟင်"

"ကိုယ်ခေါက်ဆွဲပြုတ်ပေးမယ် မင်းအတွက်"

"မဥ္ဇူရီ မစားချင်တော့ပါဘူး ကိုနောင်ရယ်၊ ပြန်ကြပါစို့နော်"





"ချစ်"

"ဟင်"

"ချစ်တယ်"

နောင်ကတော့ မဥ္ဇူရီကို အနမ်းလေး ဖွဖွပေးနေသည်။

မဥ္ဇူရီရဲ့ အူတွေ အသဲတွေ ပြောင်းဆန်သွားပြီလား မသိတော့။

ဇင်ယော်ရယ် ...

မဥ္ဇူရီကို မုန်းပေးပါ။

ရှုံ့ရှာနာကြည်းပစ်လိုက်ပါတော့ဟာ။

မဥ္ဇူရီ ခန္ဓာကိုယ်က မသန့်ရှင်းတော့ဘူး။

ဇင်ယော်နဲ့ မတန်တော့ဘူး။

စင်ဒီမောင့်ကိုပဲ ရွေးချယ်ပါ။

နင်လေ မဥ္ဇူရီကို အရွဲ့တိုက်ပြီး စင်ဒီနဲ့တွဲမယ်ဆို။

မဥ္ဇူရီ ကျေနပ်ပါတယ်။

"ကိုနောင်"

"ပြော"

"ပြန်မယ်နော်"

"OK"

သူမ ထသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်က စိတ်ကူးပြောင်းသွားပြီ။

သူမခန္ဓာကိုယ်လေးအား ပြန်၍သိုင်းဖက်ပြန်၏။

သူမ ရုန်းကန်ပစ်နေသည်။

"မဥ္ဇူရီ ကိုယ့်စိတ်တွေကို ထိန်းချုပ်လို့မရတော့ဘူး၊ ကိုယ့်ရင်ခွင်ထဲမှာ ခဏလေးငြိမ်ပေးစမ်းပါ"

"ရှင်ဘာလုပ်တာလဲကိုနောင် ... အဲဒီလို မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်"

"ချစ်လို့ပါ မဥ္ဇူရီရယ်၊ အရမ်းချစ်မိလို့ပါ"

ကိုနောင်ကလည်း မဥ္ဇူရီကို မယုံကြည်တော့။

သူ့ကို မချစ်ဘူးဆိုတာ သိနေသည်။

မဥ္ဇူရီကို အလှကြည့်နေလို့ မဖြစ်တော့မှန်း သိလိုက်သဖြင့် မဥ္ဇူရီရဲ့အပျိုစင်ဘဝလေးအား နင်းခြေဝါးမျိုပစ်ရန် ကြိုးစားပစ်မည်ဖြစ်သည်။

"လွှတ်နော် ... မဥ္ဇူရီကို အဲဒီလိုလုပ်တာ လုံးဝမကြိုက်ဘူး လွှတ်ပါ"

"ကိုယ်တို့က လက်ထပ်ကြတော့မှာပဲ မဥ္ဇူရီရယ်၊ ချစ်ကြရအောင်ပါ၊ ချစ်စံအိမ်လေးထဲမှာ ကြည်ကြည်နူးနူးလေး နေကြရအောင်ပါကွာ"

"လွှတ်ပါ ... မဥ္ဇူရီတောင်းပန်ပါတယ်နော်၊ ရှင့်ကို မဥ္ဇူရီ





လက်ထပ်မှာပါ"

"မရဘူးကွာ၊ ကိုယ့်စိတ်တွေကို ထိန်းချုပ်လို့မရတော့ဘူး"

သူမခန္ဓာကိုယ်လေးပေါ်မှ ကိုနောင့်လက်တွေကို အတင်းအကြပ်ဖယ်ရှားပစ်ရင်း မဥ္ဇူရီ ရုန်းဖယ်ပစ်သည်။

"လွှတ်ပါကိုနောင်နော်၊ မဥ္ဇူရီတောင်းပန်ပါတယ်နော်"

သူမမျက်နှာလေးကို ဘယ်ညာယိမ်းခါနေရင်း ကိုနောင့်အားစောင့်၍ တွန်းပစ်လိုက်သည်။

"အား"

သူမ လူးလဲထပြီး အိမ်လေးရဲ့အပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

ခြံတံခါးလေးကိုဖွင့်၍ အပြင်ထွက်လာခဲ့စဉ် ခြံရှေ့ရောက်လာတဲ့ ဓင်ယော့်ကားနှင့်တွေ့ပြီး ကားပေါ်တက်စေခဲ့၏။

သူမတို့ ကားလေး မောင်းထွက်လာခဲ့သည်။

"မဥ္ဇူရီ နင်ဘာဖြစ်လာတာလဲ၊ ငါထင်သားပဲ ဟိုကောင်နင့်ကိုဘာလုပ်တာလဲ ပြောစမ်းပါ"

"ဓင်ယော်"

"ပြောလေ"

"ငါ့ကို စွန့်လွှတ်လိုက်ပါတော့ဟာ"

"ဘာပြောတယ်မဥ္ဇူရီ၊ နင် ... နင့်ကို ငါက ဘာဖြစ်လို့စွန့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရမှာလဲဟ"

"ငါ ... ငါလေ မလွှဲမသွေ ကိုနောင်နဲ့လက်ထပ်ရမယ်"

"ဘာ"

သူ့ကားလေးက လမ်းဘေးသို့ ထိုးရပ်သွားသည်။

ဇင်ယော်က ချစ်သူမျက်နှာလေးကို အလန့်တကြား ကြည့်နေ၏။

မဥ္ဇူရီကို ဘာဖြစ်လို့ စွန့်လွှတ်ရမှာလဲ။

ဇင်ယော်ကြိုးစားနေတာ ချစ်သူအား အရယူပိုင်ဆိုင်ဖို့ ...

"ငါ့အဖေလေ ကိုနောင့်မိဘတွေရဲ့ငွေတွေကို အလွဲသုံးစား လုပ်ထားတယ်တဲ့ ဇင်ယော်ရယ်"

"ဘာ"

"အဖေ့ကို ထောင်ထဲပို့မှာတော့ ငါမလိုလားနိုင်ဘူး"

မဥ္ဇူရီ မျက်ဝန်းတွေ ပြည့်နှက်လိမ့်ဆင်းကျလာသည်။

ကိုနောင် လူယုတ်မာ။

နိုက်ကလပ်တွေမှာ မိန်းကလေးတွေနှင့် ပျော်ပါးနေတာလည်း မဥ္ဇူရီသိသည်။

"မဥ္ဇူရီ ဘယ်လိုလုပ်ရမလဲဇင်ယော် ... နားလည်ပေး မဥ္ဇူရီကို စွန့်လွှတ်ပြီး မေ့လိုက်ပါဟာ"

ဇင်ယော်လည်း ပေးလျှော်နိုင်တဲ့အင်အားမရှိပေ။





အနက်ကယ်ကျော်တို့ကလည်း စင်ဒီနှင့်ပဲ ဘောတူနေသည်။

အမေကအစပဲ စင်ဒီ မိဘတွေကလည်း ဇင်ယော့်အား အရေးတယူရှိလွန်းနေ၏။

ဇင်ယော် ဘယ်လိုဆုံးဖြတ်ရမလဲ။

ချစ်သူကိုယ်ခန္ဓာလေးအား အငမ်းမရဘဲ သိမ်းကြုံးဖက်ထားမိနေသည်။

"သူတို့က သံမဏိကြိုးတွေနဲ့ အဖေ့ကို ချည်နှောင်ထားကြပြီလေဇင်ယော် ... ကြိုတင်ကြံစည်မှုပဲ၊ အမေက ဂုဏ်ပကာသနတွေ မက်မောတယ်၊ အရမ်းချမ်းသာချင်တယ်၊ အဖေက လောင်းကစားတွေလုပ်တယ်၊ မဥ္ဇူရီ ဘယ်လိုလုပ်ရမလဲ၊ မလွှဲမသွေ ပေးဆပ်ရမှာပဲ"

"မဥ္ဇူရီရယ် ..."

"နင့်ကို မဥ္ဇူရီ အရမ်းချစ်တယ် ဇင်ယော် ... ဒါပေမယ့်လေ ပေါင်းစပ်ဖို့က မဖြစ်တော့ဘူး ... အခု ငါထွက်ပြေးလာတာ၊ နောက်ဆက်တွဲပြဿနာတွေ ကြီးထွားလာနိုင်တယ်၊ တို့နှစ်ယောက် လမ်းခွဲလိုက်တာက အကောင်းဆုံးပါပဲ ဇင်ယော် ..."

မဥ္ဇူရီကိုခေါ်ဆောင်ပြီး ကမ္ဘာကြီးရဲ့အပြင်ဘက်အထိ ပြေးသွားချင်မိသည်။

"တို့နှစ်ယောက်က ထွက်ပြေးလို့လည်း မလွတ်မြောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဇင်ယော် အမေကရက်စက်မှာ ဇင်ယော့်ကိုတော့ မဥ္ဇူရီ လုံးဝ အထိခိုက်မခံနိုင်ပါဘူး”

ချစ်သူရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်သွားမိသည်။

“ငါလေ စိတ်မချဖြစ်လာလို့ ချစ်စံအိမ်ကိုထွက်လာခဲ့တာ ငါ့စိတ်တွေ ဘယ်လောက်အထိ ပူပင်သောကရောက်နေရလဲမဥ္ဇူရီ လုံးဝမစွန့်လွှတ်နိုင်ဘူး ... ငါတို့ဖြစ်ချင်ရာဖြစ် ထွက်ပြေးကြမယ် ပြီးတော့ အတူတူသေဆုံးကြမယ် မဥ္ဇူရီ”

မဥ္ဇူရီလည်း ဇင်ယော်နဲ့ဆန္ဒထပ်တူပါပဲ။

ဒါပေမယ့် ဇင်ယော့်ဘဝကိုလည်း အနစ်မွန်းမခံနိုင်ပါဘူး။

ဇင်ယော်က ... ထူးချွန်ထက်မြက်သူ။

ပြီးတော့လဲ ... အဖေကထောင်ထဲဝင်ရမှာ သေချာနေသည်။

မဥ္ဇူရီ လက်မခံနိုင်။

ချစ်သူရင်ခွင်ထဲကနေ ရုန်းဖယ်ထွက်ပစ်လိုက်သည်။

သူမ နေထိုင်ရာတိုက်ခန်းနှင့် မလှမ်းမကမ်းမှာ ရပ်ခိုင်းပြီး ချစ်သူဇင်ယော့်အား ကျောခိုင်းထွက်လာခဲ့သည်။

## အခန်း ( ၁၄ )

“ညည်း ... ညည်း ဇင်ယော်ဆိုတဲ့ကောင်ရဲ့ကားနဲ့ ပြန်လာတာ မဟုတ်လား မဥ္ဇူရီ”

“အမေ”

“ဘာအမေလဲ ... ညည်းနဲ့နောင် အတူတူထွက်သွားတာ၊ နောင်နောင်နဲ့ ဘာဖြစ်လို့ ပြန်ရောက်မလာတာလဲ ပြောစမ်း”

ဒေါ်ငွေသော် ဒေါသဖြစ်ရသည်။

သမီးမဥ္ဇူရီက ဇင်ယော်နှင့် အတူတူပြန်လာကြောင်း မိမိကိုယ်တိုင် မျက်စိနှင့်တွေ့လိုက်ရ၏။

သမီးကြည့်ရတာလည်း ဘိုသီဖတ်သီ။

“မဥ္ဇူရီ ညည်းဘာတွေဖြစ်လာတာလဲ၊ ဇင်ယော်ဆိုတဲ့ကောင်က ဘာအထင်ကြီးစရာမှ မရှိဘူးနော်၊ ဒီကောင့်ကားနဲ့ ညည်း



www.burmeseclassic.com

www.burmeseclassic.com



က ဘာဖြစ်လို့ပါလာရတာလဲ”

“အမေ ... သူ ... သူလေ ကိုနောင် သမီးကိုစော်ကား

ကြံစည်တယ်၊ သမီးတို့က လက်ထပ်ရသေးတာမှ မဟုတ်တာ

သမီးထွက်ပြေးလာခဲ့တာပါ။ လမ်းမှာ ဇင်ယော်နဲ့တွေ့လို့”

“ဘာပြောတယ် ... ”

ဒေါ်ငွေသော်လည်း သမီးကို နောင်နောင်နှင့်လက်ထပ်

ရမှာပင် စိတ်ပူပင်နေသည်။

ဒါပေမဲ့ ...

ဘယ်လိုလုပ်ရမလဲ ...

မိမိရဲ့ အတ္တကြောင့် လောဘကြောင့် သမီးအဖေ သူ

ထောင်ချောက်ထဲ တိုးဝင်မိသွား၏။

ဇင်ယော့်အနာဂတ်အတွက် လင်းလက်တောက်ပနေသည်

ဇင်ယော့်အမေက သူဌေးသမီး စင်ဒီနှင့် သဘောတူ

ကြောင်း သတင်းပုံ့နေ၏။

မိမိသမီးနှင့် သဘောတူမှာ မဟုတ်။

နောင်နောင်က မိန်းမရှုပ်ပွေသူအဖြစ် သတင်းထွက်နေ

သည်။

“နောင်နောင် စိတ်ဆိုးသွားပြီထင်တယ် ... ညည်းကို





ည်းဆန်ချင်နေတာ၊ ဇင်ယော်ဆိုတဲ့ကောင်ကြောင့် မဟုတ်လား၊

အချုပ်ထဲပို့မှာနော်”

“ဇင်ယော်နဲ့ ဘာမှမဆိုင်ပါဘူးအမေ၊ မဥ္ဇူရီ ကြောက်လို့

ထွက်ပြေးလာခဲ့တာပါ”

“ညည်းအဖေကို ထောင်ထဲပို့မလို့လားမဥ္ဇူရီ ပြောစမ်း၊

နောင်နောင့်မိဘတွေ အထောက်အပံ့နဲ့ အမေတို့ ဒီလိုနေထိုင်စား

သောက်နိုင်တာအေ့”

ဖေဖေပြန်ရောက်လာသည် ...

အရက်တွေ အလွန်အကျွံ သောက်လာခဲ့၏။

မဥ္ဇူရီ စိတ်ညစ်သည်။

“မငွေ ... သမီးရော”

“ရှိပါတယ် ကိုကျော်ခေါင်”

“မဥ္ဇူရီ ... သမီးလေး”

“ဖေဖေ”

“ဖေဖေကြောင့် သမီးမချစ်မနှစ်သက်တဲ့ယောကျ်ားကို ယူရ

တော့မှာမို့ အဖေ့ကိုစိတ်နာနေပြီလား သမီးရယ်”

ဦးကျော်ခေါင်လည်း ရန်ကုန်ရောက်မှ ... နောင်နောင်

ထံကလပ်တွေမှာ ကဲတတ်တာ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးမဇ္ဈုရီက ဖြူဖြူစင်စင်လေးပါ။

"သမီး အဖေ့ကိုမမုန်းပါဘူး ... အဖေ စိတ်မပူပါနဲ့နော်

တို့နောင်နဲ့မဇ္ဈုရီ လက်ထပ်မှာပါ"

"သမီးရယ် အီး ... အီး ..."

"အဟင့် ... အဟီး"

ဦးကျော်ခေါင် မူးမူးနှင့်ငိုသည်။

အဖေက မိသားစုအတွက်တော့ တာဝန်ကျေပါတယ်။

အဖေ လောင်းကစားရော အရက်ရော စွဲသွားတာ မကြာ

သေးပေ။

အဖေ စိတ်ညစ်နေသည်။

"မဇ္ဈုရီ ညည်းအဖေထောင်ထဲဝင်ရမှာကို စဉ်းစားနော် ...

နောင်နောင့်ကို လိုက်လိုက်လျှောလျှော ဆက်ဆံရမယ်လို့ ...

ပြောထားတယ်မဟုတ်လား"

ဒေါ်ငွေသော်က မထူးတော့ပါဘူး ...

ဇင်ယော်က သူဌေးသမီးစင်ဒီကို အချိန်မရွေးကောက်...

နိုင်နေသည်။

မိညို့က မိမိသမီးနှင့်လည်း သဘောတူမှာမဟုတ်။

ကြီးကျယ်နေပြီ ...





ဒင်းသားက အင်ဂျင်နီယာတဲ့ ...

သူဌေးလင်မယားက အမွေစားအမွေခံ မွေးစားထားတာ

...။

ပြီးတော့ ... သူဌေးသမီး ဆရာဝန်လောင်းနဲ့ ချစ်နေတာတဲ့။

လူကြီးတွေလည်း သဘောတူတယ်တဲ့။

မိမိသမီးမဇ္ဈုရီလည်း သူဌေးသားနှင့်လက်ထပ်ရမှဖြစ်မည်။

"ညည်း ဘာမှတွေဝေနေစရာမလိုဘူး ... နောင်နောင်နဲ့

...မြန်ဆုံးစေ့စပ်မယ် ကိုကျော်ခေါင် ... သမီးကို ငဲ့ညှာမနေနဲ့တော့၊

...ာင်နဲ့ပဲ လက်ထပ်ပေးရမယ်"

"ဖေဖေ့သမီး စိတ်သောကရောက်နေရပြီ ... အဖေ စိတ်

...ကောင်းဘူး"

သမီးအနေနှင့် ဇင်ယော့်ကို လက်ထပ်ရမှာပါ။

ဇင်ယော် လူတော်လူကောင်းလေး ဂုဏ်သိက္ခာရှိရှိ နေထိုင်

... ဖြစ်သည်။

"ဇင်ယော့်ကိုတော့ စိတ်မဝင်စားနဲ့နော် ... အမေထောင်ထဲ

...ဝင်လိုက်မှာ"

"မငွေ ... မင်း ဇင်ယော့်အပေါ် အထင်သေးလို့ကွ"

သမီးလေးကို ... ဇင်ယော့်လက်ထဲ အပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခေါင်ကတော့ ... ယောက်ျားချင်းသိနေ၏။

နောင်နောင့် လက်ထဲ မအပ်ချင်။

ဒါပေမဲ့ ...

မိမိက သူတို့ထောင်ချောက်ထဲ တိုးဝင်သွားရသည်။

"ကိုကျော်ခေါင် ရှင်ဘာမှပြောမနေနဲ့ ကျွန်မတို့သမီးေ

ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးဖြစ်စေရမယ်"

မေမေ့ကို မဥ္စူရီ ဆက်မပြောချင်တော့သဖြင့် အိပ်ခန်းေ

ထဲ ပြန်ဝင်လာခဲ့သည်။

အဖေက ဇင်ယော်ကို သဘောတူလက်ခံချင်နေ၏။

အမေ့ကြောင့်ပါ ...

"ညည်းအဖေထောင်ကျလိမ့်မယ် မဥ္စူရီ၊ သတိထားစမ်း"

ဇင်ယော် တို့နှစ်ယောက်ဝေးရပါပြီ။

ဘယ်လိုမှ ပေါင်းစပ်လို့မရတဲ့ ဘဝတွေပါဟယ်။

ဇင်ယော့်ဆီက ဖုန်းဆက်သည်။

အမေ အပြင်ထွက်သွားလို့ပါ။

သူဌေးမိသားစုကို ဝေယျာဝစ္စတွေလုပ်ပေးဖို့တဲ့။

"အမေတို့ကျေးဇူးရှင်တွေလေ ... အမေက အောက်ကျ

တယ်လို့ မထင်ပါဘူး၊ သမီးကိုလည်း ချစ်ကြတယ်လေ"





အမေက နောင်နောင်ဆိုတဲ့နာမည်ကို ပါးစပ်ဖျားကမချပေ။

အခန်းထဲမှာ သူမတစ်ယောက်ထဲရှိနေ၍ ဇင်ယော့်ဖုန်းကိုဖွင့်

နားထောင်ရသည်။

"ဇင်ယော် ပြော ... "

"မဥ္စူရီ"

"ပြောလေ"

"ကိုနောင် ဘာပြဿနာလာရှာသေးလဲ"

"ခုထိ လာမရှာသေးဘူး"

"ဘယ်ရှာမလဲ ... ကောင်မလေးတစ်ယောက်နဲ့ ကလပ်မှာ

နေတယ်လေ"

"ဟင်"

"ဒီသတင်းက မဥ္စူရီအတွက် မဆန်းဘူးမဟုတ်လား ... ငါ

န်းနဲ့ ဗွီဒီယိုရိုက်ထားတယ်"

"နင်ကရော အခုဘယ်မှာလဲဟင် ဇင်ယော် ... နင်လည်း

လပ်ကိုသွားနေတာလား"

"မသွားပါဘူး၊ ငါ အပြင်သွားရင်း ကိုနောင်တို့စုံတွဲ ဝင်သွား

တွေ့လို့ ကိုနောင်က အရမ်းမူးနေတယ်"

"ငါမသိချင်ဘူး ... ငါ့ရဲ့ကံကြမ္မာပဲလေ ဇင်ယော်"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်ဖုန်းကို သူမဆက်နားမထောင်ချင်တော့သဖြ
ပိတ်ပစ်လိုက်သည်။

ကိုနောင် ဘယ်လိုလူမျိုးလဲ စီးပွားရေးလုပ်ငန်းမှာလည်
သေသေချာချာ မလုပ်။

အပျော်တွေများနေသည်ဟု ထင်၏။

မဉ္ဇူရီကံပဲလေ လက်မထပ်ခင်တော့ မဉ္ဇူရီဘဝလေးကို သ
လက်ထဲမှာ အဖျက်စီးမခံနိုင်ပေ။

"မင်းက ကိုနောင့်မိန်းမပဲဖြစ်စေရမယ် မဉ္ဇူရီ၊ ဘာဖြစ်လို့
ဆိုတော့ ငါ့ဘဝမှာငါ့ကိုပြုစုပေးမယ့် အဖြူစင်ဆုံးမိန်းမတစ်ယော
လိုအပ်လို့"

သူရှုပ်ပွေသမျှ မဉ္ဇူရီ နာကျင်ကြေကွဲရမှာကိုရော ထည့်
စဉ်းစားမိရဲ့လား။

မဉ္ဇူရီခံစားရမယ့် စဉ်းစိမ်တွေက ... မီးပုံတမျှ ပူလောင်
မည်ဖြစ်သည်။

"မဉ္ဇူရီ ... မဉ္ဇူရီ ... သမီး"

အမေပြန်လာသည်။

မဉ္ဇူရီ စိတ်တွေရှုပ်ထွေးနေရ၏။

အမေက သူမအိပ်ခန်းလေးထဲ ဝင်လာသည်။





"ဇင်ယော်ဆိုတဲ့ကောင်နဲ့ သူဌေးသမီးစင်ဒီမောင်တို့ လူကြီး
ချင်းစကားပြောဆိုပြီး စေ့စပ်ပေးကြတော့မယ်တဲ့"

"အဲ့ဒါဘာဖြစ်လဲ မေမေရာ၊ ဇင်ယော်နဲ့မဉ္ဇူရီက ဘာဆိုင်လို့
လဲ ... ကောင်းပါတယ်"

ဒေါ်ငွေသော်စိတ်ထဲမှာ နည်းနည်းလေးတော့ နှမျောသွားရ
သည်။

မဉ္ဇူရီနှင့်ဇင်ယော်တို့ ချစ်သူတွေဖြစ်နေကြတာ မိမိအသိဆုံး
ပင်။

ဇင်ယော်က ယောကျ်ားပီသသူပါ။

မရှုပ်မပွေနှင့် ပညာရေးပဲ အာရုံစိုက်ကြိုးစားနေသည်။

"အမေရယ် မဉ္ဇူရီလည်း မကြာခင် သူဌေးသားနဲ့လက်ထပ်
ရတော့မှာပဲ ဖြစ်သင့်တာပဲလေ"

သမီးမဉ္ဇူရီအသံလေးက ... ထိန်းချုပ်ထားသည့်ကြားမှ
တုန်ယင်လှုပ်ခါနေသည်။

ကြေကွဲနေပုံပင် ...

အမေ မှားပါတယ်ကွယ် ...

ဒါပေမဲ့ ...

အမေတို့က ဘာမှမတတ်နိုင်တော့ဘူးလေ။

နောင်နောင်က သမီးကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပါဘူး။

"ဟုတ်ပါတယ်လေ … ဇင်ယော်နဲ့သမီးလေးက ဘယ်လို အကြောင်းနဲ့မှ ပတ်သက်စရာမှမရှိတာပဲ အိပ်တော့နော်"

အဖေကတော့ အရက်တွေမူးပြီး အိပ်စက်နေသည်။

အမေ ဝင်သွား၏။

မဥ္ဇူရီတစ်យောက်ထဲ မျက်ရည်တွေလိမ့်ဆင်းကျနေသည်။

"နင်လက်ခံလိုက်တာလား ဇင်ယော် … နင့်အမေ လာတာ နင်နဲ့စင်ဒီတို့ စေ့စပ်ဖို့လား"

ဒေါ်လေးငွေသော် လာမည်ဟုသတင်းကြားရသည်။

အမေ ယောကျ်ားအတွက်ရော သမီးအတွက်ရော စိတ် သောကတွေ ခံစားနေရပုံပင်။

ရွှေတွေဝတ်ထားပေမယ့်လည်း … အမေ့ရုပ်သွင်က ညှိုးနွမ်း မွဲခြောက်နေသည်။

"ဇင်ယော်ရယ် နင်နဲ့ငါဘယ်လိုအကြောင်းနဲ့မှ မခွဲခွာကြဖို့ သစ္စာဆိုခဲ့ကြတယ်လေ၊ စတင်သစ္စာမဲ့ရတဲ့သူက မဥ္ဇူရီပါဟာ"

ငယ်ချစ်ဦးကို သတိရနေသည်။

ဇင်ယော့်ကိုဖုန်းဆက်ပြီး မေးချင်ပေမယ့် စင်ဒီတို့အိမ်မှာ ရှိနေသည်တဲ့ မဥ္ဇူရီ ဆက်လို့မဖြစ်ဘူး။

"ငါကတော့ … နင့်ကိုရွဲ့ပြီး စင်ဒီနဲ့လက်ထပ်ပစ်မှာနော်





နင့်ရှေ့ကနေ ဘယ်တော့မှ ပျောက်ကွယ်သွားမှာမဟုတ်ဘူး ရွေး"

သူမ ငိုမိသည်။

ဇင်ယော်ရယ် မဥ္ဇူရီကို မရွဲ့ပါနဲ့ နင်နှိပ်စက် သမျှခံရမယ့်သူ ပါ။

ဇင်ယော်က မဥ္ဇူရီနှင့် ဘယ်လိုမှကွဲကွာဖို့ကိစ္စ လက်ခံမှာ မဟုတ်။

စင်ဒီအပေါ်လည်း မချစ်ပေ။

"ငါကြိုးစားနေတာ နင့်အတွက်ပါမဥ္ဇူရီ … ငါလေ နင့်ကို ဂုဏ်သိက္ခာရှိရှိ လက်ထပ်ချင်ပါတယ်၊ မဥ္ဇူရီနဲ့အဝေးဆုံးမှာ ငါဘယ် တော့မှ နေထိုင်အသက်ရှင်နိုင်မှာ မဟုတ်ဘူးနော်"

ဘာဖြစ်လို့များ ဇင်ယော်နှင့်သူမ ဒီလိုအခြေအနေမျိုးတွေနဲ့ ရင်ဆိုင်ကြရတာလဲ။

နိုးစပ်ဖို့ကတော့ ဘယ်လိုမှဖြစ်မလာနိုင်။

မဥ္ဇူရီအား ကိုနောင့်မိဘတွေက ချွေးမအရမ်းတော်ချင်နေ ကြသည်။

"ကျွန်မသားအတွက် ဖြူစင်တဲ့ချွေးမလေးပဲ အလိုအပ်ဆုံး ပါ"

မဥ္ဇူရီမျက်ဝန်းတွေထဲမှာ … မျက်ရည်တွေက တသွင်သွင် လိမ့်ဆင်းကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအိပ်စက်ခြင်းတွေပါ ပျောက်ဆုံးသွားရသလိုပင်။

အိပ်ပျော်တော့လည်း အိပ်မက်ဆိုးတွေမက်နေသည်။

"မဉ္ဇူရီ ... နင့်ကိုမခွဲနိုင်ဘူး၊ ငါတို့ဘယ်တော့မှမခွဲဘူးလို့ သစ္စာဆိုခဲ့ကြတယ်လေ၊ နင်နဲ့ငါ အတူတူထွက်ပြေးကြမယ်"

ဇင်ယော်က သူမလက်လေးကိုဆွဲ၍ ထွက်ပြေးသည်။

မဉ္ဇူရီ ဘယ်လိုငြင်းငြင်းမရ အတင်းပြေးကြ၏။

ချောက်ကမ်းပါးကြီးအစွန်းမှာ ရပ်မိကြသည်။

"မဉ္ဇူရီ"

"ဇင်ယော်"

"တို့နှစ်ယောက် မပေါင်းရမယ့်အတူတူတော့ ချောက်ထဲခုန်ချပြီး သေပစ်လိုက်တော့မယ်"

သူမလက်ကိုဆွဲပြီး ဇင်ယော်ကခုန်ချဖို့ပြင်သည်။

အဖေက လက်ထိပ်ခတ်လျှက် ... သူမနောက်ပြေးလိုက်လာ၏။

အမေက နောက်မှာ ...

"ဇင်ယော် ... ဟိုမှာ အဖေနဲ့အမေ ပြန်ကြရအောင်ပါ"

"နင် သတ္တိမရှိဘူးလား မဉ္ဇူရီ ... ငါနဲ့ခွဲနိုင်လို့လား"

"အဖေ ထောင်ထဲရောက်လိမ့်မယ် ဇင်ယော်ရယ် ... မဉ္ဇူရီ တောင်းပန်ပါတယ်နော်"





"မရဘူး ... သေမယ် ... ငါတို့နှစ်ယောက်လုံး သေကြမယ်လို့ သစ္စာဆိုထားတယ်လေ"

"ဇင်ယော်"

"သေကြမယ် ... လူကြီးတွေက တို့ကိုရက်စက်ကြတာပဲ၊ နင့်ကို မခွဲနိုင်ဘူးမဉ္ဇူရီ"

"အား"

ဇင်ယော်က သူမလက်လေးကိုဆွဲ၍ ချောက်ကြီးအောက်သို့ ခုန်ချပစ်သည်။

"အား"

"အမယ်လေး"

"မဉ္ဇူရီ ... မဉ္ဇူရီ ... ညီမလေး ဘာဖြစ်တာလဲ မဉ္ဇူရီ"

မမအေးသံ မဉ္ဇူရီကို အတင်းလှုပ်၍နှိုးနေသည်။

"မဉ္ဇူရီ ... ညီမလေး ဘာဖြစ်တာလဲ မဉ္ဇူရီ"

"ဟင် ... မမချော"

"အရမ်းအော်လိုက်တာ ... မမချောတောင်လန့်သွားတယ် အသံနက်ကြီးနဲ့အော်တာလေ"

"မဉ္ဇူရီ အိပ်မက်မက်နေတာပါ မမချော"

"ဘာတွေလဲ ... အိပ်မက်ဆိုးတွေလား မဉ္ဇူရီရယ်"

"ဇင်ယော်ကလေ မပေါင်းရမယ့်အတူတူ သေကြမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခုန်ပစ်လိုက်တယ်လေ"

"ဟင်"

အိပ်မက်အကြောင်းပြောပြလိုက်တော့ ... မမချောက အချွဲ အလမ်းမထားနဲ့ဟု သတိပေးသည်။

"ကိုယ့်ကိုယ်ကိုတော့ သတ်မသေသင့်ဘူးနော် ညီမလေး နောက်ထပ် ... ဘဝပေါင်းများစွာ သတ်သေနေရမယ်လေ၊ အထုံရေစက် ပါသွားလိမ့်မယ် ... မမစိတ်ထဲမှာ ထင်နေတာက ညီမလေးနဲ့ ခင်ယော်တို့ ပေါင်းကြရလိမ့်မယ် ထင်နေတယ်"

မမချောက မဥ္ဇူရီခန္ဓာကိုယ်လေးအား ပွေ့ဖက်၍ချော့မော့ နှစ်သိမ့်ပေးနေသည်။

မဥ္ဇူရီ ကြောက်လန့်တကြား ဖက်တွယ်ထားမိ၏။

ငယ်ချစ်ဦးနှင့်အတူပဲ သေပွဲဝင်ချင်လာခဲ့သည်။

ငယ်ချစ်ဦးနှင့် ပေါင်းဖက်ခွင့်ရနိုင်မယ့် အခြေအနေမျိုး ဖြစ်ပေါ်ပါစေဟု တိတ်တိတ်လေး ဆုတောင်းနေသည်။

## အခန်း ( ၁၅ )

"သူဌေးသမီးလေးစင်ဒီက ဘယ်လောက်ဂုဏ်ကျက်သရေနဲ့ ပြည့်စုံလဲ ခင်ယော် ... အမေ့စကားကို နားထောင်စမ်းပါသားရယ်၊ စင်ဒီနဲ့စေ့စပ်ပါ"

မငွေသော်ရဲ့နှိမ်ချဆက်ဆံမှုတွေကို မိမိကတော့ မမေ့နိုင်။ သားခင်ယော်ကို မုဆိုးမသားဆိုပြီး ခင်းကနှိမ်ခဲ့တာပါ။

မဥ္ဇူရီကို သနားပေမယ့် ဒေါ်ငွေသော့် သမီးထက် ဂုဏ်သိက္ခာတွေမြင့်မားနေတဲ့ ဆေးကျောင်းသူ စင်ဒီလေးနဲ့ပဲ သဘောတူနေမိသည်။

"သားပညာရေးကိုပဲ စိတ်ဝင်စားတယ်အမေ၊ အိမ်ထောင်ပြုဖို့လည်း မစဉ်းစားသေးပါဘူး၊ ထားလိုက်ပါအမေ"

"သားသဘောပါပဲကွယ် ... အမေကတော့ ဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး”

မွေးစားတဲ့အန်ကယ်ကျော်နှင့် အန်တီမိတို့ကလည်း ဇင်ယော့် ဆန္ဒပဲဖြစ်ကြသည်။

“ဇင်ယော် တစ်သက်လုံး လက်တွဲရမယ့်မိန်းကလေးက ဇင်ယော်ရွေးချယ်ပါ၊ သားကိုယုံပါတယ် … သားမြတ်နိုးတဲ့မိန်းကလေးပဲ ဖြစ်သင့်တယ်လေ”

မဇ္ဈူရီကရော နင် ဘယ်သူ့ကိုရွေးချယ်မှာလဲ။

ဇင်ယော် စောင့်ကြည့်ရမည်ပဲဖြစ်သည်။

အခုတလော …

ဇင်ယော့်ဖုန်းကိုပင် မကိုင်ပေ။

“ဇင်ယော် … တူလေး”

“လေးလေးနိုင်”

“မင်းတွေဝေနေတာလား … မဇ္ဈူရီကြောင့်လား”

“ဗျာ … ”

“မဇ္ဈူရီနဲ့ဇင်ယော့်အခြေအနေကို လေးလေး ရိပ်မိနေ[illegible]တယ်”

“လေးလေး … ဇင်ယော်လေ မဇ္ဈူရီကလွဲပြီး ဘယ်သူ[illegible] မချစ်နိုင်ဘူး၊ ဇင်ယော်လက်ထပ်မှာလည်း မဇ္ဈူရီပဲဖြစ်စေချင်[illegible]





[illegible]င်ယော်နဲ့မဇ္ဈူရီတို့က ငယ်ချစ်ဦးတွေပါ”

“မဇ္ဈူရီက နောင်နောင်နဲ့ လက်ထပ်ကြတော့မယ်၊ ပြီးတော့ [illegible]ချစ်စံအိမ်ဆိုလား မကြာခဏ … နှစ်ယောက်ထဲသွားနေကြတာပဲ၊ [illegible]ူလေးနဲ့ မနီးစပ်နိုင်တော့ဘူးထင်တယ်”

“တော်ပါပြီလေးလေးရာ … ဇင်ယော့်ခေါင်းထဲမှာ ဘာမှ [illegible]ည့်မထားချင်ဘူး”

ဇင်ယော် အပြင်ထွက်လာခဲ့သည်။

မဇ္ဈူရီကိုတွေ့ဖို့ ကြိုးစားခဲ့၏။

ဖုန်းထဲကနေ မဇ္ဈူရီက ပြတ်သားစွာငြင်းဆန်သည်။

“ဇင်ယော်တို့နှစ်ယောက်ကိစ္စကို မေ့ပစ်လိုက်ပါတော့နော်၊ [illegible]ဖြစ်နိုင်တော့ဘူး … မဇ္ဈူရီက မကြာခင် ကိုနောင်နဲ့လက်ထပ်ပွဲ [illegible]ျင်းပတော့မှာလေ”

“မဇ္ဈူရီ နင်သစ္စာမဲ့လှချည်လား၊ ငါပြောထားပြီးပြီနော်၊ ငါတို့ [illegible]ယောက် အတူတူနေနိုင်တဲ့အထိစောင့်ဖို့၊ ဘာလဲ … နင် [illegible]ယ်တိုင်က ဒီကောင့်ကို အထင်ကြီးနေတာမဟုတ်လား”

“ဟုတ်တယ်လေ ဘာဖြစ်လဲ … ကိုနောင်က သူဌေးသား [illegible]ဘာလဲ၊ တော်ပြီဟာ … နင်ဘယ်တော့မှ ဖုန်းမဆက်နဲ့ ဒါပဲ”

“မဇ္ဈူရီ ငါကတော့ နင့်ကိုအရယူမှာနော်၊ နင့်ကိုဘယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မစွန့်လွှတ်ဘူး နင်မှတ်ထားပါ”

ဇင်ယော် အော်ဟစ်ပြောပစ်သည်။

မဍူူရီကို ... ဘယ်လိုအကြောင်းတွေနဲ့မှ မစွန့်လွှတ်နိုင်

သူမကတော့ ဇင်ယော့်အား ကျောခိုင်းထွက်ခွာသွားဖို့

ဖြတ်လိုက်သည်။

“မဍူူရီ နင်နဲ့မျက်နှာချင်းဆိုင် ရှင်းမယ်”

ဇင်ယော်ဖုန်းဆက်တာကို မဍူူရီက လက်မခံပေ။

ဖုန်းကို ပိတ်ထားသည်။

မဍူူရီနှင့်တွေ့စေရန် ... ဘယ်လိုကြံစည်ရမလဲ။

ဇင်ယော့်ရင်တွေ နာကျင်နေရ၏။

ချစ်ရတဲ့မဍူူရီကို ဘယ်လိုနည်းနှင့်မဆို အရယူဖို့ ဆုံးဖြ

ထားမိသည်။

“ဇင်ယော်”

“ဟင် ... စင်ဒီ”

“နောက်တစ်ပတ်မှာ ကိုကို့စေ့စပ်ပွဲရှိတယ်”

“ဘာပြောတယ်”

ဇင်ယော် အထိတ်တလန့်နှင့် မထင်မှတ်ဘဲ သူ့အနားရော

လာတဲ့ စင်ဒီစကားကြောင့် စင်ဒီ လက်နှစ်ဖက်အား ဆုပ်ကိုင်မိလို





စဉ် စင်ဒီ နာကျင်သွားပုံနှင့် မျက်နှာလေးရှုံ့မဲ့သွားရကာ နာတယ်

ဟု အော်သည်။

“နာတယ် ... ဘာဖြစ်တာလဲ လွှတ်ပါဇင်ယော်”

“အား ... ကိုယ်ကြောင်သွားတယ် ... စင်ဒီလားလို့”

“ဘာမှန်းမသိဘူး ကိုကိုပါ။ စင်ဒီနဲ့စေ့စပ်မှာကရှင်ပဲ သိလား”

စင်ဒီအား ခပ်ကြောင်ကြောင်နှင့် ကြည့်နေမိသည်။

စင်ဒီ လက်ထဲမှာက အလွန်လှပမွှေးပျံ့နေတဲ့ ဖိတ်စာလေး

တစ်စောင် တန်ဖိုးကြီးမားကြောင်း မြင်လိုက်တာနှင့်သိနိုင်သည်။

“ဖိတ်စာလာပို့တာ”

“အန်ကယ်ဂျော်ကို့လား ... သွားပေးလိုက်လေ”

“ဇင်ယော်”

“ဟင်”

“ဘာဖြစ်ရတာလဲ ရှင့်မျက်နှာ ဖြူရော်နေသလိုပဲ”

“ကိုယ့်အမေကျန်းမာရေးအတွက် တွေးနေတာပါ ... အမေ

သွေးတိုးနေတယ်”

“ဟုတ်လား ... စင်ဒီသွားကြည့်ပေးမယ်လေ ... အန်တီ

ဘယ်မှာလဲ”

“အိပ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"စင်ဒီသွားကြည့်မယ် ... ချေးမလောင်းက ဆေးကျောင်း

လေ၊ သွေးပေါင်လောက်တော့ ချိန်တတ်ပါတယ်"

စင်ဒီနဲ့ဆို ဖင်ယော့ဘဝခရီးလမ်း ဖြောင့်တန်းနေနိုင်သည်

အမေ့ကိုလည်း ဂရုစိုက်နေတတ်၏။

ဒါပေမယ့် ဖင်ယော့နှလုံးသားထဲမှာ မဉ္ဇူရီပဲ နက်ရှိုင်းစွာ

ရှိနေသည်။

"အထဲဝင်ကြမယ်လေ"

"အင်း"

စင်ဒီက ရှေ့မှဝင်ပြီး အန်ကယ်ကျော့ကို ဖိတ်စာပေးသည်

ပြီးတော့ အမေ့အိပ်ခန်းဆီသွားသဖြင့် ဖင်ယော် ကယော

ကတမ်းနှင့် လိုက်သွားရ၏။

အမေ့ကို သွေးပေါင်ချိန်တော့ အမေက သွေးကျနေတာပါ

"ဟင် ... အန်တီက သွေးပေါင်ကျနေတာပါ၊ ဖင်ယော်ပြော

တော့ သွေးတိုးလို့ဆို"

"ဟင် ... အမေက သွေးတိုးနေတာ မဟုတ်ဘူးလား"

"အမေ ဘယ်တုန်းကသွေးတိုးလို့လဲသားရယ်၊ သွေးကျတာ

လေ"

"ဟုတ်လား ... သားကသွေးတိုးတယ်ထင်လို့ပါ စိတ်ပူနေ





တာ"

အမေက စင်ဒီကိုတော့ သဘောကျနေခဲ့သည် ... စင်ဒီက

သည်း အမေ့ကို တယုတယ ပြုစုပေးနေ၏။

ခေတ်ရှေ့ကိုပြေးနေတဲ့ စင်ဒီက အမေ့ကိုတော့ ရိုသေနေ

သည်။

"ကျေးဇူးပါပဲသမီးရယ် ... အမေပြန်တော့မယ် ကျန်းမာရေး

ကောင်းပါတယ် စိတ်ပူစရာမရှိပါဘူး"

"ဖင်ယော်ကလေ အမေ့အတွက်စိတ်ပူပြီး ... မျက်နှာမှာ

သောင် သွေးမရှိတော့ဘူး"

အမေက ဖင်ယော့မျက်နှာကိုကြည့်သည်။

အမေလည်း ဖင်ယော့အကြောင်းသိနေမှာပါပဲ။

ဖင်ယော့ရင်တွင်းမှ ခံစားချက်ကို သိနေမှာပါပဲ။

စင်ဒီ ပြန်သွား၏။

အမေ လိုက်ပို့ပေးဖို့ပြောပေမယ့် ဖင်ယော် မပို့ဖြစ်။

ညနေမှလာခဲ့မယ်ဟု ပြောလိုက်သည်။

"ဖင်ယော်"

"ဟင် ... အမေ"

"မဉ္ဇူရီ စေ့စပ်မှာမို့ မင်းက အသဲတွေ ကွဲအက်နေတာလား



www.burmeseclassic.com

www.burmeseclassic.com



သား”

သားခင်ယော်နှင့်မဉ္ဇူရီတို့က ငယ်ချစ်ဦးတွေမှန်း မိမိသိသည်။

မဉ္ဇူရီလေးက စိတ်သဘောထားပြည့်ဝပေမယ့် ... မငွေသော်ရဲ့ မောက်မာမှုကို မိမိလုံးဝခွင့်မလွှတ်နိုင်ပေ။

မိမိကျေးဇူး မကင်းပါဘဲနှင့် နှိမ်ချဆက်ဆံချင်တဲ့မငွေသော်ဒင်းနှင့်တော့ ခမည်းခမက် မတော်နိုင်။

“မငွေသော်နဲ့အမေ ခမည်းခမက်မတော်နိုင်တာ သားသိတယ်နော်”

“အမေ”

“မဉ္ဇူရီအမေက မင်းကိုအထင်သေးနေတာလေ ... သူဌေးချေးမပဲ ဖြစ်စေချင်တာပါသားရယ်၊ မဉ္ဇူရီကို မင်းလက်ထဲပါသွားမှာစိုးရိမ်လို့ သူဌေးသားနဲ့ဖွတ်အတင်း စေ့စပ်နေကြတာပဲ”

အမေ့ကို ဘာမှမပြောလိုတော့။

မဉ္ဇူရီ စေ့စပ်တော့မည်။

ခင်ယော်ဆောက်တည်ရာမရအောင် ပေါက်ကွဲနေရသည်။

ညစာ လာစားဖို့ အမေနှင့်ခင်ယော့်ကို စင်ဒီကအတင်းဖိတ်နေ၍ သွားရ၏။





အန်တီမိက အမေ့ကို စိန်တွေညွှတ်နေအောင် ဆင်လိုက်ည်။

“မညိုလည်း ဝတ်သွားပါ သူတို့ကသူဌေးတွေလေ၊ မဉ္ဇူရီရဲ့ာတွေလည်း လာကြမယ်တဲ့ ဝတ်သွားပါ ... ”

“ကျွန်မ ... ဂုဏ်ပကာသနတွေ မမက်မောပါဘူး မမရယ်၊ ားလေးကို ဒီလောက်အထိ ကျွေးမွေးစောင့်ရှောက်ထားတာကိုပဲ ကျေးဇူးတင်ပါပြီ”

“မဟုတ်တာပဲ မမနဲ့ညီုကညီအစ်မတွေပါ ... ပြီးတော့ တော့ ... ညိုမျက်နှာမငယ်ရအောင် မမကပြောထားပါတယ်”

အမေက မဝတ်ချင်ပေမယ့် အန်တီမိက အတင်းပဲဝတ်စေည်။

စင်ဒီတို့အိမ်ရောက်တော့ ဧည့်ခန်းမှာ မဉ္ဇူရီတို့မိသားစု ထိုင်သည်။

“လာပါမညို ... ဒီမှာ ခမည်းခမက်တွေနဲ့ မိတ်ဆက်ပေးရမယ် သား ... လာထိုင်”

မဉ္ဇူရီအမေက မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်သည်။

အမေကလည်း တင်းတင်းပဲ။

အမေဝတ်ဆင်ထားတဲ့ စိန်တွေက ပြွတ်ခဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူရိကတော့ မျက်လွှာလေး ချထိုင်နေသည်။

"မငွေ ... သူကလေ ဇင်ယော်တဲ့၊ နည်းပညာတက္ကသိုလ် တက်နေတာလေ၊ သမီးနဲ့ရင်းနှီးကြတယ် ... သူက မညီတဲ့ ဇင်ယော့်အမေပါ"

ဒေါ်ငွေသော် စိတ်တွေကို ဘယ်လိုမဲထိန်းချုပ်ထားပါစေ အညိုရေ့မှာ သိမ်ငယ်သွားရသည်။

မညိုမှာဝတ်ထားတဲ့ စိန်တွေက ပြွတ်ခဲနေတာပဲ။

မိမိမှာက အသေးအမွှားပါ။

ဇင်ယော့်ကိုလည်း မွေးစားမိဘတွေက အမွေတွေ အများကြီးပေးကြမည်ဖြစ်၏။

ဒီလို မှန်းသိထားရင် ... ဇင်ယော်နဲ့သဘောတူပါတယ်။

မြို့ရောက်မှ ဇင်ယော် ချောမောခန့်ညားနေသည်။

"တွေ့ရတာဝမ်းသာပါတယ်ရှင် ကျွန်မက မငွေသော်ပါ"

"ဟုတ်ကဲ့"

မငွေသော် ...

ညည်းဟာလေ တော်တော်အိုင်တင်ကောင်းတာပဲ။

တကယ့်ကို လူကြီးလူကောင်းစတိုင်လ်နဲ့ပါလား။

ငါ့ကိုတောင် မသိချင်ယောင်ဆောင်နေတယ်။





ကိုကျော်ခေါင်ကတော့ မျက်နှာငယ်လေးနဲ့ပါ။

ကျန်းမာရေးလည်း မကောင်းပုံပင်။

"ကဲ ... အားလုံးပဲ ညစာ စားကြရအောင် ... ကြွပါ"

ဇင်ယော်ကတော့ မဥ္ဇူရီအား စကားပြောရန် ချောင်းနေပေမယ့် ကိုနောင်က လက်တွဲထားသည်။

ဇင်ယော့်ရင်တွေ ဆူပွက်တုန်ရင်နေ၏။

စင်ဒီက သူ့အနားမှာကပ်လျက် အမေကတော့ သူ့ကို သတိပေးတဲ့ အကြည့်တွေနှင့် ကြည့်သည်။

"မဥ္ဇူရီ"

"ဟင်"

"ဒီမှာလေ မဥ္ဇူရီကြိုက်တဲ့ ပုဇွန်ထုပ်ဟင်းလေ ... မောင်ကိုယ်တိုင်ချက်ထားတာ၊ အဟဲ့ ... သားက ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးမို့ ကိုယ်တိုင်ပြင်ဆင်ချက်ပြုတ်ကျွေးတာပါ ... အချစ်သက်သေအဖြစ်လေ"

မောင်တဲ့ ...

ဒုက္ခပါပဲ ဇင်ယော်ထပြီး ဒေါသတွေ ပေါက်ကွဲမှာလည်း မဥ္ဇူရီ ကြောက်ရွံ့ထိတ်လန့်နေသည်။

မတတ်နိုင်တော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူရီ စိတ်ပူရလွန်းလို့ လဲပြိုကျသွားမတတ်ပင် ... ခင်ယော်က ငြိမ်သက်နေသည်။

"စင်ဒီကလည်းလေ ခင်ယော့်အတွက် ကြက်သားပေါင်းပေးထားတာပါ၊ အခု အိမ်ရှင်မအလုပ်တွေ စင်ဒီ သင်နေပြီလေ"

ခင်ယော့်ပန်းကန်ထဲကို စင်ဒီက ဟင်းတွေခတ်ထည့်ပေးသည်။

ကိုနောင်ကလည်း မဥ္ဇူရီပန်းကန်ထဲ ထည့်ပေးနေ၏။

လူကြီးတွေကတော့ ပြုံးရယ်နေကြသည်။

"စင်ဒီလည်းစားလေ ... ကိုယ်ကတော့ ... ကိုနောင့်လို အမှတ်တရလေး ဘာမှလုပ်မပေးနိုင်ဘူး မလုပ်တတ်လို့"

ကိုနောင် ခင်ဗျားက မိန်းမကျွမ်းကျင်နေတာ မဟုတ်လား။

ခင်ဗျားရဲ့ခန္ဓာကိုယ်ထဲက သွေးတွေကရော သန့်ရဲ့လားဗျာ။

မဥ္ဇူရီကို ခင်ဗျား ဒုက္ခပေးရဲ ပေးကြည့်ပါ။

"ကိုယ့်လက်ထပ်ပွဲမှာတော့ ညီလေးခင်ယော်နဲ့ညီမလေး စင်ဒီတို့အတွဲက သတို့သားအရံနဲ့သတို့သမီးအရံ လုပ်ပေးရမှာနော်"

"လုပ်မယ် ... ခင်ယော်လည်းလုပ်ပေးနော် အမှတ်တရလေ"

ခင်ယော် ... ခင်ယော် ... မင်းက သူဌေးသမီး ဆရာဝန်မ





လေးလေးကို ရွေးချယ်လိုက်ပြီပဲ။

ငါတို့ မှားပါတယ်ကွာ။

ငါတို့ သမီးမဥ္ဇူရီကို ခင်ယော့်လက်ထဲအပ်ချင်တယ်ကွာ။

ဦးကျော်ခေါင် စဉ်းစားနေမိသည်။

မိမိဘဝဆုံးနေပြီ ...

အကြွေးတွေတင်ပြီး သမီးကို လူရှုပ်လူပွေ နောင်နောင့်လက်ထဲ အပ်လိုက်ရသည်။

မအပ်လျှင် မိမိထောင်ထဲဝင်ရမှာ သေချာနေ၏။

ကျန်းမာရေးကလည်း မကောင်း။

စီးပွားရေးကလည်း မိမိစိတ် မထိန်းနိုင်မှုကြောင့် ကျဆင်းနေသည်။

"ကိုကျော်ခေါင်လည်း စားလေ၊ ဘာတွေစဉ်းစားနေတာလဲဗျာ ... သမီးလေးအတွက် စိတ်အေးရပြီပဲ ကံကောင်းပါတယ်"

သူဌေးရဲ့စကားတွေက မိမိရင်ကို မြှားတစ်စင်းလို လာ၍စိုက်သည်။

ကျုပ်သမီးလေးက ဖြူဖြူစင်စင်လေး နောင်နောင် လက်ထဲအပ်ရတာ သမီးလေး ကံကောင်းနိုင်ပါ့မလား။

ဦးကျော်ခေါင် စားကောင်းသောက်ဖွယ်တွေဖြစ်ပေသည့်



www.burmeseclassic.com

www.burmeseclassic.com



ခံတွင်းကမတွေ့။ လည်ချောင်းဝမှာ တစ်ဆို့နေသည်။

ဂုဏ်တု ဂုဏ်ပြိုင်တွေ လုပ်ချင်တဲ့ မငွေသော်ကရော မုဆိုးမ တစ်ယောက်ကို ဘယ်လိုမှ မယှဉ်နိုင်ဘဲ ဖြစ်နေ၏။

သူဌေးသမီး စင်ဒီမောင်က မညိုကို တလေးတစား တယု တယ ခင်ယော့်လို အလားအလာကောင်းတွေ ပိုင်ဆိုင်နေတဲ့ ယောကျ်ားတစ်ယောက်ကို ... အမိအရဆုပ်ကိုင်ဖို့ ကြိုးစားနေသည်။

သမီးလေး ကံဆိုးရှာတာပါ ... ခင်ယော်နဲ့က ငယ်ချစ်ဦးတွေ ... မိမိတို့ကြောင့်ပါ ...

မငွေသော် အပြုံးမပျက် ဟန်ဆောင်နေနိုင်ပေမယ့် ဦးကျော်ခေါင်ကတော့ မျက်နှာမသာနိုင် နောင်တတွေ ရနေမိသည်။

အခန်း ( ၁၆ )

"မဥ္ဇူရီ နင်ထွက်လာခဲ့နော် ငါစောင့်နေမယ် ... နင်ဖုန်းပိတ်မပစ်နဲ့၊ ငါ နင်တို့တိုက်ခန်းထဲအထိ ဝင်မလာရဲဘူး ထင်နေလား"

"ခင်ယော် နင်ဘာတွေဖြစ်နေတာလဲ၊ ငါ့ကိုမေ့ပစ်လိုက်ပါတော့ဟာ"

"မမေ့ပစ်နိုင်ဘူး မဥ္ဇူရီ ... နင်ဘာကြောင့် သူဌေးသားကို ဆက်ထပ်ရလဲဆိုတာ ငါသိတယ် ... နင့်ကိုတွေ့ချင်လို့ပါဟာ လာခဲ့ပါ"

"စင်ဒီသိသွားရင် အားလုံး မျက်နှာပျက်စရာတွေဖြစ်ရလိမ့်မယ် ခင်ယော်ရယ် ... တောင်းပန်ပါတယ် ငါမတွေ့နိုင်တော့ဘူး"

"ထွက်လာခဲ့ပါမဥ္ဇူရီ၊ နင်တို့လမ်းထိပ်မှာ ငါစောင့်နေမယ်။ အခုချက်ချင်း ထွက်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဇင်ယော်"

"မဥ္ဇူရီ"

"ငါ့ကိုမေ့လိုက်ပါတော့ နင့်အတွက် စင်ဒီမောင်ပဲ အသင့်တော်ဆုံးပါဟာ"

မဥ္ဇူရီ ဖုန်းကိုပိတ်ပစ်လိုက်သည်။

မထူးတော့ဘူး ...

ဇင်ယော့်ကို မတွေ့ချင်တော့။

အဖေက မဥ္ဇူရီအနား ရောက်လာ၏။

သမီး ဘာမှမဖြစ်ပါဘူး အဖေဟု ပြောလိုက်သည်။

"သမီး"

"ရှင် ... အဖေ"

"ဇင်ယော်နဲ့သွားတွေ့လိုက်ပါ သမီးရယ်"

"အဖေ"

"အဖေ့အတွက် မကြည့်စမ်းပါနဲ့ ... သမီး...နဲ့ဇင်ယော်ကျေနပ်ရင် လက်ထပ်ပါ"

"ကိုကျော်ခေါင် ဘာတွေပြောနေတာလဲ၊ အခိပ္ပာယ်မရှိတာရှင်ထောင်ထဲသွားနေမလို့လား၊ နောင်နောင်က သူဌေးသားပဲ ... ရှင့်သမီး မဥ္ဇူရီ ဘာနစ်နာစရာရှိလဲ"





"ဇင်ယော်နဲ့သမီးက ငယ်ချစ်ဦးတွေပဲ မငွေသော်၊ ပြီးတော့တစ်ယောက်က အစွမ်းအစရှိပြီး ဘာအပြစ်မှမရှိဘူး၊ နောင်နောင်နဲ့လက်ထပ်ရင် ချမ်းသာတာပဲရှိမှာ"

"မရဘူး ... မဥ္ဇူရီ ညည်း ဇင်ယော်နဲ့ လုံးဝမတွေ့နဲ့တော့ညည်းအဖေအသက်ကြီးမှ ထောင်နန်းစံစေချင်လို့လား"

ဒေါ်ငွေသော်ကတော့ ဖြစ်ချင်ရာဖြစ် နောင်နောင့်လက်ထဲမှာပဲ အပ်ချင်သည်။

ဇင်ယော်က အစွမ်းအစရှိပြီး လူတော်ဖြစ်ပေမယ့် မညီနှင့်ခမည်းခမက် မတော်ချင်။

မိမိက တစ်ချိန်တုန်းက နှိမ်ချဆက်ဆံထားခဲ့၏။

ထို့ကြောင့်ပင် ...

နောင်နောင်နှင့်ပဲ သဘောတူသည်။

"သမီး"

"ရှင် ... အဖေ"

"သမီး သွားတွေ့လိုက်ပါ ... သမီးဘဝရှေ့ရေးကို သမီးလွတ်လပ်စွာ ဆုံးဖြတ်နိုင်ပါတယ် ... သွားတွေ့လိုက်ပါ၊ ဇင်ယော့်ကိုမထိခိုက်စေချင်ဘူး၊ ပြဿနာကို သိမ်မွေ့စွာ ဖြေရှင်းဆက်ဆံကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

"သမီးရယ်"

"မဥ္ဇူရီကို စိတ်ချယုံကြည်ပေးပါ၊ မိဘကျေးဇူးကိုပဲ ဆွေ[illegible] ဆပ်ချင်ပါတယ် ... သမီးအတွက် ယောကျ်ားတစ်ယောက်က ... လောက်အထိ အရေးမကြီးပါဘူး"

"ဟုတ်တယ်မဥ္ဇူရီ ... ညည်း သိတတ်စမ်းပါ နောင်နောင် ဘာပဲ ဖြစ်နေပါစေ ညည်းချမ်းသာမှာပဲ အမေကတော့ ဇင်ယော် အမေနဲ့ ခမည်းခမက် မတော်ချင်ဘူး"

"မင်း ခုထိ ဂုဏ်တုဂုဏ်ပြိုင်တွေ လုပ်နေတာလားငွေသော် ငါတို့တွေ ကိုယ့်ဘဝနဲ့ကိုယ် ... ရိုးရိုးသားသားမနေခဲ့လို့ ... လောင်းကစားသမားဘဝ သူများငွေတွေ အလွဲသုံးစားလုပ်တတ်တဲ့ ကောင် ဖြစ်နေပြီကွ"

"မတတ်နိုင်ဘူးလေ၊ အခုမှတော့ သူတို့စီမံရာ နာခံလိုက်ရုံ ရှိတာပဲ"

ဇင်ယော်နဲ့သူ့အမေက မိမိထက် အများကြီးသာနေပြီပဲ၊ အောက်ကျတော့ မခံနိုင်ပါဘူး။

ပြီးတော့လည်း ... မိမိလောဘတက်လို့ ကိုကျော်ဆွေ ထောင်ထဲရောက်ရမှာကို မလိုလားနိုင်ပဲ ဖြစ်နေသည်။





"ဘာမှစိတ်ပူမနေပါနဲ့အမေ ... မဥ္ဇူရီ မိဘစကားကိုပဲ နားထောင်မှာပါ ... ဇင်ယော့်ကို ခဏလေးပဲ သွားတွေ့ခွင့် ပြုပေးပါ"

"မဥ္ဇူရီ"

"ရှင် ... အမေ"

"ညည်း အသက်မပြည့်သေးဘူးနော် ... ညည်းဆန္ဒအတိုင်း ဘာမှမလုပ်ပါနဲ့၊ ကျုပ်က ဇင်ယော့်ကို ထောင်ထဲပို့ချင်နေတာနော်၊ ဇင်ယော့်အနာဂတ်ပဲ ပျက်စီးမှာ"

"မဥ္ဇူရီ သိပါတယ် အမေရယ်"

အမေကကြိမ်းမောင်းနေသည်။

အဖေကတော့ သမီး ဘာမှမဖြစ်စေရဘူး။

အဖေ တာဝန်ယူတယ်တဲ့။

နေပါစေတော့အဖေရယ် ...

ဇင်ယော့်ကို မဥ္ဇူရီစွန့်လွှတ်လိုက်ပါတော့မယ်။

အဖေ့ကျန်းမာရေးကလည်း မကောင်းဘူး။

သမီးကြောင့် အဖေထောင်ထဲမရောက်စေရပါဘူး။

ဇင်ယော့်ကို သွားတွေ့သည်။

"ဇင်ယော်"

"ကားပေါ်တက် မဥ္ဇူရီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

ဖင်ယော့်ကားပေါ်သို့ ... မဥူရီ တက်လိုက်လာခဲ့သည်။

ငြင်းဆန်မနေချင်တော့ ... ဖင်ယော်နှင့် နောက်ဆုံး တွေ့ ခြင်းပါပဲ။

ဖင်ယော်က မြို့ပြင်အထိ ကားကိုမောင်းထွက်နေသည်။

"မဥူရီ"

"ဟင်"

"နင် တော်တော်သတ္တိရှိနေတာပါလား မဥူရီ"

"ဒီတစ်ကြိမ်က နင်နဲ့ငါ နောက်ဆုံးတွေ့ဆုံခြင်းပဲ ဖင်ယော်"

"ဘာပြောတယ်"

"နင့်ဆန္ဒရှိတဲ့အတိုင်း ပြုမူပါ၊ ငါနဲ့ကိုနောင်လက်ထပ်မှ ဖြစ်မယ်၊ နင် ငါ့ကိုခေါ်သွားရင် နင်ထောင်ကျမယ်၊ ငါက ဘာလုပ်လို့ မှာလဲဟ၊ ငါ့အမေအကြောင်းလည်း နင်သိတာပဲဟာ"

"နင်နဲ့သာ ပေါင်းဖက်ရမယ်ဆိုရင် ငါ့ဘဝကြီး ဘာပဲဖြစ်ဖြစ် ဟာ စုတ်ပြတ်သတ်သွားပါစေ ငါရင်ဆိုင်မယ်"

"ဖင်ယော်"

"ပြော"

"ငါ့အဖေ ထောင်ထဲဝင်ရမယ့် နင်ကရက်စက်နိုင်ပေမယ့် ငါကတော့ မကြည့်ရက်ဘူး ... နင်ဘာလုပ်မလဲ၊ ငါသေပစ်ချင်တာ တောင် မသေရဲဘူး"





မဥူရီ မျက်ဝန်းလေးကိုမှိတ်၍ ... ငြိမ်သက်သွားသည်။

ဖင်ယော် ဘာဆက်လုပ်ရမလဲ။

ချစ်သူကို သနားမိနေ၏။

စွန့်လွှတ်လိုက်ဖို့ သူစိတ်ကူးထဲပင် မထည့်ရဲ။

သူ အတင်းအကြပ်ခေါ်ဆောင်ပြီး အဝေးဆုံးကို ထွက်သွားဖို့ စီစဉ်ထားသည်။

"နင်က ငါနဲ့ပေါင်းချင်တာလား၊ အတူအိပ်စက်ချင်တာလား၊ ဘာရားဝင်လက်ထပ်ပြီး အတူနေထိုင်ဖို့ကတော့ လုံးဝမဖြစ်ဘူးနော် ဖင်ယော်"

"မဥူရီရယ်"

သူ့ကားလေးက လမ်းဘေးမှာထိုးရပ်သွားပြီး မဥူရီ ခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ထားမိသည်။

မျက်နှာလေးကို မွတ်သိပ်စွာ နမ်းရှိုက်မိနေ၏။

မဥူရီကလည်း မငြင်းပယ်ပေ။

ချစ်သူကို စွန့်လွှတ်ရတော့မည့်အရေးကို ဖင်ယော်နာကျင်ကြေကွဲနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



“တို့နှစ်ယောက် ဘာဖြစ်လို့များ ဒီလိုဘဝမျိုးနဲ့ကြုံတွေ့
တာလဲမဥ္ဇူရီရယ်၊ ဇင်ယော် မခံစားနိုင်ဘူး၊ ငါလေ နင်ကလွဲ
ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ချစ်နိုင်ဖို့ မဖြစ်နိုင်တော့ဘူး”

မဥ္ဇူရီ မပြောချင်တော့ ... သူမလည်း ဇင်ယော်နှင့်ထပ်
ကြေကွဲနာကျင်နေရသည်။

“လောကကြီးက ... ငါတို့အတွက် တရားတာပဲဖြစ်ဖြစ်
မတရားတာပဲဖြစ်ဖြစ်လေ ဇင်ယော် မဥ္ဇူရီကတော့ နှင့်အပေါ်သစ္စာ
ရှိပြမနေနိုင်ဘူး။ ငါ မိဘကျေးဇူးဆပ်ဖို့ပဲ ဆုံးဖြတ်ထားလိုက်တယ်”

ချစ်သူခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားရာမှ ဇင်ယော်
အထိတ်တလန့်နှင့် ပြန်ခွာပစ်လိုက်သည်။

“ဇင်ယော်ရယ်”

“မဥ္ဇူရီရယ်”

“မဥ္ဇူရီကို နားလည်ပေးပါ ဇင်ယော် ... ပြီးတော့လေ
နင့်အတွက်ပဲ နင်ကြည့်စမ်းပါဟာနော်”

သူဆုံးဖြတ်လိုက်သည်။

မဥ္ဇူရီကို စိတ်သောကရောက်စေရန် ဘယ်လိုအကြောင်းနဲ့
မပြုမူလိုတော့ပေ ...

ချစ်သူအတွက် စွန့်လွှတ်အနစ်နာခံတော့မည်ဖြစ်၏။





ကားကို စက်နှိုးလိုက်သည်။

“ကျေးဇူးပါပဲ ဇင်ယော်”

“ချစ်သူအတွက် ကိုယ်ကစွန့်လွှတ်အနစ်နာခံပေးတာပါ”

“စင်ဒီနဲ့လက်ထပ်ပါ”

“ဇင်ယော် ဘယ်လိုမိန်းမမျိုးကိုမှ လက်မထပ်ဘူး။ ကိုယ်
နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မယ်”

“ဇင်ယော် နှင့်အမေအတွက် စင်ဒီက အကောင်းဆုံးချွေးမ
လေ”

“တော်ပါပြီဟာ နင်ပဲ မိဘကျေးဇူးဆပ်စမ်းပါ”

ဇင်ယော့်အတွက် မဥ္ဇူရီလည်း နာကျင်ကြေကွဲရသည်။
ချစ်သူကို မစွန့်လွှတ်နိုင်ပါဘူး။ သူမ ဆုံးဖြတ်ထားမိ၏။
မိဘတွေကို မဥ္ဇူရီ ဥပက္ခာပြုမထားနိုင်ပေ။

“မဥ္ဇူရီ”

“ဇင်ယော်”

“နင့်ကိုစောင့်နေမယ် ဇင်ယော့်အသက် ခန္ဓာကိုယ်တည်မြဲ
နေသရွေ့လေ”

တို့နှစ်ယောက် ပေါင်းဖက်နိုင်ခွင့်လည်း ရှိချင်ရှိလာနိုင်ပါ
တယ်။



www.burmeseclassic.com

www.burmeseclassic.com



မဋ္ဌူရီ ကိုယ်တို့မျှော်လင့်နိုင်ပါသေးတယ်။

မဋ္ဌူရီကို ပြန်ပို့ပေးလိုက်သည်။

"ခင်ယော့်ကို ပညာတတ်ကြီးတစ်ယောက် အောင်မြင်
လူတစ်ယောက်အဖြစ် မဋ္ဌူရီမြင်တွေ့ချင်ပါတယ်"

"မဋ္ဌူရီကိုတော့ ပျော်ရွှင်တဲ့ လူသားတစ်ယောက်အဖြ
ကိုယ်တွေ့မြင်ချင်တယ်"

မဋ္ဌူရီ အိမ်ပြန်ရောက်လာမှ အမေက သက်ပြင်းမောကြီး
မှုတ်ထုတ်သည်။

"မဋ္ဌူရီ ... အမေရင်ပူပြီး သေတော့မယ် ... စောစော
နောင်နောင်ရောက်လာတယ်၊ သမီးကို လာခေါ်တာတဲ့"

"မဋ္ဌူရီအတွက် အမေစိတ်မပူပါနဲ့တော့နော်၊ ခင်ယော်
မဋ္ဌူရီကို စွန့်လွှတ်လိုက်ပါပြီ"

"သမီးအဖေအတွက်ပါ ... အဖေရော၊ အမေရော အမှားတွေ
လုပ်မိကြပါတယ် အထူးသဖြင့် ... အမေပါပဲ"

"ထားလိုက်ပါတော့ အမေ"

မဋ္ဌူရီ အိပ်ခန်းထဲဝင်လာခဲ့သည်။

ရင်တွေနာကျင်နေ၏။

ကိုနောင် ရှင်ကတစ်နေ့တခြား ကြောက်စရာကောင်းနေပြီ





တရား ဝင်ထက်မထပ်ရသေးဘဲနှင့် သူမရဲ့အပျိုစင်ဘဝကို
အရယူဖျက်စီး ပစ်ချင်နေသည်။

"နင်ပျော်ရွှင်နေတာကိုပဲ ခင်ယော်မြင်တွေ့ချင်တယ် မဋ္ဌူရီ
ရယ်"

ချစ်သူစကားသံတွေကို ပြန်ကြားယောင်နေသည်။

မဋ္ဌူရီ ဘယ်တော့မှ ပျော်ရွှင်နိုင်ခွင့်ရှိမှာ မဟုတ်တော့ဘူး
ခင်ယော်။

မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ဘဝတစ်
လျှောက်လုံး အတူတူနေရတော့မယ်။

ကိုနောင်က လူရှုပ်လူပွေ။

နိုက်ကလပ်တွေမှာ အချိန်ဖြုန်းနေတတ်တဲ့ ယောကျ်ားပါ။

"မဋ္ဌူရီရေ ကိုနောင်ပြန်လာတယ် ... ထွက်လာခဲ့ပါဦး"

ဟူး ...

သေချင်တာပဲ ...

မမချောက လာခေါ်သည်။

သူမ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ဘဲ အခန်းထဲက ထွက်
လာခဲ့၏။

ကိုနောင် ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဈေးစပ်ပွဲအတွက် ဖိတ်စာတွေလိုက်ကမ်းရဦးမယ်၊ မင်း ဘယ်တွေသွားနေတာလဲ မဥ္ဇူရီ"

"ဖိတ်စာတွေအားလုံး ကမ်းထားပြီးပြီလေ"

ကိုနောင့်ကိုကြည့်ရတာ တစ်မျိုးကြီးပဲဟု မဥ္ဇူရီ ထင်မိသည်။

အသားအရေတွေက မကောင်းသလိုပင်။

မျက်နှာပေါ်မှာ ဝေဒနာတွေ ခံစားနေရသလိုပင်။

သူမစိတ်ကိုထိန်းချုပ်ပြီး ကိုနောင်နဲ့ပဲ အဆင်ပြေပြေနေဖို့ ဆုံးဖြတ်ထားသည်။

"မင်းအဝတ်အစားလဲလိုက်ပါ မဥ္ဇူရီ"

"အင်း..."

ကိုနောင်ကတော့ သူ့အခြေအနေကို သိနေသည်။

သူ့မှာ ရောဂါတစ်ခုခုတော့ စွဲကပ်နေပြီဖြစ်၏။

အားအင်တွေ ကုန်ခမ်းလာသည်။

မဥ္ဇူရီကို လက်မလွှတ်ချင်။

နောင် သိလိုက်ရတာက ဇင်ယော်နှင့်မဥ္ဇူရီတို့ ချိန်းတွေ့ တာပဲဖြစ်သည်။

"မြို့ပြင်အထိ သွားကြတယ်၊ ပြီးတော့ ဖက်ထားကြတယ်





ဘာတွေလဲ မင်းနဲ့ဇင်ယော် ဘယ်အချိန်က ငြိသွားကြတာလဲ"

နောင် တွေးမိနေသည်။

ညီမလေးစင်ဒီနဲ့ လက်ထပ်မယ့် ဇင်ယော်။

"ကိုနောင် ... ပြီးပြီလေ"

မဥ္ဇူရီကတော့ ရိုးသားဖြူစင်ယောင် ဆောင်ထားသည်။

ညီမလေးစင်ဒီကြောင့် ထိုကိစ္စအား လျှို့ဝှက်စွာ သူဖြေရှင်းလိုနေခဲ့၏။ မဥ္ဇူရီကိုမေးရမယ်။

ဘာတွေလဲ သူကိုယ်တိုင် မြို့ပြင်မှာ မြင်တွေ့ခဲ့ရတာပါ။

ဒေါသတွေ ပေါက်ကွဲချင်ပေမယ့် ငြိမ်သက်နှုတ်ပိတ်သွားခဲ့သည်။

"ကိုနောင်"

"ဟင်"

"သွားစို့လေ"

"မင်း အရမ်းလှပတယ် မဥ္ဇူရီ ... မင်းကိုချစ်တယ်"

ကိုနောင့်ရင်ထဲက စကားတွေပါပဲ။

သူမိန်းကလေးတွေ အများကြီး ပတ်သက်ဆက်ဆံရှုပ်ပွေနေခဲ့ပေမယ့် မဥ္ဇူရီကိုတော့ ချစ်သည်။

ဇင်ယော်နဲ့ဘယ်လိုများ ပတ်သက်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော်ကို ညီမလေးစင်ဒီက တစ်ဖက်သတ် စွဲလမ်းနှင်သတ်နေသည်။

"သွားကြမယ် ... မဥ္ဇူရီ"

မဥ္ဇူရီကို သူမေးဖို့အတွက်လည်း သတ္တိမရှိပေ။

ဇင်ယော်နဲ့ ချစ်သူတွေလား။

သူနှင့်မတွေ့ခင်ထဲက ချစ်သူတွေလည်း ဖြစ်နိုင်သည်။

"မဥ္ဇူရီ"

"ရှင်"

"ကိုယ်ကတိပေးပါတယ်၊ မင်းကိုပျော်ရွှင်အောင်ထားမှာပါ၊ ကိုယ့်အပြုအမူတွေအတွက်လည်း တောင်းပန်ပါတယ်ကွာ"

ကိုနောင့်စိတ်တွေ ပူလောင်လာသည်။

❦

အခန်း ( ၁၇ )

"စင်ဒီ ... ကိုယ်တောင်းပန်ပါတယ်ကွာ၊ မင်းနဲ့ကိုယ် စေ့စပ်ဖို့မဖြစ်နိုင်ဘူး၊ ကိုယ့်ဘက်က အဆင်သင့်မဖြစ်ဘူး"

"ဘာဖြစ်လို့လဲဇင်ယော်၊ ဘာအကြောင်းပြချက်လဲ၊ စင်ဒီမှာ ဘာတွေလိုအပ်နေလို့လဲဟင်"

"မင်းက အရာရာပြည့်စုံနေတဲ့မိန်းကလေးပါ၊ ကိုယ်နိုင်ငံခြားကို သွားဦးမယ် ... ကိုယ့်အနာဂတ်အတွက် အကောင်းဆုံးတွေပဲ ပိုင်ဆိုင်ထားချင်လို့ပါ"

"စေ့စပ်ထားကြတာပဲ စင်ဒီလည်း အတော်ဆုံး၊ အထူးချွန်ဆုံး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားမှာပါ၊ ဇင်ယော်နဲ့ အမြဲတမ်း လိုက်ဖက်နေအောင်လေ"

စင်ဒီရယ် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းက ကိုယ်နှစ်သက်သဘောကျအောင် မင်း အမူအကျင့်တွေကို ... လုံးဝဆန့်ကျင်ဘက်ဖြစ်အောင် ပြုပြင်နေထိုင်ခဲ့သူပါ။

ကိုယ်ကြိုက်တာတွေကို မင်းကြိုက်ခဲ့တယ်။

အရာရာ ကိုယ့်ဆန္ဒတွေပဲဖြစ်စေခဲ့တာ။

ကိုယ် အသိအမှတ်ပြုပါတယ် စင်ဒီ။

ဒါပေမဲ့ ...

ကိုယ့်နှလုံးသားတွေထဲမှာ မဥ္ဇူရီပဲရှိနေခဲ့တာပါ။

ကိုယ်မရှုံ့ချင်ဘူး။

မဥ္ဇူရီ ခင်ပွန်းရဲ့ညီမလေးကို လက်ထပ်ယူဖို့ မသင့်တော်ပါဘူး။

မဥ္ဇူရီ တစ်သက်လုံး သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းရမှာမျိုး ကိုယ်မလုပ်နိုင်တော့ဘူး။

ငယ်ချစ်ဦး မဥ္ဇူရီကိုလည်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်စေချင်တယ်။

"ကိုယ် အနှောင်အဖွဲ့ မရှိစေချင်တာပါ။ ကိုယ်နဲ့စင်ဒီတို့ ဖူးစာဖက်တွေမှန်ရင် ပြန်ဆုံမှာပါ"

"ဇင်ယော် ပြောပြစမ်းပါ ... စင်ဒီမှာ ရှင်မနှစ်သက်တဲ့အချက်တွေ ဘာတွေရှိနေလဲ၊ ရှင့်ရဲ့စည်းစိမ်ဥစ္စာတွေ ဂုဏ်ဒြပ်တွေကို





စင်ဒီ မက်မောတာမဟုတ်ဘူးနော် ... ဇင်ယော်က တောကြိုအုံကြားက အမှိုက်ကလေးဆိုရင်တောင် စင်ဒီ အမြတ်တနိုးနဲ့ သိမ်းဆည်းတန်ဖိုးထားမှာပါ။ ယုံပေးပါ ... ဇင်ယော်"

စင်ဒီဥပမာလေးက ... ဇင်ယော့်ရင်ကိုလာရောက်ထိမှန်၍ နာကျင်သွားရသည်။

စင်ဒီလို မိန်းကလေးတစ်ယောက် အနေအထားက ဆန့်ကျင်ဘက်ပြောင်းလဲသွားရတာ ကိုယ့်ကို ချစ်မြတ်နိုးလို့ဆိုတာ ကိုယ်လက်ခံယုံကြည်ပါတယ်။

မဥ္ဇူရီကလွဲပြီး သူဘယ် မိန်းကလေးကိုမှ မချစ်နိုင်တော့။

မဥ္ဇူရီနှင့် အဝေးဆုံးကိုထွက်သွားဖို့လည်း ဆုံးဖြတ်ထားသည်။

"မင်းကို ယုံကြည်ပါတယ်စင်ဒီ ... လောလောဆယ်တော့ ကိုယ် အနှောင်အဖွဲ့ မရှိစေချင်တာပါ။ ကိုယ်တို့နှစ်ယောက်လုံး ငယ်ပါသေးတယ်"

"ဇင်ယော်"

"ဟင်"

"ရှင် ... ရှင်က ကျွန်မကိုထားခဲ့ဖို့ ကြံစည်တာ မဟုတ်လား ဇင်ယော်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးစင်ဒီ … ကိုယ်တို့ကြိုးစားရင်းနဲ့ အချိန်ကာလ တစ်ခုခုကို ဖြတ်ကျော်ကြရအောင်ပါ"

"စင်ဒီကတော့ ဇင်ယော်သဘောဆန္ဒပါပဲ"

ဇင်ယော့်အတွက် … အကောင်းဆုံးဇနီးမယားဖြစ်စေရန် စင်ဒီကြိုးစားခဲ့သည်။

သူမအကျင့်စရိုက်တွေနှင့် ဆန့်ကျင်ဘက် ပြုပြင်ပြောင်းလဲ ဖြစ်ခဲ့၏။

ဇင်ယော့်ကို ချစ်သည်။

"ဇင်ယော်"

"ပြောပါ စင်ဒီ … "

"စင်ဒီတို့အိမ်မှာ ညစာလိုက်စားပါနော် မိတ်ဆွေတွေအဖြစ် ပါပဲ"

"စင်ဒီဆန္ဒကို ကိုယ်လိုက်လျောပေးပါ့မယ်"

ဇင်ယော်ကတော့ မဒ္ဒူရီနှင့်မျက်နှာချင်း ··ိုင်ချင်ပေ။

စင်ဒီကိုလည်း မိတ်ဆွေအဖြစ်တော့ လက်ခံရမည်ဖြစ်သည်။

စင်ဒီ ပြန် သွား၏။

အမေကတော့ ဇင်ယော့်အား စင်ဒီနှင့်စေ့စပ်ဖို့ တိုက်တွန်း နေသည်။





"စင်ဒီလေးက သားကိုချစ်မြတ်နိုးလွန်းပါတယ်ကွယ်၊ အမေ လည်း သဘောကျတယ်၊ သားကို ချစ်ချစ်ခင်ခင်၊ မြတ်မြတ်နိုးနိုး စောင့်ရှောက်ပြုစုပေးမယ့် ဇနီးကောင်းပါ"

ဒေါ်ညိုကတော့ မဒ္ဒူရီကြောင့် သားငြင်းဆန်နေတယ်ဆို တာ သိနေသည်။

စိတ်တွေပူနေရ၏ …

မငွေသော်ကလည်း သား ဇင်ယော်နှင့်နီးစပ်မှာစိုးရိမ်ပြီး နောင်နောင်နှင့်လက်ထပ်ပေးဖို့ အပူတပြင်း စီစဉ်နေလေသည်။

"သား ရည်မှန်းချက်အတိုင်း နိုင်ငံခြားကိုသွားမယ်အမေ၊ တခြားကိစ္စတွေအားလုံး သားပညာရေး ပြည့်စုံမှပဲ စီစဉ်ပါရစေ"

"မင်း … မင်း မဒ္ဒူရီကို မျှော်လင့်နေတာလားဇင်ယော်၊ အမေ့ကို စိတ်သောကရောက်အောင် မလုပ်ပါနဲ့"

"သားနဲ့စင်ဒီ ညှိနှိုင်းထားပြီးပါပြီအမေ၊ စိတ်မပူပါနဲ့ မဒ္ဒူရီက ကိုနောင်နဲ့လက်ထပ်တော့မယ်"

"သား … မင်းခေါင်းထဲမှာရော၊ မင်းနှလုံးသားထဲမှာပါ ချမ်းသာတာထက် စင်ဒီရဲ့နှလုံးသားဖြူစင်မှုလေးကို အမေနှစ်သက် သဘောကျလို့ပါ"

ဇင်ယော် ဘာမှပြောမနေတော့ဘဲ အိပ်ခန်းထဲဝင်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘယ်တတ်နိုင်မလဲစင်ဒီ ...

မင်းက ဘယ်လောက်ပဲ ကိုယ့်အတွက် အကောင်းဆုံးတွေ ပြင်ဆင်နေပါစေ ကိုယ်ချစ်မြတ်နိုးရတာ မဥ္ဇူရီပါပဲ။

အမေ့အတွေးမှန်တယ်။

မဥ္ဇူရီကို စောင့်နေတာပါ။

"တစ်နေ့နေ့ တစ်ချိန်ချိန်ပေါ့ ကိုယ်အမြဲတမ်းမျှော်လင့်နေချင်တယ်၊ ကိုယ် ... မဥ္ဇူရီနဲ့ပဲ ပေါင်းဖက်ချင်တယ်"

မဥ္ဇူရီကို စိတ်အနှောက်အယှက် မပေးလိုပေ။

မိဘတွေအတွက် မဥ္ဇူရီရွေးချယ်တာ မှန်တာပဲ။

ဇင်ယော် ညနေ စင်ဒီတို့အိမ်ဘက်သွားတော့ ဒေါ်လေးငွေသော်နှင့်ဆုံသည်။

"မင်း ငါ့သမီးကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ဇင်ယော်၊ ဒေါ်လေးတောင်းပန်တာပါ၊ နောင်နှစ်ကျရင် သမီးမဥ္ဇူရီ မလွှဲမသွေ လက်ထပ်မှာပါပဲလေ"

သူဘာမှမပြောမိ။

ဒေါ်လေးငွေသော် မာနတွေ ကျနေသည်။

စင်ဒီ ထွက်လာပြီး သူ့အနား ကပ်ထိုင်၏။





မျက်နှာလေးညိုမြဲ မှုန်မှိုင်းပြီးပျက်သွားရသူက မဥ္ဇူရီပင်။

"စင်ဒီလေးတို့ရော ဘယ်တော့လောက် ဇေ့စပ်ကြမလဲ ကွယ်"

"စင်တို့က ပညာရေးတွေ ဆုံးခန်းတိုင်မှ ဆုံးဖြတ်ဖြစ်ကြမှာ အန်တီငွေသော်"

"ဟုတ်လား"

"ဇင်ယော် နိုင်ငံခြားမှာ ... ပညာသင်ဦးမယ်လေ ... အန်ကယ်ကျော်က နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားကြမှာမို့ ဇင်ယော် လိုက်သွားမှာပါ"

ဇင်ယော်ရယ် ... မဥ္ဇူရီ နာကျင်ကြေကွဲထိခိုက်ရပါတယ်။

မဥ္ဇူရီကို ဇင်ယော်စောင့်နေချင်သေးတာ မဟုတ်လား။

ငါ့ကိုမေ့ပစ် လိုက်ပါတော့။

ငါ လက်ထပ်ရမယ်။

ဘယ်လိုမှပြောင်းလဲလို့မရနိုင်တဲ့ မဥ္ဇူရီရဲ့ကံကြမ္မာပဲလေ။

"မဥ္ဇူရီ"

"ဟင်"

"ထလေ ... ကိုယ်တို့အပြင်ကိုသွားကြမယ် ... စင်ဒီတို့ကို အနှောက်ယှက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်ကဲ့ ကိုနောင်"

ကိုနောင်က သူမ လက်လေးကို လာဆွဲတော့ ... သူ့ ကယောင်ကတမ်းနှင့် ထလိုက်လာခဲ့မိသည်။

ဇင်ယော်ရှေ့မှာ သူမလည်း မနေချင်တော့ပါဘူး။

ကိုနောင် ခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့မိ၏။

အခုချိန်ကစပြီး ကိုနောင့် သဘောဆန္ဒတွေအတိုင်းပဲ ဖြစ်နေ ရမည် ဖြစ်သည်။

"မဥ္ဇူရီ ... မင်းစိတ်ထဲမှာ ကိုယ်နဲ့လက်ထပ်ရမှာကို ရှုံ စက်ဆုပ်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး ကိုနောင် ... "

"မင်းမျက်ဝန်းလေးတွေက သက်သေပြနေပါတယ်ကွာ"

နောင်လည်း မဥ္ဇူရီနဲ့ကျမှ အချစ်ဆိုတာကို သိရှိနားလည် သွားရသည်။

တန်ဖိုးထားရမှန်းလည်း သိလာရ၏။

သူ့နှလုံးသားတွေက မထင်မှတ်ဘဲနှင့် မဥ္ဇူရီကို ချစ်မြတ်နိုး သွားခဲ့ရသည်။

"မဥ္ဇူရီ အရမ်းစိတ်သောကရောက်နေရင်လည်း ကိုယ် စေ့စပ်ပွဲကို ရပ်ဆိုင်းပေးပါ့မယ်"





"ဟင်"

"မင်းရင်ထဲမှာ ဘယ်လိုတွေခံစားနေရလဲဆိုတာ ကိုယ် သိနေတယ်၊ မင်းဘာဖြစ်ချင်နေလည်း မဥ္ဇူရီ ပွင့်ပွင့်လင်းလင်းပြော ပါ"

ဇင်ယော်နဲ့မင်း ... ငယ်ချစ်ဦးတွေဆိုတာ ကိုယ်သိထားတယ် မင်းတို့အခြေအနေတွေ ပျက်နေရာကနေ ကိုယ်သတိထားမိပြီး မင်းတို့ရွာမှာ စုံစမ်းခဲ့တာပါ။

ကိုယ့်ညီမလေးစင်ဒီအတွက် ကိုယ် ဘာမှလုပ်မပေးနိုင်တော့ ဘူး ထင်တယ်။

"မဥ္ဇူရီ"

"ရှင်"

"မင်းနဲ့ဇင်ယော်"

"ကိုနောင် ဆက်မပြောပါနဲ့တော့နော်"

"ကိုယ်သိထားပါတယ်၊ မင်းတို့က ငယ်ချစ်ဦးတွေဆိုတာ လေ"

"ရှင်"

"မင်း ဘာဖြစ်ချင်လဲ မဥ္ဇူရီ"

"ဇင်ယော့်ကို စွန့်လွှတ်လိုက်ဖို့ပဲ ... ဆုံးဖြတ်ထားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်ရယ်”

ကိုနောင် သိနေပြီပဲ။

ရှာမှသွား၍ စုံစမ်းတာပဲဖြစ်နိုင်သည်။

မတတ်နိုင်တော့ဘူး ...

မဥ္ဇူရီက တစ်သက်လုံး ဖုံးကွယ်နေဖို့ စိတ်ကူးထားခဲ့၏။

ကိုနောင်က ငို့နေတဲ့သူမမျက်နှာလေးကို ဆွဲမော့သည်။

“မင်းဘာဖြစ်ချင်လဲမဥ္ဇူရီ၊ မင်းမှာ ရွေးချယ်နိုင်ခွင့်ရှိစေရမှာ ပါ ... ပြောပါ မဥ္ဇူရီ”

ငယ်ချစ်ဦးဖြစ်၍ ဇင်ယော်နှင့်သာ ပေါင်းဖက်လိုခဲ့ကြောင်း မဥ္ဇူရီဆန္ဒတွေကို ထုတ်ဖော်ဖို့ ဝန်လေးနေမိသည်။

ကိုနောင်က ပြုံးရယ်နေ၏။

ကိုနောင်ကရော မဥ္ဇူရီကို အလွယ်တကူစွန့်လွှတ်ပေးနိုင်ပါ့ မလား။

စင်ဒီကိုလည်း သနားမိနေသည်။

ပြီးတော့လည်း ကိုနောင့်မိဘတွေရဲ့ငွေကြေးတွေ အပေနှင့် မဥ္ဇူရီတို့ မိသားစု သုံးစွဲထားခဲ့၏။

သူ့ဆန္ဒတွေကို မြိုသိပ်ထားဖို့ပဲဆုံးဖြတ်လိုက်သည်။

“ကိုနောင်နဲ့ပဲ မဥ္ဇူရီလက်ထပ်ပါ့မယ်၊ မဥ္ဇူရီရဲ့ အပျိုစင်ဘဝ





လေး ဖြူစင်သန့်ရှင်းနေဆဲပါလို့ ... ပြောပြချင်ပါတယ် ... ကိုနောင် သံသယ ကင်းရင်လေ”

“မဥ္ဇူရီရယ် မင်းကို ကိုယ်အကြွင်းမဲ့ယုံကြည်ပါတယ်၊ ကိုယ် က လူဆိုးတစ်ယောက်ပါ၊ လူရှုပ်လူပွေပါ ... ဒါပေမဲ့လေ မင်းကို တော့ မထင်မှတ်ဘဲ ချစ်မိသွားရတယ်၊ ကိုယ် မင်းအပေါ် သစ္စာမဲ့ ချင်တော့ဘူးမဥ္ဇူရီ ... မင်းရော ယုံရဲ့လား”

ကိုနောင့်ဘက်ကနေ မဥ္ဇူရီကို လက်မထပ်လိုတဲ့အကြောင်း အရာတစ်ခုက ရှိနေသည်။

အဲဒါကတော့ ... ဇင်ယော်နှင့်မဥ္ဇူရီကို မသက်သာ၍ မဟုတ် ဘဲ ကိုနောင့်ကျန်းမာရေးမကောင်း၍ ဆေးစစ်ရာမှ ကိုယ်ခံစွမ်းအား ကျဆင်းသည့် အိပ်(ဂ်)အိုင်ဗီရောဂါရှိနေပြီဖြစ်ကြောင်း သိရှိလိုက်ရ၍ ဖြစ်၏။

မိဘတွေပင် မသိရှိကြသေးပေ။

“ကိုကို ... မဥ္ဇူရီကို အရယူပေးပါနော်၊ အမြန်ဆုံး လက်ထပ် လိုက်ပါ၊ စင်ဒီနှလုံးသားထဲမှာ ဇင်ယော့်ကိုချစ်မိနေလို့ပါ၊ ညီမလေး ဘယ်လိုနည်းနဲ့မှ ဇင်ယော့်ကိုမစွန့်လွှတ်နိုင်လို့ပါ”

ညီမလေးစင်ဒီက သူ့ကို အနူးညွတ်တောင်းပန်ရင်း ပြောခဲ့ သည်။

“ဇင်ယော်နဲ့မဥ္ဇူရီတို့ တစ်နည်းနည်းနဲ့ပတ်သက်နေကြတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စင်ဒီ သံသယဝင်လာတယ်"

စင်ဒီလည်းသိနေသည်။

သူ့ရောဂါအကြောင်း ဖွင့်ပြောပြီးပြီ။

နောက်ဆုတ်ဖို့အတွက် သတ္တိမရှိဘဲ ဖြစ်နေ၏။

နောင် ရှုပ်ပွေခဲ့တဲ့ အပြစ်တွေ ခံရတော့မည် ဖြစ်သည်။

"ကိုနောင်နဲ့မဋ္ဌူရီ လက်ထပ်ပွဲမှာယ် ... ဇင်ယော်နဲ့မဋ္ဌူရီတို့ ငယ်ချစ်ဦးပဲဖြစ်ဖြစ်၊ အခုအချိန်မှာ မဋ္ဌူရီ အားလုံးမေ့ပစ်လိုက်ပါပြီ"

မဋ္ဌူရီရယ် ... မင်းအဖေကို အကြွေးတွေ နစ်သွားအောင် ကုမ္ပဏီငွေတွေ အလွဲသုံးစားလုပ်အောင် ကိုယ်တို့သားအဖကြံစည် လုပ်ဆောင်ခဲ့ကြတာပါ။

ကိုယ်ကမင်းကို ခြေတော်တင်ချင်လို့ မင်းအဖေကို ထောင်ချောက်ဆင် ကြိုးသွင်းခဲ့တာပါ။

မဋ္ဌူရီရဲ့ ဖြူစင်တဲ့ ဘဝလေးကို မဖျက်စီးလိုတော့။

"ကိုနောင်"

"ဟင်"

"တွေဝေမနေပါနဲ့ ဇင်ယော်နဲ့မဋ္ဌူရီတို့ ဘာမှမဆိုင်ကြတော့ပါဘူးနော် ယုံပါ၊ ဇင်ယော်နဲ့အလိုက်ဖက်ဆုံးက စင်ဒီပါပဲ"

ညီမလေးစင်ဒီအတွက်ပဲ နောင် စဉ်းစားနေမိသည်။

မဋ္ဌူရီကိုလည်း ရောဂါတွေ မကူးစက်စေချင်ပေ။





နောင် ဝေခွဲရခက်နေ၏။

မဋ္ဌူရီကို လက်လွှတ်အဆုံးရှုံး မခံနိုင်လောက်အောင်လည်း ဖြစ်နေသည်။

"ကိုနောင် စေ့စပ်တာတွေဘာတွေ လုပ်မနေပါနဲ့တော့ နောက်ဖြန်ပဲ တရားရုံးမှာ လက်မှတ်ထိုးကြမယ်လေ"

နောင်စဉ်းစားနေသည်။

မဋ္ဌူရီကိုလည်း နောင် လက်ထပ်ချင်သော ဆန္ဒတွေ ပြင်းပြနေသည်။

"မဋ္ဌူရီ ချစ်နိုင်အောင်ကြိုးစားပါ့မယ် ကိုနောင်ရယ်၊ မဋ္ဌူရီတို့ လက်ထပ်ကြမယ်နော်"

ဇင်ယော့်ကို လုံးဝမေ့ပစ်လိုက်တော့မည်ဖြစ်သည်။

သူမဘာတက မသန့်ရှင်းနိုင်တော့။

ကိုနောင့်အနမ်းကို မဋ္ဌူရီ ကြိမ်ဖန်များစွာ ခံယူခဲ့ရ၏။

ဇင်ယော်နှင့် ချစ်သူသက်တမ်းမှာ မဋ္ဌူရီကို လက်လေးပင် ထိမကိုင်ခဲ့။

ချစ်သူကို တန်ဖိုးထားတဲ့ဇင်ယော်ပါ။

ကိုနောင့် ကြည့်ရတာ တွေဝေတွေနဲ့ဆုတ်နေသလိုပင်။

မဋ္ဌူရီ ဘာမှစဉ်းစားမနေတော့ဘဲ ကိုနောင့်ရင်ခွင်ထဲ တိုးဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဇ္ဈူရီ"

"မဇ္ဈူရီတို့ လက်ထပ်ကြမယ်နော်"

ကိုနောင် မနမ်းရက်တော့ပေ။

သူ့ခန္ဓာကိုယ်မှာ ရောဂါဆိုးကြီးက စွဲကပ်နေပြီဖြစ်သည်။

မဇ္ဈူရီ ပန်းလေးကို ဖက်ထားရုံလေးပဲ ရှိနေခဲ့၏။

မဇ္ဈူရီကတော့ ကိုနောင့်ဆန္ဒအတိုင်း လိုက်လျှောခွင့်ပြုနေပေမယ့် သူ့မှာဆန္ဒတွေ ကင်းမဲ့နေသည်။

မင်းနဲ့ဇင်ယော်တို့ပဲ ထိုက်တန်ပါတယ် မဇ္ဈူရီရယ် ... မင်းက ဖြူစင်ရိုးသားတဲ့ မိန်းကလေးပါ။

ကိုယ်နောက်ဆုံးအနေနဲ့ မင်းအတွက် အကောင်းဆုံးတစ်ခု လောက်တော့ ဖြည့်စွမ်းပေးခဲ့ချင်ပါတယ်။

ကိုယ်မင်းကို စွန့်လွှတ်လိုက်ဖို့ပါပဲ။

မဇ္ဈူရီဘက်ကနေ သူ့ကို ဘယ်လောက်ပဲ အလိုဆန္ဒတွေ ဖြည့်စွမ်းပေးဖို့ ပြင်ဆင်နေပါစေ။

သူမ မျက်ဝန်းလေးတွေထဲမှာ ထိတ်လန့်ကြောက်ရွံ့မှုတွေနှင့် မျက်ရည်စတွေက သိသိသာသာကြီး ဖုံးလွှမ်းနေတာ နောင် တွေ့နေရသည်။

အခန်း ( ၁၈ )

"ကိုကို"

"စင်ဒီ ညီမလေး"

"ကိုကိုက ... မဇ္ဈူရီကို စိတ်မဝင်စားတော့ဘူးလားဟင်၊ ကိုကိုပဲ အရမ်းချစ်တယ်ဆို မဇ္ဈူရီကိုရဖို့ သံမဏိလှောင်အိမ်ကြီးနဲ့ အုပ်မိုးထားပြီးသားဆို အခုမှ ဘာဖြစ်လို့လဲ ... ကိုကို့အတွက်ပဲ ပိုင်ဆိုင်ထားသင့်တာ မဟုတ်လားဟင်"

ညီမလေး စင်ဒီမျက်ဝန်းတွေထဲမှာ ... မျက်ရည်တွေနှင့် ပြည့်နှက်နေသည်။

နောင် ဘယ်လိုပြောရမလဲ ...

သူ့ဘဝမှာ မိန်းကလေးတော်တော်များများကို နမချင်း ကိုယ်ချင်းမစာ ဖျက်စီးဖြစ်ခဲ့သည်။

**ဝိုးလပြည့်တာယေ**

www.burmeseclassic.com

www.burmeseclassic.com



အပျော်တွေ ကျူးခဲ့၏။

ညီမစင်ဒီကျတော့ ထိခိုက်စော်ကားခံရမှာ စိတ်ပူပင် ကာကွယ်ပေးနေခဲ့သည်။

"ကိုကို ... ဘာဖြစ်လို့လဲ မဒ္ဒူရီက တောသူမ ဖြစ်နေလို့လား ဆေးကျောင်းသူတစ်ယောက် မဟုတ်လို့လား၊ ဇင်ယော်နဲ့ ပြန်ငြိသွားမှာ စင်ဒီစိတ်ပူတယ်၊ မဒ္ဒူရီကြောင့် ဇင်ယော် နိုင်ငံခြားကို ထွက်သွားမှာပါ၊ အဲဒါ ... ကိုကို သိတယ်မဟုတ်လား"

စင်ဒီ မျက်ရည်တွေကျလာသည်။

ကိုကိုက လက်ထပ်ဖို့ တွေဝေနေသည်တဲ့။

မာမီက ပြောတာပါ။

ကိုကိုက စဉ်းစားနေသည်တဲ့။

မဒ္ဒူရီနဲ့ဇင်ယော်တို့ ငယ်ချစ်ဦးတွေဖြစ်ခဲ့ကြတာ။

ကိုကိုရော စင်ဒီရော သိနေကြ၏။

စင်ဒီ အတင်းအကြပ် တောင်းဆိုနေမိသည်။

"ကိုကို"

"ဟင်"

"မဒ္ဒူရီနဲ့လက်ထပ်ပါနော် ... စင်ဒီ တောင်းပန်ပါတယ် ဇင်ယော် ... မကြာခင် နိုင်ငံခြားကိုထွက်သွားတော့မယ်၊ နောက်နှစ်





စင်ဒီလည်း လိုက်သွားမှာပါ"

နောင်ကတော့ မဒ္ဒူရီဘဝလေးကို မညစ်နွမ်းစေချင်တော့ပေ။

သူ ...

ကုသိုလ်ကောင်းမှု တစ်ခုတော့ လုပ်သွားချင်သည်။

ကောင်းတာလေး တစ်ခုပါ။

"ညီမလေးကို မသနားတော့ဘူးလားဟင် ... မနက်ဖြန်ပဲ ကိုကိုတို့ တရားဝင်လက်မှတ်ရေးထိုးဖို့ သူဟို့ဘက်က တောင်းဆိုနေခဲ့တာလေ၊ မဒ္ဒူရီကို လက်ထပ်ပေးပါ"

ညီမလေးစင်ဒီက ငိုယို၍ လက်အုပ်ချီ တောင်းပန်နေသည်။

နောင် ဘာဆက်လုပ်ရတော့မလဲ။

သူနဲ့မဒ္ဒူရီလက်မှတ်ရေးထိုးပြီးတာနှင့် ဇင်ယော်က နိုင်ငံခြားကို စိတ်ဒုံးဒုံးချ၍ ထွက်သွားတော့မည် ဖြစ်သည်။

ဇင်ယော့်လက်ထဲသို့ ... မဒ္ဒူရီအား ပြန်အပ်စေရန် သူ တွေဝေနေသည်။

"ညီမလေး ဘဝပျက်ပြီး သေသွားတာကို မြင်တွေ့ချင်နေတာလားကိုကို"

"စင်ဒီ ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နောင့်ရဲ့ တစ်ဦးတည်းသောညီမလေး စင်ဒီ … အမြဲတမ်းနောင် တန်ဖိုးထားခဲ့ရတဲ့ ညီမလေးပါ။

မျက်နှာပြင်လေးပေါ်မှာ မျက်ရည်တွေလိမ့်ကျနေတာ မမြင်ရက်။

"ကဲပါ ညီမလေးရယ်၊ မငိုပါနဲ့တော့ … မဒ္ဒူရီကို လက်ထပ်ပါ့မယ်"

"ကိုကိုရယ်"

စင်ဒီရင်ထဲမှာ ဆို့တက်နေတဲ့အပူလုံးကြီး ပြုတ်ကျသွားရကာ နှုတ်ခမ်းလေးပေါ်မှာ အပြုံးတွေ ထင်ဟပ်သွားရသည်။

ဇင်ယော်ကို စင်ဒီ ပိုင်ဆိုင်ရမှာဖြစ်မယ်။

သူမ ဘယ်လောက်အထိ အောက်ကျခံ ပေးဆပ်လာခဲ့ရလဲ။

"ကိုကို မနက်ဖြန်ပဲ လက်မှတ်ထိုးလိုက်ပါတော့နော်"

"အေးပါကွယ်"

ညီမလေးရဲ့အမြင့်ချင်ဆုံးဆန္ဒကိုလည်း နောင်ဖြည့်ဆည်းပေးချင်သည်။

သူ ဆုံးဖြတ်လိုက်၏။

မဒ္ဒူရီနဲ့လက်ထပ်မယ်။

ဇင်ယော် နိုင်ငံခြားကိုထွက်သွားဖို့ပဲ အရေးကြီးသည်။





သူနှင့်မဒ္ဒူရီ လက်ထပ်မယ့်အကြောင်း လူကြီးတွေကို အသိပေးလိုက်၏။

မဒ္ဒူရီရယ် …

မင်း ဘဝလေးတွေကို နစ်မွန်းစေချင်တဲ့ ဆန္ဒမရှိပါဘူး …

"စင်ဒီလေ ဇင်ယော့်ကို အသိပေးလိုက်တော့မယ်"

"အင်း"

"ဒါမှ စင်ဒီချစ်တဲ့ကိုကိုကွ … မဒ္ဒူရီက အရမ်းချောတာကိုး၊ တောသူမ ဖြစ်နေလို့လားဟင်"

ကိုကိုက ဘာမှဆက်မပြောတော့ဘဲ လှည့်ထွက်သွားသည်။

စင်ဒီနှုတ်ခမ်းလေးတွေ ရိုဝေစိုစွတ်နေတဲ့မျက်ဝန်းတွေနှင့် သူမအား ဆတ်ခနဲ လှည့်ကြည့်သည်။

"ဇင်ယော် … မနက်ဖြန်လေ ကိုကိုနဲ့မဒ္ဒူရီတို့ တရားရုံးမှာ လက်မှတ်ထိုးကြမယ်၊ မင်္ဂလာပွဲကတော့ နောက်နှစ်လလောက်မှ စီစဉ်မယ် ထင်တယ်"

"အင်း"

"မနက်ဖြန် ဇင်ယော်လိုက်ခဲ့ပါလားဟင်"

"ကိုယ် မနက်ဖြန်စောစောပဲ လေယာဉ်ကွင်းကို သွားရမယ် စင်ဒီ"



www.burmeseclassic.com

"ဟင် ... မြန်လိုက်တာ"

"ကိုယ် စီစဉ်ထားပြီးသားပဲလေ၊ ကိုနောင့်ကိုပြောပေးပါ"

"ဇင်ယော် ဖုန်းဆက်ပြောလိုက်လေ"

"ကိုယ်မပြောတော့ပါဘူး၊ ပစ္စည်းတွေထည့်ရမယ်"

"အမေရောဟင်"

"ပြန်သွားပြီ"

"စင်ဒီကိုတောင် နှုတ်ဆက်မသွားဘူး၊ ဇင်ယော့်ကို လိုက်မပို့တော့ဘူးလား"

"အမေ ကိုယ့်ကို မကျေမနပ်ဖြစ်နေတယ်"

အန်တီညို မကျေမနပ်ဖြစ်ရတာက စင်ဒီကြောင့်ပဲ ဖြစ်နိုင်သည်။

စင်ဒီ ပျော်သွားရ၏။

အန်တီညိုက စင်ဒီ့ကို ချွေးမတော်ချင်နေတာပါ။

"ယောက္ခမလောင်းကြီးကို ... စင်ဒီ ဂရုတစိုက် စောင့်ရှောက်ပေးထားမှာနော် စိတ်ချ ..."

"ကျေးဇူးပါ စင်ဒီရယ်"

ဇင်ယော့်ဘက်က အေးစက်နေလိုက်တာ။

စင်ဒီ အလွမ်းသယ်ချင်ပေမယ့် ဇင်ယော်က မလှုပ်။





မဉ္ဇူရီက မကြာခင်ပဲ ကိုကို့ ဇနီးဖြစ်တော့မယ်လေ။

"ကိုယ် လုပ်စရာကိစ္စလေးတွေ ရှိသေးတယ်စင်ဒီ ... ကိုယ် နိုင်ငံခြားကနေ မကြာခဏ ဖုန်းဆက်မှာပါ"

"စင်ဒီလည်း ဖုန်းဆက်မယ် ... ဇင်ယော့်ကို လွမ်းနေမိမှာ သိလား"

စင်ဒီ မျက်ရည်လေးဝဲဝဲနှင့် ဇင်ယော့်အား ကြည့်သည်။

ရှင့်မျက်ဝန်းတွေက စင်ဒီအပေါ် အာရုံစိုက်မှု လုံးဝမရှိပါလား ဇင်ယော်။

မဉ္ဇူရီကြောင့် မဟုတ်လား။

စင်ဒီ ပြန်လာခဲ့သည်။

"ကိုယ်တစ်ခါထဲ နှုတ်ဆက်တယ်နော် စင်ဒီ ... အန်ကယ်နဲ့ အန်တီ့ကိုလည်း နှုတ်ဆက်တယ်လို့ပြောပေးပါ"

"ဇင်ယော် ဖုန်းလေးနဲ့တောင် နှုတ်မဆက်နိုင်တော့ဘူးလား ဟင်"

"ကိုယ်အလုပ်များနေတယ်"

မဉ္ဇူရီ ဆွေမျိုးတော်ရမယ့်အသိုင်းအဝိုင်းတွေကို ဇင်ယော် လုံးဝ မပတ်သက်ချင်တော့။

မဉ္ဇူရီ နင်တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားပါတယ်။

မနက်ဖြန် ဆယ်နာရီမှာ လက်မှတ်ထိုးကြမယ်တဲ့ ...

ဇင်ယော် မခံစားနိုင် ...

မနက်အစောကြီးထဲကနေ လေယာဉ်ကွင်းသို့ ထွက်သွားမည် ဖြစ်သည်။

"တူလေးဇင်ယော် မင်းစိတ်ညစ်နေတာလားကွာ၊ မဥ္ဇူရီက မခံစားနိုင်ဘဲ မင်းတစ်ယောက်ထဲ ကြိမ်မိုတ်ခံစားနေရတာ မဖြစ်သင့်ဘူးထင်တယ်"

"ကျွန်တော်မခံစားနိုင်တော့ဘူးဗျာ၊ မဥ္ဇူရီကို မစွန့်လွှတ်နိုင်ဘူးဖြစ်နေတယ်၊ ကျွန်တော့်ကို နားလည်ပေးပါ လေးလေးနိုင်"

"အေးပါကွာ ... မင်း မနက်အစောကြီး ထွက်မှာမဟုတ်လား ... အနားယူတော့နော်"

"ဟုတ်ကဲ့ပါ"

လေးလေးနိုင် စိတ်ပူပြီးသတိပေးနေပေမယ့် ... ဇင်ယော် ဘယ်လိုမှ မေ့ပစ်လို့မရ။

ချစ်သူကိုစွန့်လွှတ်ဖို့အတွက် ဇင်ယော် ဘယ်လိုမှ သည်းမခံနိုင်ဖြစ်နေသည်။

စိတ်ထဲမှာ နာကျင်ကြေကွဲရလွန်း၍ ဘယ်တုန်းကမှ





မသောက်ဘူးတဲ့ အရက်တွေသောက်နေမိသည်။

"မဥ္ဇူရီ ငါတို့နှစ်ယောက် တကယ်ပဲဝေးကြရတော့မယ်၊ နင် ပျော်နေလား၊ ငိုနေလား"

သူ အရက်ကို မူးအောင်သောက်နေမိသည်။

မနက်ဖြန်ဆိုရင် ငယ်ချစ်ဦးကို အပြီးအပိုင်စွန့်လွှတ်ရတော့မည်ဖြစ်၏။

ဇင်ယော် မနေနိုင် ...

ထိန်းချုပ်ထားသည့်ကြားမှ မဥ္ဇူရီဆီ ဖုန်းဆက်မိသည်။

"မဥ္ဇူရီ ... နင် မနက်ဖြန် လက်ထပ်တော့မယ် မဟုတ်လား"

"ဇင်ယော် နင်ဘာဖြစ်နေတာလဲ ... အရက်တွေသောက်နေတာလားဟာ"

"အင်း ... ငါလေ တစ်ကြိမ်တစ်ခါမှမသောက်ဖူးတဲ့ အရက်တွေကို ဘာဖြစ်လို့သောက်နေရတာလဲလို့ မေးပါဦး"

ဇင်ယော့်အသံကြီးက အာလေးလျှာလေးကြီးနှင့် အရက်တွေ အလွန်အကျွံသောက်ထားပုံပင်။

မဥ္ဇူရီ ဘာဖြစ်လို့သောက်ရတာလဲဆိုတာ မမေးလိုတော့။ မဥ္ဇူရီ သိနေ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါနှုတ်ဆက်တယ် မဥ္ဇူရီ၊ မနက်အစောကြီး လေယာဉ်ကွင်း

ကို ဆင်းတော့မယ်လေ"

"နင်လည်း တကယ်ပဲထွက်သွားတော့မှာလား ဇင်ယော်"

"ငါမနေနိုင်လို့ပါ ... အရမ်းနာကျင်ကြေကွဲရလို့ပါ မဥ္ဇူ

ငါထိန်းချုပ်ထားလို့ကို မရဘူး၊ အရမ်းပေါက်ကွဲနေတယ်"

"ငါနင့်ကို ဒီလိုပုံစံမျိုးနဲ့ မမြင်မတွေ့ချင်ဘူးဇင်ယော်၊ ဒေ

က နင့်ဘဝအတွက် အသုံးမဝင်တဲ့အရာတစ်ခုပါ"

"နင် အရမ်းရက်စက်တယ် ... မဥ္ဇူရီ ... ငါကတော့

လောက် အသဲမမာဘူး ... ငါ နင့်ကိုရှဲ့ပြီး စင်ဒီကို လက်ထပ်

ဘူး ... ငါ့မှာ အဲဒီလောက် သတ္တိမရှိဘူး"

"ဇင်ယော်"

"နင့်ကိုချစ်တယ် ... ငါ ဒီညတစ်ညလုံး ပြောပိုင်ခွင့်ရှိတ

မဟုတ်လား မဥ္ဇူရီရယ် ... ငယ်ချစ်ဦးရယ်"

"နင့်ကိုငါမချစ်တော့ဘူး ငါ ဘာပဲဖြစ်ဖြစ် ကိုနောင့်အ

သစ္စာရှိရမယ်၊ သူဘာပဲဖြစ်ဖြစ် ငါခွင့်လွှတ်တယ် နောက်ထပ် ငါ့ဆီ

ဘယ်တော့မှဖုန်းမဆက်နဲ့တော့ ဇင်ယော်"

"မဥ္ဇူရီ ... နင် ... နင် ... မဥ္ဇူရီ"

မဥ္ဇူရီ ဖုန်းပိတ်ပစ်လိုက်တဲ့အပြင် ခတ်ခဲပါထုတ်ပြီး အိပ်





ပေါ်ပစ်တင်လိုက်သည်။

ဇင်ယော်ရယ် မဥ္ဇူရီလည်း မခံစားရပဲနေပါ့မလား။

ဒါပေမယ့် ...

ငါ့ဘဝနဲ့ငါပဲလေ။

ဇင်ယော့် အရက်တွေသောက်နေတာ မဥ္ဇူရီစိတ်ပူမိ၏။

စင်ဒီကို သွားပြောရမလား။

"နင် ... နင်ဘယ်တုန်းကများ အရက်တွေသောက်လို့လဲ

ဇင်ယော် အရူး"

မဥ္ဇူရီ ငိုပစ်သည်။

တသိမ့်သိမ့်ပဲ ရှိုက်ငိုပစ်မိသည်။

ရင်တွေ ကွဲအက်နေပြီ။

နင် ငါစိတ်ပူအောင် ဘာဖြစ်လို့လုပ်ရတာလဲ အရူးကောင်

ဇင်ယော်။ ယောကျ်ား မဟုတ်ဘူးလား။

မိန်းမတစ်ယောက်အတွက် နင့်အနာဂတ်ကို ဖျက်စီးပစ်

လိုက်မလို့လား။

"ဟင့် ... အဟင့် ... ဟင်း"

"မဥ္ဇူရီ ရူးတော့မယ်ထင်တယ် ဇင့်ယော်ရယ်၊ နင့်အနားကို

ငါပြေးလာပြီး နင့်ကို ကုတ်ဖွဲ့၊ ထုရိုက်ပစ်ချင်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ယော် အရမ်းမူးနေပြီလား။

လေးလေးနိုင်ဆီ ဖုန်းဆက်ပြီး အသိပေးချင်သည်။

"ဟင့်အင်း ... ငါဘယ်သူ့ကိုမှ အသိမပေးတော့ဘူး။ ငါ့မှ ... ဘာဆိုင်တော့လို့လဲ ... နင့်ဟာနင် ဦးနှောက်မရှိတဲ့အလုပ်ေ ... လုပ်ချင်သလောက်လုပ် ... မဥ္ဇူရီရဲ့တရားဝင်ခင်ပွန်းက ကိုနေ ... ဖြစ်တော့မယ်"

သူမတစ်ယောက်ထဲ ဆောက်တည်ရာမရအောင် နာကျ ... ပေါက်ကွဲနေရတာ အနားမှာရှိနေတဲ့အရာတွေကို ဆွဲယူပစ်ပေါက်ေ ... မိသည်။

"မဥ္ဇူရီ ... သမီး"

အမေက သူမအခန်းထဲဝင်လာသည်။

မဥ္ဇူရီ ဘာကိုမှ ဂရုမစိုက်ချင်တော့။

တသိမ့်သိမ့် ရှိုက်ငိုပစ်မိနေ၏။

အမေက သူမအနားကပ်ထိုင်သည်။

"ဟိုကောင်ဇင်ယော် ဖုန်းဆက်တယ်မဟုတ်လား"

"အမေသွားပါ မဥ္ဇူရီတစ်ယောက်ထဲ နေပါရစေနော်"

"မနက်ဖြန် သမီးလက်ထပ်ရတော့မယ်၊ တစ်ညလုံးငိုထား ... မဖြစ်ဘူးနော် မဥ္ဇူရီ ... မိဘတွေကို ဒုက္ခရောက်အောင်လုပ်မ ...





... ား"

"အမေရယ်"

သမီးခံစားနေရတာကို ... ဒေါ်ငွေသော် မကြည့်ရက်တော့ ... ခြားနည်းလမ်းတွေမှ ရွေးစရာမရှိတာ။

မိမိတို့ ပေးဆပ်ရမယ့် အကြွေးတွေ ပေးဆပ်နိုင်ခြင်း မရှိ ... တော့။

သူဌေးသား နောင်နောင်ကပင် လက်ထပ်တာ ကျေးဇူးတင် ... ဦးမည် ဖြစ်သည်။

"မဥ္ဇူရီ ညည်းအရူးထမနေစမ်းပါနဲ့၊ ဇင်ယော့်ကို ညည်းပဲ ... နဲ့လွှတ်လိုက်ပြီဆို"

"သမီး ခဏလေးပဲငိုပါရစေ ... တစ်ညလုံးမငိုပါဘူး အမေ၊ ... သမီးဘဝကို သမီးသိပါတယ်"

"အမေ မှားတာပါ၊ အမေပဲ ဂုဏ်တုဂုဏ်ပြိုင်တွေ လုပ်ခဲ့မိ ... တာပါ၊ အမေတောင်းပန်ပါတယ်၊ အမေ့မိသားစုတွေ အပူမီးတွေ ... ဆောက်လောင်စေဖို့ အမေပဲ ဖန်တီးခဲ့တာပါအေ"

အမေ မျက်ရည်တွေကျပြီး တောင်းပန်စကားတွေ ပြောနေ ... တာကို မဥ္ဇူရီ မကြည့်ရက်။

သူမ ပါးပြင်ပေါ်မှ မျက်ရည်တွေကို သုတ်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ထွက်သွားပါတော့၊ မဥ္ဇူရီ မငိုတော့ပါဘူး၊ ဇင်ယော်ကဲ့ မဥ္ဇူရီကိုယ်တိုင်က စွန့်လွှတ်ပစ်လိုက်တာပါ"

"တခြားနည်းလမ်းမှ ရွေးချယ်စရာမရှိတော့တာလေ၊ အမေလည်း နောင်တတွေရနေမိတယ်သမီးရယ် ... အခုချိန်မှာတော့ နောင်နောင့်ဘက်က အထင်လွဲစရာတွေ၊ အထင်သေးစရာတွေ မရှိအောင် သတိထားပါကွယ်"

အမေ့သမီးလေးကို သနားလိုက်တာဟု အမေရေရွတ်ရင်း ပြန်ထွက်သွားသည်။ ငယ်ချစ်ဦးရေ ...

ဇင်ယော်နှင့် ဝေးရပြီဆိုတဲ့ အသိက သူမ စိတ်တွေကို နောက်ကိုကြေကွဲ ရှုံးသွပ်မတတ် ခံစားနာကျင်ရသော်လည်း သူမ ပါးပြင်ပေါ် မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

အခန်း ( ၁၉ )

မဥ္ဇူရီက ...

အရမ်းလှပချောမော အိစက်လွန်းနေသည်။

နောင်နောင် မထိမတို့ရက် ပိန်ပိန်သွယ်သွယ်လေး ဖြစ်သွားပေမယ့် တင်းတင်းရင်းရင်း ပန်းပုရုပ်လေး ထုဆစ်ထားသလိုလို နောင်နောင် နာကျင်ရ၏။

မိန်းကလေးတစ်ယောက်ကို သူ ပထမဆုံး ချစ်မိသွားသည်။

"ကိုနောင်"

"မဥ္ဇူရီ"

"ဘာဖြစ်လို့လဲဟင် ... မဥ္ဇူရီကို လက်မထပ်ချင်တာလား၊ မချစ်နိုင်တာလား"

"မဥ္ဇူရီကိုချစ်ပါတယ်၊ ကိုနောင် အမှန်အတိုင်း ဝန်ခံရမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် မဥ္ဇူရီကို ပထမဆုံး ချစ်မိသွားတာပဲ”

“ကိုနောင့်မျက်နှာ ညှိုးနေသလိုပဲ၊ ဘာအခက်အခဲတွေရှိနေလဲ၊ မဥ္ဇူရီကို ပြောပြပါ၊ မဥ္ဇူရီ သတ္တိလည်း မကြောင်တတ်ပါဘူး နားလည်မှု ပေးနိုင်ပါတယ်”

“မဥ္ဇူရီ”

“ရှင်”

“ကိုယ့်ကို မင်းမချစ်ပါဘူး ... မင်းချစ်နေခဲ့တာက မင်းရဲ့ ငယ်ချစ်ဦးပဲ ထင်တယ်”

“ကိုနောင် ... ”

“မင်းမိဘတွေကြောင့် မဟုတ်လား ... ကိုယ့်ကိုပြောပါ မင်းနှလုံးသားတွေကို မင်းအဖေအတွက် ပေးဆပ်လိုက်တာလား”

“ကျွန်မတို့က မကြာခင် ဇနီးမောင်နှံတွေဖြစ်ကြတော့မှာလေ၊ ဘာဖြစ်လို့မဆိုင်တာတွေ သိချင်ရတာလဲ မဥ္ဇူရီဘက်က ဇနီးမယားကောင်း ပီသစေရမှာပါ”

ကိုနောင့်အကြည့်တွေက တစ်မျိုးပဲ။

စူးရှနက်ရှိုင်းလွန်းနေသလိုပင်။

မျက်ဝန်းတွေထဲမှာ ခပ်မှိုင်းမှိုင်းအရောင်တွေ လွှမ်းအုပ်ထားတာ။





မဥ္ဇူရီနှင့်ဇင်ယော်တို့ကို မသင်္ကာဖြစ်နေတာလား။

မဥ္ဇူရီကို မသဒ္ဒါနေတာလား။

“ကိုနောင်”

“ဟင်”

“လက်မှတ်ထိုးပွဲကို ရွှေ့ဆိုင်းချင်လို့လားဟင် ... ကိုနောင့်မျက်ဝန်းတွေက မကြည်လင်ဘူး၊ သံသယတွေရှိနေလို့လား”

“လက်မှတ်ထိုးပွဲကို မဖျက်ပါဘူး၊ ကိုယ်က မဥ္ဇူရီကို ပိုင်ဆိုင်ချင်တယ်၊ ကိုယ်အရင်က ဆိုးသွမ်းပေတေနေခဲ့တာတွေကို နောင်တရနေတယ်”

မင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ တစ်နေ့ထက်တစ်နေ့ ကိုယ်ပိုပြီး ကြောက်ရွံ့လာတယ်။

ကိုယ်ထင်တယ် ...

ကိုယ့်မိုက်ပစ်အတွက် အပြစ်ဒဏ်ခံရတာပဲ။

သူ့ရင်တွေ ပူနေသည်။

မိဘတွေကိုလည်း ပြောမပြရက်။

အပျော်လွန်ကြူးခဲ့တဲ့ အမှားတွေကြောင့် သူ့မှာ ရောဂါစွဲကပ်နေတာ ကြိတ်မှိတ်ခံစားနေရတာပင်။

နောင် စိတ်ပင်ပမ်းလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပိုင်ဆိုင်ခွင့်ရနေပါလျှက်နှင့် ဝေးရတော့မယ့်အဖြစ်တွေ ... ခံစားနိုင်ဖြစ်နေသည်။

"သားရေ ... အားလုံးအဆင်သင့်ဖြစ်ပြီလေ၊ သွားကြရအောင်ဝါ"

"ဟုတ်ကဲ့ မာမီ ... "

"ကိုကိုတို့ကလည်းလေ ဘာတွေ နှစ်ကိုယ်ကြား တွတ်ထိုးနေရတာလဲလို့ ... နှစ်ပေါင်းများစွာ အတူတူနေရတော့မယ့်ဟာ"

စင်ဒီကတော့ အပျော်ဆုံးဖြစ်နေသည်။

ဖင်ယော် ထွက်သွားပြီ။

စင်ဒီလည်းလိုက်သွားဖို့ စီစဉ်ထား၏။

မချုရီက ကိုကို့ဇနီး တရားဝင်ဖြစ်တော့မယ်။

"သမီးလေးမချုရီလည်း လာလေ ... ဟိုတယ်ကို သွားကြရအောင်"

ဦးကျော်ခေါင်က အနာကျင်ရဆုံးပင်။

ယောက်ျားချင်းမို့ နောင်နောင်က ဘယ်လိုကောင်မျိုးလဲဆိုတာ မိမိအသိဆုံးပါပဲ။

သမီးကိုရော ချစ်ရဲ့လား။

နောင်နောင့်ကိုကြည့်ရတာ စိတ်မပါသလိုပင်။





ဦးကျော်ခေါင် စိတ်ပူမိနေသည်။

အပြစ်မဲ့တဲ့သမီးလေး မိမိဇနီး ငွေသော့်အလိုဆန္ဒတွေကို — အလိုလိုက်အကြိုက်ဆောင်မိသည့် အပြစ်ပဲ။

သမီးလေးမချုရီက တန်ဆာခံပေးဆပ်နေရသည်။

"ကိုကျော်ခေါင် ရှင်ဘာလုပ်နေတာလဲ ... သွားမယ်လေ ရှင့်သမီးက သူ့ခွေးသားနဲ့သွားတာပါ၊ ဘာမှပူပင်မနေနဲ့"

မိမိကိုယ်တိုင်ရော ...

သမီးလေးအတွက် စိတ်အေးတယ် ထင်နေလား ကိုကျော်ခေါင် ...

ကျွန်မရင်တွေ မီးတောက်နေတာပါ ...

နောင်နောင့်လက်ထဲ ထိုးအပ်လိုက်ရုံပဲ ရှိတယ်လေ။

မတတ်နိုင်တော့ဘူး မဟုတ်လား ...

ဘယ်သူ့ဘယ်သူမှ အပြစ်တွေတင်မနေပါနဲ့တော့ရှင် ...

ဒေါ်ငွေသော်စိတ်ထဲကနေ ပြောမိနေသည်။

"ကဲ ... သွားကြစို့ ဧည့်သည်တွေရောက်နေကြရင် အားနာစရာကွယ်"

မိသားစုနှစ်ခုပေါင်းပြီး လက်မှတ်ရေးထိုးမည့်ဟိုတယ်သို့ ထွက်လာကြသည်။

www.burmeseclassic.com



မဉ္ဇူရီ ယောကျ်ားတစ်ယောက်ရဲ့ တရားဝင် ဇနီးမယားဖြစ်ဖို့ နာရီပိုင်းအလိုလေးမှာ ငယ်ချစ်ဦး ဇင်ယော်ကို နောက်ဆုံး သတိရ တမ်းတမိနေ၏။

မဉ္ဇူရီ အပျိုစင်ဘဝလေးမှာပါ နောက်ဆုံးသတိရ တမ်းတ ခွင့် ရှိသည်ဟုထင်သည်။

"ဇင်ယော်ရယ် ... နင်ကတော့ မဉ္ဇူရီရဲ့အဝေးဆုံးကို ထွက်သွားပြီမဟုတ်လား၊ နင့်ဘဝကို အောင်မြင်စေချင်တယ်ဟယ် စင်ဒီနဲ့လက်ထပ်ပါ။ နင့်ကိုချစ်တဲ့မိန်းကလေး ... "

ဇင်ယော့်အပေါ် စင်ဒီ ဘယ်လောက်အထိ ချစ်တယ်ဆိုတာ မဉ္ဇူရီသိနေသည်။

အရာရာပြည့်စုံနေတဲ့စင်ဒီက ဇင်ယော့်အတွက် ဇင်ယော့်ဆန္ဒအတိုင်း ပြုပြင်နေထိုင်ပြခဲ့၏။

ကောင်းပါတယ် ဇင်ယော် ...

ဒါက မဉ္ဇူရီ ရွေးချယ်ခဲ့တဲ့လမ်းပါ။

ကြမ်းကြမ်းနုနု ကောင်းကောင်းဆိုးဆိုး မဉ္ဇူရီဖြတ်သန်းရမယ်လေ။

နောက်ပြန် မကြည့်တော့ပါဘူး။

ကားတွေက လက်မှတ်ရေးထိုးပွဲကျင်းပမည့် ဟိုတယ်ဆီ





ဦးတည်၍ မောင်းနေသည်။

"ဟယ် ... ဟိုမှာ အန်ကယ်ဂျော်နဲ့အန်တီမိတို့ လေးလေးနိုင်လည်းပါတယ်၊ ဇင်ယော့်ကိုပို့ပြီး ပြန်လာကြတာထင်တယ်"

စင်ဒီ အော်ဟစ်ပြောဆိုလိုက်ရင်း နှုတ်ဆက်နေသည်။

မဉ္ဇူရီကတော့ မကြည့်တော့။

ငိုမိတော့မယ် ...

ရင်ဘတ်ထဲမှာ ဟာလာဟင်းလင်း ဖြစ်နေ၏။

နာကျင်ရသည်။

"အန်ကယ်ဂျော်၊ လေးလေးနိုင် လက်မှတ်ထိုးပွဲကို လာမယ်မဟုတ်လားဟင် ... ဇင်ယော် ထွက်သွားပြီလား"

"ထွက်သွားပြီ ... လေယာဉ်တက်မှပြန်လာကြတာပါ။ ဆက် လိုက်လာမယ်လေ အချိန်မီလို့တော်ပါသေးရဲ့"

"ဇင်ယော့်ကိုလွှမ်းလိုက်တာ လေးလေးနိုင်ရယ်"

"ဇင်ယော်ကလည်း စင်ဒီကို အမြန်ဆုံးလိုက်လာဖို့ မှာလိုက်ပါတယ်"

"တကယ်"

"တကယ်မှာလိုက်တာပါ"

ဦးနိုင် တမင်ပြောပစ်လိုက်တာပါ ... မငွေသော်ကြောင့်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိမိတူလေးကို နှိမ်ချင်တဲ့ဟာမကြီး။

ငါ့တူက သူ့ခြွေးသမီးလေးကို လက်ထပ်မှာ။

ဇင်ယော်က ဘယ်သူ့အကြောင်းမှ ပြောမနေတော့ဘဲ လေယာဉ်ပေါ် တက်သွားလေသည်။

"ကျွန်တော့်ရင်ထဲမှာ မဠျုရီပါလာပါတယ်၊ မဠျုရီပဲ"

ဇင်ယော် ... နောက်ဆုံးပြောသွားတဲ့ စကားပင်ဖြစ်သည်။

ဦးနိုင်ပင် စိတ်ထိခိုက်ကြေကွဲခဲ့ရ၏။

စိတ်မကောင်းပါဘူး ...

"သွားနှင့်မယ်နော်"

မဠျုရီ မျက်ရည်ကျချင်နေသည်။

နင်လည်း စင်ဒီကိုပဲ ရွေးချယ်လိုက်ပြီလား ဇင်ယော်။

နင်မှန်ပါတယ်လေ ...

မဠျုရီ လုံးဝ အပြစ်မတင်ပါဘူး။

နင့်ရင်ထဲမှာ မဠျုရီက ထာဝရကိန်းအောင်းနေမှာပါ။

ငါသိနေတယ်ဇင်ယော် ငါ့ရင်ထဲမှာလေ ဇင်ယော်ပဲထာဝရ ကိန်းအောင်းတည်ရှိနေမှာပါပဲလေ။

"မာမီ ... အား ... သား ... အရမ်းမောလာတယ်၊ ခေါင်း တွေမူးနေတယ်၊ အား ..."





"ဟင်"

မဠျုရီ ဘေးနားမှာကပ်ထိုင်နေတဲ့ ကိုနောင်က သူမအပေါ် ပြိုလဲကျလာကာ ကားက လမ်းဘေးမှာထိုးရပ်သွားသည်။

"သား ... သားနောင် ဘာဖြစ်တာလဲ၊ နေမကောင်းဘူး လား"

"အိမ်ပြန်မယ်မာမီ သား ... သား နေလို့မရတော့ဘူး၊ အရမ်း မောလာတယ် အား ... အမယ်လေး"

"ဆေးခန်းတစ်ခုခုကိုမောင်း"

မောင်းလာတဲ့ကားတွေက အားလုံးထိုးရပ်သွားကြသည်။

ကားပေါ်ကနေ ဝိုင်းအုံဆင်းလာကြသည်။

"ကိုရဂျော် ခင်ဗျားတို့ ဟိုတယ်ကိုသွားနှင့်ပါ၊ အစီအစဉ် ဖျက်သိမ်းကြောင်း ပြောလိုက်ပါတော့ဗျာ ... သားအခြေအနေက မကောင်းဘူးထင်တယ်"

"ဟုတ်ကဲ့ ... ဆေးရုံပဲသွားကြပါ၊ နောက်ပိုင်း စိတ်မပူပါနဲ့"

မဠျုရီလည်း ဘာတွေဖြစ်ကုန်ပြီမသိတော့။

ကိုနောင့်နောက်ကိုပဲ လူကြီးတွေနှင့်အတူလိုက်ခဲ့ရသည်။

"သား ... ကိုနောင် မင်းကဘာဖြစ်တာလဲ၊ သတိရရဲ့လား"

"ကိုကို ... ဘာဖြစ်တာလဲကိုကို"

"ကိုနောင် ... သတိရရဲ့လားဟင် ... မဠျုရီပါ ကိုနောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင့်နားထဲမှာ အသံတွေကဝေးသွားလိုက် ... နီးလာလိုက်နှင့် အသက်ရှူလို့မဝ။

မွန်းကြပ်နေသည်။

သူလုံးဝ မအိပ်တဲ့နေ့ ညတွေ များလွန်းလို့ထင်တယ် ... ရောဂါရှိနေပြီဆိုတာသိထဲက စိတ်ဓာတ်တွေကျနေရတာ။

မိဘအသိုင်းအဝိုင်းတွေနှင့်ရင်ဆိုင်ရမှာ ရှက်ကြောက်နေခဲ့၏။

ညီမလေးစင်ဒီအတွက် သူဖြည့်စွမ်းပေးနိုင်သလောက် ပေးခဲ့ပြီပဲ။

မဥ္ဇူရီဘဝလေးကိုလည်း အနှောင်အဖွဲ့ကင်းကင်း ဖြတ်သန်းစေချင်တဲ့ဆန္ဒတွေ ပြင်းပြနေခဲ့သည်။

"ကိုကို ..."

"သား ... နောင် ..."

"ကိုနောင် ... မျက်လုံးတွေဖွင့်ကြည့်ပါဦး ဥ္ဇူရီလေ"

သူ့ အသံတွေကိုကြားနေရသည်။

မိသားစုအသံတွေရော မဥ္ဇူရီ အသံလေးရောပဲ။

အသံတွေက ပီပီသသကြားနေရာက လေတိုးလျှက် ဝေ့ပါသွားရသည်။

"သား ... နောင် မာမီခေါ်နေတာ ကြားရဲ့လားကွယ်"





ကိုနောင်ကမလှုပ်တော့။

အသက်ကို မျှင်မျှင်လေးပဲရှူနေသည်။

ဆေးခန်းက အရေးပေါ်ဆေးကုသမှုတွေ ပြုလုပ်၏။

မဥ္ဇူရီ ကိုယ်တိုင်ပင် လေထဲမှာ လွင့်မျောနေသလိုလို စိတ်တွေထဲမှာ အသိတွေ ကင်းမဲ့ချင်နေသည်။

"လူနာက နှလုံးအားနည်းလွန်းနေတယ် ... စိတ်တော့ ခကောင်းပါဘူး၊ လူနာမှာ အိပ်(ဂ်ျ)အိုင်ဗွီရောဂါရှိနေတယ်၊ ကိုယ်ခံအားလည်းကျနေတယ် အအိပ်ပျက်၊ အစားပျက်လည်း ဖြစ်နေလို့ထင်တယ် မရတော့ဘူး"

"ရှင်"

"ဗျာ"

"ဘာပြောတယ်ဒေါက်တာ၊ သားမှာလေ ... သားမှာ"

ကိုနောင့်အမေ မူးလဲကျသွား၍ စင်ဒီကပွေ့ထားလိုက်ရသည်။

မဥ္ဇူရီကိုယ်တိုင် အဖြစ်အပျက်တွေအတွက် လက်ခံလို့မရအောင် ထူပူသွေးပျက်မတတ် ဖြစ်သွားရသည်။

"ဖြစ်မှဖြစ်ရလေသားရယ်၊ မင်းတစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေတာထင်တယ်၊ ချစ်စံအိမ်လေးထဲမှာ မင်းနေတာ နှစ်လလောက်တောင်ရှိပြီပဲ ... ဒက်ဒီ ပေါ့လျှော့ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင့်အား မဥ္ဖူရီ အထိတ်တလန့်နှင့်ကြည့်သည်။

မျှင်မျှင်လေး အသက်ရှူနေရာကနေ လုံးဝငြိမ်သက်သွားတော့၏။

သူမ အော်ဟစ်သံကြောင့် သက်ဆိုင်ရာဆရာဝန်တွေ ပြေးလာပြီး စစ်ဆေးကြသည်။

"လူနာ ကွယ်လွန်သွားပါပြီ"

"ရှင်"

"သားရယ်"

"ကိုကိုရေ ... ကိုကို ... မဖြစ်နိုင်တာပဲ စင်ဒီလက်မခံဘူး၊ စောစောကပဲ ကိုကိုအကောင်းကြီးပါ၊ မဥ္ဖူရီကို လက်မထပ်ချင်လို့ ကိုကိုငြိမ်နေတာလား"

မဥ္ဖူရီကတော့ ကြောက်လန့်တကြားနှင့် ... မေမေ့ကိုဖက်တွယ်ထားမိသည်။

စင်ဒီပြောသလိုပါပဲ စောစောကပဲအကောင်း မဥ္ဖူရီနှင့် လက်ထပ်ဖို့ ဟိုတယ်ကိုသွားနေကြတာလေ။

စင်ဒီ ပြောတဲ့အတိုင်း ကျွန်မကို လက်မထပ်ချင်လို့လား ကိုနောင်။

ရှင် နောက်နေတာလား။

မိသားစုတစ်ခုလုံး လက်မခံနိုင်တဲ့ ကိုနောင့်သေဆုံးခြင်းက





မှန်တကယ်ပဲ ဖြစ်နေသည်။

"အားလုံးလက်ခံလိုက်ကြပါတော့ကွာ ... သားနောင်က လောကကြီးထဲကနေ ထွက်ခွာသွားပါပြီ"

ကိုနောင့်ဒက်ဒီက ... ကြေကွဲစိတ်နှစ်သံကြီးနှင့်ပြောသည်။

ကိုနောင့်မာမီကလည်း သားကိုဖက်၍ ငိုကြွေးနေ၏။

စင်ဒီလည်း အတူတူပဲ။

မဥ္ဖူရီသာ မယုံနိုင်လောက်အောင်ပင် ရင်ထဲမှာ စို့နစ်ကျင်နေသည်။

"ကိုနောင်ရယ် ... မဥ္ဖူရီနဲ့လက်ထပ်ဖို့တွေဝေနေတာကြောင့်ပဲလားဟင် ... မဥ္ဖူရီဘဝကို မနှစ်ရက်လို့မဟုတ်လား၊ ကိုနောင်က မဥ္ဖူရီကို မချစ်ဘူးလို့ ထင်နေခဲ့တာပါ၊ အခုတော့ မဥ္ဖူရီကိုချစ်ကြောင်း သက်သေပြလိုက်တာလားဟင်"

အမေက မဥ္ဖူရီကိုတွဲ၍ အပြင်သို့ခေါ်ဆောင်လာခဲ့သည်။

ကံကြမ္မာတွေက ကြောက်စရာကောင်းလောက်အောင် ပြောင်းအလဲ မြန်ဆန်လွန်း၏။

ဘာတွေလဲ အမေကတော့ သမီးကံကောင်းတယ်အေ ... ကြင်လင်မယား မဖြစ်သေးလို့တဲ့။

အဖေက မင်း စကားကဘာလဲ မငွေသော် ... အတွက်ကြီးပြန်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဗွေးမိသားစု ကြားသွားပါဦးမယ်ဟု တိုးတိုးသတိပေးနေသည်။

"မဋ္ဌူရီ ... ကံကောင်းတာလား၊ ကံဆိုတာလားတောင်မသိ တော့ပါဘူး ကိုနောင်ရယ်၊ ကြောက်တယ် ... "

မဋ္ဌူရီဘဝက ပတ်ဝန်းကျင်မှာ ကဲ့ရဲ့ပြောဆိုစရာ ဖြစ်သွားမလားပဲ။

ပြီးတော့လေ ကိုနောင်နဲ့မဋ္ဌူရီတို့ ကင်းရှင်းကြပါ့မလားလို့တွေးပြီး သံသယတွေဝင်နေကြမှာပါ။

တကယ့်ကို လူသိရှင်ကြား ကိစ္စကြီးပါ။

လက်ထပ်စာချုပ်မှာ တရားဝင်လက်မှတ်ထိုးပြီး တစ်လအတွင်း လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပတော့မှာပါ။

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာနေသည်။

အခန်း ( ၂၀ )

မဋ္ဌူရီလည်း ငါးနှစ်ဆိုတဲ့အချိန်တွေကိုဖြတ်သန်းပြီး မိဘတွေကွယ်လွန်သွားသည်။

အတိတ်ကအဖြစ်အပျက်တွေကို မသိချင်တော့။

မဋ္ဌူရီတို့မိသားစုတွေ ... နယ်စပ်မြို့လေးတစ်မြို့မှာ ဖခတ်မြုပ်နေကြတာ ကြာပါပြီ။

ငယ်ချစ်ဦးခင်ယော်နှင့် အဝေးဆုံးမှာ ဘာသတင်းမှ မကြားရစေရန် ရှောင်တိမ်းနေထိုင်ခဲ့၏။

စင်ဒီရော မိသားစုဝင်တွေရော အတိတ်ကို မေ့ပစ်ထားသည်။

"မဋ္ဌူရီ"

"ဟင် ... မမချော"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မမချော ဈေးသွားဝယ်ဦးမယ် ... မဥ္စူရီ လိုက်ခဲ့ပါ။ အမြဲတမ်းတစ်ယောက်ထဲ အိမ်တွင်းပုန်းမနေပါနဲ့ မဥ္စူရီ"

မမချောနှင့် မဥ္စူရီတို့နှစ်ယောက်ထဲ ဈေးဆိုင်လေးဖွင့်၍ နယ်စပ်မြို့လေးမှာ နေထိုင်လာခဲ့ကြသည်။

"ငါးနှစ်လောက်ပဲဆို ... အတိတ်က တို့နဲ့အရမ်းဝေးနေပါပြီ မဥ္စူရီရယ် လာပါ၊ မမချောနဲ့ ဈေးဝယ်လိုက်ခဲ့"

"အင်း"

"ဘဝတစ်လျှောက်လုံး ... စိတ်သောကတွေနဲ့ပဲ ရစ်ပတ်လုံးထွေးမနေစမ်းပါနဲ့ ညီမလေးဘဝ ပြန်စသင့်ပါပြီ"

"မဥ္စူရီလည်းစဉ်းစားနေပါတယ် မဥ္စူရီသင်ထားတဲ့ ဒီဇိုင်းနဲ့ ပညာကို အသုံးချပြီး စီးပွားရေး ပြန်လုပ်မယ်လို့လေ"

"ကောင်းတယ်မဥ္စူရီ ... အရမ်းကောင်းတာပဲ"

မဥ္စူရီ ဒီလောက်အထိ တိမ်းရှောင်ပုန်းအောင်းပေးနေခဲ့ထား စင်ဒီတစ်ယောက် ကျေနပ်နိုင်မယ်ဟုထင်သည် ... ဇင်ယော်နှင့် လက်ထပ်ကြပြီးရောပေါ့ သူတို့က မိသားစုလေးတောင် ဖြစ်နေကြပြီ ဖြစ်သည်။

"ဇင်ယော့်ကို မဥ္စူရီ တစ်နေ့တစ်ရက်တစ်စက္ကန့်မှ မမေ့နိုင်သေးဘူးလေ၊ ဇင်ယော်တို့ဘယ်မှာလဲ နိုင်ငံခြားမှာထင်တယ်"





ဇင်ယော့်အကြောင်းတွေးမိတိုင်း မျက်ရည်တွေကစဲချင်နေသည်။

မဥ္စူရီ နှလုံးသားထဲကနေ ဘယ်လိုအကြောင်းနဲ့မှ ထုတ်ပယ် ပစ်လိုက်လို့ မရတဲ့အရာ။

"မဥ္စူရီ"

"ဟင်"

"သွားကြမယ်လေ"

မဥ္စူရီ မြို့ကြီးပြကြီးကို ရှောင်ဖယ်နေခဲ့တာ နှစ်တွေကြာပြီလေ။

ဇင်ယော် မြန်မာပြည်မှာ ရှိမနေဘူးဆိုတာ သိသိကြီးနဲ့ပါ။

ကိုနောင် တစ်လပြည့် ဆွမ်းကျွေးအပြီး မဥ္စူရီတို့ မိသားစု တိုင်ပင်၍ နယ်စပ်မြို့လေးကို ပြောင်းရွှေ့လာခဲ့ကြသည်။

"မဥ္စူရီ... တောင်းပန်ပါတယ် မဥ္စူရီနဲ့ကိုကိုတို့ လက်မထပ်ဖြစ်ဘူးဆိုတာ ဇင်ယော့်ကိုအသိမပေးပါနဲ့ စင်ဒီလေ ဇင်ယော့်ကို ချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ မဥ္စူရီကပဲ စွန့်လွှတ်ပေးပါနော်"

"ဇင်ယော်နဲ့မဥ္စူရီလည်း မထိုက်တန်တော့ပါဘူး၊ စင်ဒီ စိတ်မပူပါနဲ့ ကိုနောင်နဲ့လက်မထပ်ဖြစ်လည်း ဇင်ယော့်ကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



“ကျေးဇူးတင်လိုက်တာ မချူရီရယ်၊ ကျွန်မနဲ့ဇင်ယော်တို့ အမြန်ဆုံးလက်ထပ်မယ်၊ နိုင်ငံခြားမှာပဲ အပြီးအပိုင်နေကြမယ်၊ စင်ဒီ တစ်ယောက်ထဲဇင်ယော်ကို အပိုင်သိမ်းထားတော့မယ်လေ”

စင်ဒီကတောင်းဆိုခဲ့သည်။

မချူရီကလည်း ဇင်ယော်ကို စွန့်လွှတ်ပြီးသားပါ။

သူမဘဝက မတင့်တယ်တော့။

ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမဲ့လွန်းနေသည်။

အတင်းအဖျင်းတွေ ပြောခံခဲ့ရ၏။

မချူရီမှာ အိပ်(ဂ်)အိုင်ဗွီပိုး ကူးစက်ခံစားရပြီ ဟူ၍ဖြစ်သည်။

“မချူရီ ဘာတွေစဉ်းစားနေတာလဲ၊ အတိတ်ကအကြောင်းတွေ မစဉ်းစားတာအကောင်းဆုံးပဲ မေ့ပစ်လိုက်”

“မချူရီလေ ဒါကြောင့် အပြင်ကိုမထွက်ချင်တာပါ၊ ဇင်ယော်ကို ဘာဖြစ်လို့မေ့ပစ်လို့မရတာလဲ၊ မချူရီ မကျေနပ်ဆုံးပဲ”

“ဒါကတော့ ငယ်ချစ်ဦးတွေဖြစ်လို့ထင်တယ်၊ ညီမလေးရယ် နှစ်တွေကြာပါပြီ”

ဇင်ယော်ကရော မချူရီကို မေ့ပစ်လိုက်နိုင်လားဆိုတာလည်း တစ်ခါတစ်ရံမှာ မချူရီ သိချင်တဲ့ဆန္ဒတွေ ပြင်းပြနေခဲ့သည်။

“ဟုတ်ပါတယ်လေ မေ့ပစ်လိုက်တာပဲကောင်းတယ်၊ သူတို့





ကလေးတွေတောင် ရနေပြီပေါ့လေ”

မချူရီကတော့ အသက်နှင့်ခန္ဓာမြဲနေသရွေ့ပဲ ဇင်ယော့်ကို သတိရ တမ်းတလွမ်းဆွတ်နေမည် ဖြစ်သည်။

နှစ်ယောက်သား ပေါင်းဖက်နိုင်ခွင့် လုံးဝ မရှိတော့တာတောင် သူမက မျှော်လင့်စောင့်စားနေဆဲ ဖြစ်၏။

မျက်ရည်တွေက ကျချင်သည်။

စိတ်တွေကို ဖျောက်ဖျက်၍ ဈေးဝယ်ဖို့ပဲ စိတ်ကိုနှစ်ထားလိုက်၏။

ရင်တွေနွေးထွေး လှိုက်ခါနေဆဲပင်။

“ကျွန်မပြန်ချင်ပြီ မမချောရယ်၊ စိတ်ထဲမှာ ငိုချင်လာတယ်၊ ဘာဖြစ်လို့မှန်း မသိဘူး၊ စိတ်တွေမလုံခြုံတော့ဘူး”

“အပြင်ကို မထွက်တာကြာလို့ပါမချူရီရယ်၊ ဘာစိတ်မလုံစရာရှိလဲ”

မချူရီ ဘယ်လိုမှ ဆက်ပြီးဈေးဝယ်လို့မရတော့။

လူအုပ်ကြားထဲမှအတင်းတိုးထွက်ပြီး ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်မှ စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားရ၏။

မမချောကတော့ မချူရီ စိတ်တွေ မရင့်ကျက်သေးတာတဲ့။

မချူရီကတော့ အေးစက်တဲ့နှလုံးသားတွေ ပူနွေးလာတာကို တုန်တုန်လှုပ်လှုပ်ကြီးဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဥ္ဇူရီ ညည်းလေး စိတ်ငြိမ်ငြိမ်ထားပြီး အနားယူနေနော်၊ မမအပြင်ခဏ ထွက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

မဥ္ဇူရီမှာလည်း မမချောရှိနေလို့လဲ ... အထီးကျန်စွာ စိတ်ဓာတ်အင်အားတွေ ကျဆင်းနေတတ်သည်။

ခင်ယော်ရယ် ...

နင့်ကိုမဥ္ဇူရီ ဘယ်လိုမှမေ့ပစ်လို့မရဘူး။

အရမ်းလွမ်းတယ်ဟာ။

ရူးချင်တယ် ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ရှိလား"

"ဟင်"

အပြင်မှ အသံကြားရသည်။

ခင်ယော့်အသံနှင့် တူလိုက်တာ။

ဒုက္ခပါပဲ ...

မဥ္ဇူရီ ရူးချင်နေပြီထင်တယ် ...

ခင်ယော်က ဘယ်လိုလုပ်ပြီး ရောက်လာနိုင်မလဲ။

ခင်ယော်က နိုင်ငံခြားမှာပါ။

"အိမ်ရှင်တို့ ... ညှို့သည်ရောက်လာနေတယ်"

"ဟင်"





မမချောလည်း မရှိဘူး။

မဥ္ဇူရီ အိပ်ခန်းလေးထဲကနေ ထွက်လာခဲ့ရသည်။

ဘယ်ကညှို့သည်လည်း တစ်ကြိမ်တစ်ခါမှ ညှို့သည်ဆိုတာ လာရောက်ခြင်းမရှိခဲ့။

ဈေးဆိုင်လည်း ပိတ်ထား၏။

မဥ္ဇူရီ အပြင်ရောက်လာသည်။

"မဥ္ဇူရီ"

"ဟင် ... ခင် ... ခင်ယော် နင် ... နင် ခင်ယော်လား"

"ဟုတ်တယ် ... မဥ္ဇူရီ ... "

"နင် ... နင် ... ဘယ်ကနေရောက်လာတာလဲ၊ ဒီနေရာကို နင်ဘယ်လိုလုပ်ပြီး သိနေလဲ"

"ညှို့သည်ကို မထိုင်ခိုင်းတော့ဘူးလား မဥ္ဇူရီ"

"ဟင် ... အင်း ... ထိုင်"

ခင်ယော် ဟုတ်ရဲ့လား။

နည်းနည်း ဝနေသည်။

လူကြီးတစ်ယောက် ဖြစ်နေ၏။

ခင်ယော်လည်း မဥ္ဇူရီပဲ ကယောင်ကတမ်းတွေ ထင်ယောင်ထင်မှား ဖြစ်နေလို့လား။



www.burmeseclassic.com

www.burmeseclassic.com



"မဥ္ဇူရီ"

"ဟင်"

"ငါပါ ဇင်ယော်ပါ။ နင် ဒီမြို့လေးမှာရှိတယ်ဆိုလို့ ငါလာခဲ့တာပါ။ နင့်ကို မထင်မှတ်ဘဲဈေးဝယ်နေတာတွေ့လို့ နောက်ကနေ လိုက်လာတာလေ"

"ဇင်ယော်ရယ်"

မဥ္ဇူရီက တမ်းတလွမ်းဆွတ်နေရတဲ့ ငယ်ချစ်ဦးဇင်ယော့်ကို မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် မဥ္ဇူရီ အသိတွေပင် ကင်းမဲ့ချင်သည်။

ပျော်လည်းပျော်သွားတယ်။

ငိုလည်း ငိုချင်တယ်။

ဇင်ယော့် ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားပစ်ချင်သည်။

"စင်ဒီရော ... နင့်မိန်းမ စင်ဒီလေ၊ နင် ... နင်တို့ ကလေးတွေရော ရနေကြပြီထင်တယ်"

ဇင်ယော့်အကြည့်တွေက မဥ္ဇူရီထံသို့ စူးခနဲ ကျရောက်လာသည်။

နင် ဘာဖြေမလဲ ...

နင် ပြောမယ့်စကားတွေကို ငါလေ သိသိကြီးနဲ့ ကြောက်နေ





တယ်။

ငါ မဟုတ်တာတွေ ဘာဖြစ်လို့ကြားချင်နေခဲ့ရတာလဲ။

နင်နဲ့စင်ဒီ လက်မထပ်ဖြစ်ဘူးတို့ စင်ဒီ ကွယ်လွန်သွားပြီ ဆိုတဲ့ စကားတွေလေ။

"မဥ္ဇူရီ"

"ဟင်"

"ငါနဲ့စင်ဒီတို့ လက်မထပ်ဖြစ်ခဲ့ဘူး"

"ဘာပြောတယ် စင်ဒီက နင့်ကို အရမ်းချစ်တာလေ နင်ငြင်းတာလား၊ အရူးပဲ ... မဥ္ဇူရီကို လာနောက်မနေနဲ့နော် ဇင်ယော်"

"နင့်ကိုငါ ဘယ်တုန်းကများ နောက်ဖူးလို့လဲ မဥ္ဇူရီရယ်၊ ငါအတည်ပြောတာပါ ... ငါအစောကြီးထဲက ဘယ်သူမှမသိနိုင်တဲ့ နေရာတစ်ခုကို သွားခဲ့တာပါ၊ ငါ့မွေးစားမိဘတွေရော၊ ငါ့အမေနဲ့ လေးလေးနိုင်ရော"

"ဇင်ယော် နင် ... နင် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

"မဥ္ဇူရီကလွဲပြီး ဘယ်သူမှမချစ်နိုင်လို့လေ"

သူ့ပတ်ဝန်းကျင်အသိုင်းအဝန်းက လူတွေနှင့်မတွေ့ဆုံဘဲနေခဲ့သည်။

အမေဆုံးသွားတာပင် မသိခဲ့။

စင်ဒီကို ဘယ်လိုအကြောင်းနှင့်မှ လက်မထပ်နိုင်တာ သူ



www.burmeseclassic.com

www.burmeseclassic.com



အသိဆုံးပင်။

လေးလေးနိုင်နှင့်ပင် လွန်ခဲ့တဲ့သုံးနှစ်လောက်မှ သူပြန်ဆက်သွယ်ခဲ့သည်။

"စင်ဒီ အိမ်ထောင်ကျသွားပြီ၊ အမေရိကားမှာပဲနေတယ်၊ တိုယ်ကတော့ တစ်ယောက်ထဲပဲလေ ... အခုလေးလေးနိုင်နေမကောင်းဘူး ဖုန်းဆက်လို့ ငါပြန်လာခဲ့တာပါ၊ ရန်ကုန်ရောက်မှ နင့်အကြောင်းတွေသိရတယ်၊ လေးလေးနိုင်က နင်နေတဲ့လိပ်စာကို စုံစမ်းပြီး လွှတ်လိုက်တာပါ မဥ္ဇူရီ"

မဥ္ဇူရီကတော့ ဘယ်လိုမှ ထင်မှတ်မထားလောက်အောင် အဖြစ်အပျက်တွေက ပြောင်းလဲသွားခဲ့ရသည်။

အိပ်မက်ပမာပဲ ခင်ယော်က ငယ်ရုပ် အနည်းငယ်ပြောင်းလဲသွားတာပဲရှိ၏။

သူမ မျက်ဝန်းအကြည့်တွေက ကြောင်စီစီလေးဖြစ်နေသည်။

"တို့နှစ်ယောက်က ငယ်စဉ်လေးထဲက ဘယ်လို ... ကြောင်းနဲ့မှ မခွဲခွာပါရစေနဲ့လို့ သစ္စာဆိုထားကြတာလေ"

"ဟင် ... ခင်ယော် ဘာတွေလဲ၊ နင် ဘာတွေလာပြောနေတာလဲ၊ မဖြစ်နိုင်တော့ဘူးထင်တယ်၊ ငါ ... ငါက ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ထားတယ်"

"နင်တို့ ... လက်မှတ်ထိုးဖို့သွားတဲ့အချိန်မှာပဲ ... နင်





ဘယ်ယောကျ်ားနဲ့ပဲ လက်ထပ်ထားပါစေ နင်အခု လူလွတ်လေ"

"မဥ္ဇူရီကတော့ ... ခင်ယော့်ကို လက်မခံနိုင်တော့ဘူး၊ မိတ်ဆွေသူငယ်ချင်းအဖြစ်တော့ ငါလက်ခံနိုင်ပါတယ်"

မဥ္ဇူရီကတော့ ခင်ယော့်ကို ချစ်သူအဖြစ်လက်မခံနိုင်ပေ။

သူမစိတ်က ခုထိမလုံမလဲဖြစ်နေရသည် ထင်သည်။

သူမ ငြင်းဆန်နေပေမယ့် ခင်ယော်ကတော့ မဥ္ဇူရီကို လက်ထပ်ဖို့ပဲ တောင်းဆိုနေသည်။

"ငယ်ချစ်ဦးရယ် ... ကိုယ်ရှုံးရတော့မယ် ... မဥ္ဇူရီကို ငါဘယ်တော့မှ မစွန့်လွှတ်ဘူး ... တို့နှစ်ယောက်ကို တားဆီးဟန့်တားမယ့် သူတွေလည်းမရှိတော့ဘူး"

"မဖြစ်နိုင်ပါဘူးခင်ယော်ရယ်၊ တို့တွေ မိတ်ဆွေတွေအဖြစ်ပဲနေကြရအောင်ပါ"

"မဥ္ဇူရီ"

"အို"

ခင်ယော် ဘာမှတွေဝေမနေတော့ဘဲ မဥ္ဇူရီအနား တိုးကပ်ကာ မဥ္ဇူရီခန္ဓာကိုယ်လေး ပွေ့ဖက်ထားလိုက်သည်။

"ခင်ယော် ... ဘာလုပ်တာလဲ လွှတ်ပါ၊ မမချောရောက်လာတော့မယ် ... ငါရှက်တယ်"

www.burmeseclassic.com



"မမချောနဲ့ကိုယ်တွေ့ခဲ့ပြီးပြီ၊ သူကလွှတ်လိုက်တာလေ၊ မမချောက မင်းနဲ့အဆင်မပြေမချင်း ပြန်လာမှာမဟုတ်ဘူး"

"ဟင်"

"ကိုယ်တို့အရွယ်တွေရလာပြီပဲ မဥ္ဇူရီရယ်၊ ထပ်ပြီး အဝေးမခံနိုင်လို့ပါ၊ ကိုယ်တို့ အတူတူနေကြမယ်၊ မိသားစုဘဝလေးကို တည်ဆောက်ကြရအောင်ပါ"

"ဇင်ယော် … ဟို … ဟိုလေ အမယ်လေး … နင်ကလည်းဟာ လွှတ်ပါ"

"မဥ္ဇူရီတို့နှစ်ယောက်လုံး အမြဲတမ်း … သတိရလွမ်းမောတမ်းတနေကြတာပါ၊ ဖူးစာရှင်အစစ်အမှန်တွေမို့ ပြန်ဆုံကြရတာပါ၊ တွေဝေမနေပါနဲ့တော့"

မဥ္ဇူရီ ဘယ်လိုမှ ငြင်းဆန်နိုင်ခြင်းမရှိတော့ပါဘူး။

မဥ္ဇူရီလည်း ငယ်ချစ်ဦးဇင်ယော်ကို စက္ကန့်မလပ် သတိရတမ်းတနေရတာယ်။

ဇင်ယော့်ရင်ခွင်ထဲမှာ သူမ ဆက်လက်ရှုန်းကန် ဖယ်ရှားခြင်း မပြုတော့ဘဲ တိုးဝင်ငြိမ်သက်နေမိသည်။

ရှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com